ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်။ Established in 1957

**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှု ပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသော အခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့ မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မဂ်ဖိုလ်အကျိုးကိုရနိုင်၏။ ထိုသို့ပြုနိုင်ခြင်းကို မြတ်စွာ ဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝင်(ဓမ္မပဒ-၁၇၂)

၁၃၈၂ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၇ ရက်၊ အင်္ဂါနေ့။ Tuesday, 5 January 2021 ၁၀၂၄၈

# ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနား ကျင်းပ



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ကမ္ဘောဇဘဏ်လီမိတက် နာယက ဝဏ္ဏကျော်ထင်၊ စည်သူဦးအောင်ကိုဝင်းအား ၂၀၂၀ ပြည့်နှစ်တွင် ချီးမြှင့်အပ်နှင်းခဲ့သော ပြည်ထောင်စု စည်သူသင်္ဂဟဘွဲ့ဖြစ်သည့် သရေစည်သူဘွဲ့ ပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် ဇန်နဝါရီ ၄**

ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ အိမ်တော် သဘင်ဆောင်၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် တက်ရောက်မိန့်ခွန်း ပြောကြားပြီး ဂုဏ်ထူး ဆောင်ဘွဲ့များ ပေးအပ်ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတများဖြစ်ကြသည့် ဦးမြင့်ဆွေနှင့် ဦးဟင်နရီဗန်ထီးယူ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဂုဏ်ထူးဆောင်ဘွဲ့ ရရှိကြသူများ နှင့် ၎င်းတို့၏ မိသားစုဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က မိန့်ခွန်းပြောကြားသည်။

**(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ မိန့်ခွန်းကို စာမျက်နှာ ၃ တွင် ဖော်ပြထားပါသည်။)**

ထို့နောက် နိုင်ငံတော်သမ္မတက ၂၀၂၀ ပြည့်နှစ်တွင် ချီးမြှင့်အပ်နှင်းခဲ့သော ပြည်ထောင်စုစည်သူသင်္ဂဟဘွဲ့ ဖြစ်သည့် သရေစည်သူဘွဲ့ရရှိသူ ကမ္ဘောဇဘဏ်လီမိတက် နာယက ဝဏ္ဏကျော်ထင်၊ စည်သူဦးအောင်ကိုဝင်း ကို လည်းကောင်း၊ ၂၀၂၀ ပြည့်နှစ်တွင် ချီးမြှင့်အပ်နှင်းခဲ့သော တပ်မတော်ဆိုင်ရာ စွမ်းရည်သတ္တိဘွဲ့ဖြစ်သည့် သီဟသူရ ဘွဲ့ရရှိသူ အမှတ် (၅၆၄) ခြေမြန်တပ်ရင်းမှ ဒုတိယဗိုလ်မှူး ကြီးအေးမင်းအောင် ကိုလည်းကောင်း၊ သူရဘွဲ့ရရှိကြသည့် အမှတ်(၅၆၄) ခြေမြန်တပ်ရင်းမှ ဗိုလ်မှူးရန်နိုင်ဦး၊ စစ်တက္ကသိုလ်မှ ဗိုလ်ကြီးဇော်ဦးလွင်နှင့် အမှတ်(၅၆၄) ခြေမြန်တပ်ရင်းမှ ဒုတိယအရာခံဗိုလ်ထွန်းဝေ(ကျဆုံး) ကိုယ်စား ဇနီး ဒေါ်အသန်း ကိုလည်းကောင်း၊ ၂၀၂၀ ပြည့်နှစ် တွင် ချီးမြှင့်အပ်နှင်းခဲ့သော စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူး ဆောင်ဘွဲ့ဖြစ်သည့် ဇေယျကျော်ထင်ဘွဲ့ ရရှိကြသော ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံ၊ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းအောင်၊ **စာမျက်နှာ ၄ ကော်လံ ၁ သို့ ✻**

## ကြေးမုံ ယနေ့ ဖတ်စရာ

**သရေစည်သူဘွဲ့ဟာဆိုရင် မြန်မာနိုင်ငံမှာ အရပ်ဘက် ဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်များအနက် ပထမဦးဆုံး ချီးမြှင့်ခံရတာဖြစ်ပြီး အမြင့်ဆုံး ပေးအပ်ချီးမြှင့်ခဲ့တဲ့ ဂုဏ်ထူးဆောင်ဘွဲ့ ဖြစ်ပါတယ်** စာမျက်နှာ » ၇

**အင်းစိန်ရထားလမ်း ခုံးကျော်တံတား အမှတ်(၂) (မင်းကြီးလမ်းလက်တက်တံတား) ဖွင့်လှစ်** စာမျက်နှာ » ၉

**စင်ကာပူ၌ ၂၀၂၀ ပြည့်နှစ်တွင် စီးပွားရေးကျဆင်းမှု စံချိန်တင် ဖြစ်ပေါ်** စာမျက်နှာ » ၁၂

**ပြည်တွင်းတည်ငြိမ်အေးချမ်းမှုကို ကြိုးပမ်းဆောင်ရွက်သွားရမည့် အချိန်တန်ပြီ** စာမျက်နှာ » ၁၅



ကြေးမုံ

## စုပေါင်းအင်အားဖြင့် အောင်မြင်မှုရယူ

မျက်မှောက်ကာလတွင် စုပေါင်းအင်အားသည်သာ စွမ်းအားဖြစ်ကြောင်း စိန်ခေါ်မှုများအား ကျော်လွှားနိုင်မှုများဖြင့် သက်သေပြနိုင်ခဲ့သည်။ ဤကျော်လွှားနိုင်မှုများသည် လူမှုဘဝစိန်ခေါ်မှုတို့သာ ဖြစ်သည်။ တိုင်းပြည် ဖွံ့ဖြိုးကြီးပွားတိုးတက်ရေးအတွက် စုပေါင်းအင်အားများမှာ ယခုအခါ လိုအပ်လျက်ရှိသည်။ မျက်မှောက်ကာလ၌ ဝေးလံသောဒေသများသို့ ခရီးသွားသောအခါ လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့ကောင်းမွန်နေပြီ။ အချို့ဝေးလံဒေသများ၌ လျှပ်စစ်မီးများ ရရှိနေသည်။

ယင်းတို့သည် နိုင်ငံတော်အစိုးရက ဝေးလံဒေသများမကျန် ဆောင်ရွက်ပေးခဲ့၍ဖြစ်သည်။ သို့သော်ဝေးလံဒေသပြည်သူများ၏ လူမှုစီးပွားဘဝများမှာ ရှေးကာလမှ ယနေ့အထိတိုင် တိုးတက်မှုအလှမ်းဝေးနေသေးသည်။ အကြောင်းမှာ စုပေါင်းအင်အားကို မတည်ဆောက်နိုင်သောကြောင့်ဟု ဆိုချင်သည်။ သွေးကွဲပါက စုပေါင်းအင်အားကို တည်ဆောက်နိုင်မည် မဟုတ်ပေ။ ပြန်လည်ကုစားနိုင်ရန်မှာလည်း အလွန်တရာခက်ခဲလှသည်။ သွေးခွဲမှု၊ သွေးကွဲမှုသည် တစ်ကြိမ်တစ်ရံသာဖြစ်သော်လည်း မယုံကြည်မှု၊ အမြင်မကြည်လင်မှုများသည် မျိုးဆက်အဆက်ဆက်အထိ စိမ့်ဝင်နိုင်သည်။ ထို့ကြောင့် အသိုက်အမြုံများအား နာလန်မထူနိုင်လောက်အောင် ထိခိုက်ခံစားနိုင်သည့် ကြံစည်ပြုမူပြောဆိုလုပ်ကိုင်မှုများကို သတိချပ်ရမည် ဖြစ်သည်။

မြန်မာနိုင်ငံသည် လွတ်လပ်ရေးရပြီးချိန်မှစ၍ တိုင်းရင်းသားညီအစ်ကိုမောင်နှမအချင်းချင်းကြား စိတ်ဝမ်းကွဲပြားမှုများ၊ မယုံကြည်မှုများ၊ သံသယများ၊ အယူအဆကွဲပြားမှုများ၊ အုပ်စုစွဲများကြောင့် ခါးသီးမှုများကို ကြုံတွေ့ခဲ့ရပြီး လက်နက်ကိုင်ပဋိပက္ခများကြားမှ တိုင်းရင်းသားပြည်သူများ ဒုက္ခဆင်းရဲများမှ လွတ်မြောက်မည့်နေ့ရက်ကို မျှော်လင့်နေကြသည်။ အချို့တိုင်းရင်းသားပြည်သူများမှာ တိုက်ပွဲရှောင်ဘဝများဖြင့် မိသားစုအသိုက်အမြုံများ နစ်မွန်းလျက်ရှိသည်။ နှစ်ပေါင်းများစွာ ဖြစ်ပွားခဲ့သော လက်နက်ကိုင် ပဋိပက္ခများကြောင့် ဒေသခံတိုင်းရင်းသားများမှာ ပြင်ပကမ္ဘာနှင့် အဆက်ပြတ်ခဲ့ပြီး လူမှုစီးပွားဘဝမြင့်မားရေးကို ဖန်တီးနိုင်စွမ်းမရှိဘဲ ကမ္ဘာ့အလယ်တွင် မျက်နှာငယ်ကာ ဖွံ့ဖြိုးမှုနောက်ကျလျက်ရှိသည်။

လွတ်လပ်ရေးရပြီးနောက် မြန်မာနိုင်ငံ၏အနာဂတ်ကို ကြိုတင်မြော်မြင်၍ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်နေ့ ပင်လုံမြို့ စော်ဘွားများထမင်းစားပွဲတွင် "တစ်တိုင်းပြည်လုံး ကြီးပွားစေချင်ရင် လူအား၊ ငွေအား၊ ပစ္စည်းအားနဲ့ စုပေါင်းပြီး အင်တိုက်အားတိုက်လုပ်နိုင်မှ အကျိုးခံစားခွင့် ရှိကြမှာပဲ။ ဗမာက တစ်မျိုး၊ ကရင်က တစ်ဖုံ၊ ရှမ်း၊ ကချင်၊ ချင်းတို့က တခြား၊ အကွဲကွဲ အပြားပြား လုပ်နေကြရင် အကျိုးရှိမှာ မဟုတ်ဘူး။ စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်။ လုပ်ကြည့်မှလည်း အကျိုးရှိကြောင်း သိနိုင်တယ်" သတိပေးစကားပြောကြားခဲ့သည်။

အမျိုးသားခေါင်းဆောင်ကြီး ကြိုတင်မြော်တွေးသကဲ့သို့ လွတ်လပ်ရေးရပြီးသောအခါ တိုင်းရင်းသားပြည်သူများ တကွဲတပြားဖြင့် စုပေါင်းအင်အားကို မတည်ဆောက်ကြသောကြောင့် ဝေးလံသောဒေသများတွင် ဖွံ့ဖြိုးမှုနှင့် အလှမ်းဝေးနေသည်ကို တွေ့ရမည်ဖြစ်သည်။ တိုင်းရင်းသားပြည်သူအားလုံး လိုလားတောင့်တသည့် ပြည်တွင်းငြိမ်းချမ်းရေး ခိုင်မာအောင်တည်ဆောက်ကာ မြန်မာနိုင်ငံ တစ်နိုင်ငံလုံး ဝေးလံခေါင်ဖျား နယ်စပ်များပါမကျန် ငြိမ်းချမ်း သာယာဝပြောအောင်၊ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာအောင် စုပေါင်းအင်အားဖြင့် ကြိုးပမ်းတည်ဆောက်ကြရမည် ဖြစ်သည်။

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံ၊ ဘာသာစကားပေါင်းစုံ၊ စာပေယဉ်ကျေးမှုဓလေ့ပေါင်းစုံ၊ ကိုးကွယ်ယုံကြည်မှုပေါင်းစုံတို့ဖြင့် ဖွဲ့စည်းတည်ဆောက်ထားသည့် ပြည်ထောင်စုကြီးဖြစ်သည်။ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး လူမှုဆက်ဆံရေး တရားမျှတမှု၊ အဆင့်အတန်းညီမျှမှု၊ အခွင့်အလမ်းတူမျှမှု၊ တရားဥပဒေအရာတွင် မကွဲပြား မခွဲခြားဘဲ တန်းတူရည်တူရှိမှုတို့သည် လွန်စွာအရေးကြီးပါသည်။ ပြည်ထောင်စုကြီးတွင် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းအောင် ကြိုးပမ်းအားထုတ်ခြင်းနှင့်အတူ ဒီမိုကရေစီ၏ အနှစ်သာရများဖြစ်သော တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းတည်းဟူသော လောကပါလတရားများကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံး အပြည့်အဝရရှိစေရန် ကြိုးပမ်းဆောင်ရွက်ရမည် ဖြစ်သည်။

သို့ဖြစ်ရာ တိုင်းပြည်နှင့်လူမျိုး တစ်နိုင်ငံလုံး တန်းတူညီမျှအတူတကွ တိုးတက်လာရေးကို မြော်တွေး၍ နှစ်ပေါင်းများစွာ ရှည်ကြာအောင် ဖြစ်ပေါ်နေသော မငြိမ်းချမ်းမှုများကို အဆုံးသတ်ကာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုနှင့် တိုင်းရင်းသားပြည်သူများ လူမှုစီးပွားဘဝတိုးတက်ရေးကို ဆောင်ကြဉ်းနိုင်ရန်အတွက် ညီညွတ်ခြင်းစုပေါင်းအင်အားများကို အမြန်ဆုံးတည်ဆောက်ကာ အောင်မြင်မှုကိုရယူကြဖို့ တိုက်တွန်းအပ်ပါသည်။ ။

# တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်နှင့် လက်မှတ်များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနား ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၄**

တပ်မတော် စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်နှင့် လက်မှတ်များရရှိခဲ့သည့် အရာရှိ၊ စစ်သည်များနှင့် အမွေခံများအား ဂုဏ်ထူးဆောင်တံဆိပ်နှင့် လက်မှတ်များ ချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ ကျင်းပသည်။

**တက်ရောက်**

အဆိုပါအခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သရေစည်သူ စိုးဝင်း၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာနနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနတို့မှ ပြည်ထောင်စုဝန်ကြီးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ် (လေ)၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့် ဂုဏ်ထူးဆောင်တံဆိပ်နှင့်လက်မှတ် လက်ခံရယူကြမည့် အရာရှိ၊ စစ်သည်များနှင့် အမွေခံများ တက်ရောက်ကြသည်။

**အမှာစကားပြောကြား**

အခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သူရဲကောင်းမှတ်တမ်းဝင်တံဆိပ် ရရှိသူ ဗိုလ်မှူးကြီး နှစ်ဦး၊ ဗိုလ်ကြီး သုံးဦး၊ တပ်ကြပ်ကြီး တစ်ဦး၊ တပ်ကြပ် တစ်ဦးနှင့် ဒုတိယတပ်ကြပ်နှစ်ဦးတို့အား လည်းကောင်း၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ် ရရှိသူ ဗိုလ်ကြီးတစ်ဦးအား လည်းကောင်း သူရဲကောင်းမှတ်တမ်းဝင် တံဆိပ်နှင့် လက်မှတ်များ ပေးအပ်ချီးမြှင့်သည်။ **(အောက်ပုံ)**

**စုပေါင်းဓာတ်ပုံရိုက်**

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော် စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်နှင့် လက်မှတ်များရရှိခဲ့သည့် အရာရှိ၊ စစ်သည်များ၊ အမွေခံများနှင့်အတူ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ခဲ့ကြသည်။

အခမ်းအနားအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ယနေ့ နံနက်ပိုင်းက နိုင်ငံတော်သမ္မတကိုယ်တိုင် ချီးမြှင့်အပ်နှင်းသည့် ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ် ရရှိခဲ့ကြသော တပ်မတော်သားများ၊ အမွေခံများနှင့် ယခုအခမ်းအနားတွင် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်နှင့် လက်မှတ်များ ချီးမြှင့်ခြင်းခံရသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့သည်။

တပ်မတော်တွင် စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်နှင့် လက်မှတ် ရရှိသူများအနေဖြင့် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလအထိ အောင်ဆန်းသူရိယဘွဲ့ ရရှိသူ ခြောက်ဦး၊ သီဟသူရဘွဲ့ရရှိသူ ၅၀၊ သူရဘွဲ့ရရှိသူ ၅၄၅ ဦး၊ သီဟဗလတံဆိပ်ရရှိသူ ခြောက်ဦး၊ သူရဲကောင်းမှတ်တမ်းဝင်တံဆိပ် ရရှိသူ ၃၈၇၁ ဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ သူရဲကောင်းလက်မှတ်ရရှိသူ ၃၂၈၄ ဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်ရရှိသူ ၁၈၂၆ ဦး ရှိပြီဖြစ်ကြောင်း တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ **သတင်းစဉ်**



# ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အမေး ၊ အဖြေအစီအစဉ် ဆက်လက်ထုတ်လွှင့်မည်

**နေပြည်တော် ဇန်နဝါရီ ၄**

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတို့ ပူးပေါင်းပြီး ကိုဗစ်-၁၉ ရောဂါအကြောင်း သိကောင်းစရာ အမေး/အဖြေ အစီအစဉ်ကို အပတ်စဉ် အင်္ဂါနေ့ ညနေ ၆ နာရီ ခွဲမှ ည ၇ နာရီ အထိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသလျက်ရှိသည်။

ဇန်နဝါရီ ၅ ရက် ညနေတွင် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ပညာရှင်များ ဖြစ်ကြသည့် နေပြည်တော် ခုတင် (၁၀၀၀) ပြည်သူ့ဆေးရုံကြီး(ဆေးပညာ) ပါမောက္ခ ဒေါက်တာ တင့်တင့်ကြည်၊ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေး ဦးစီးဌာနမှူးများ ဖြစ်ကြသည့် တနင်္သာရီတိုင်းဒေသကြီး ညွှန်ကြားရေးမှူး ဒေါက်တာထွန်းမင်းနှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ညွှန်ကြားရေးမှူး ဒေါက်တာမြင့်ကျော်တို့က ပြည်သူများ သိရှိမေးမြန်းလိုသည့် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ထိန်းချုပ်၊ ကုသရေးနှင့်စပ်လျဉ်းသည့် မေးခွန်းများအပေါ် ပြန်လည်ဖြေကြားချက်များကို ဆက်လက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော် ဇန်နဝါရီ ၄**

နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။

**မိုး/ဇလ**


ကြေးမုံ

| | | | | | |
|---|---|---|---|---|---|
| **စာတည်းမှူးချုပ်** | - | ဦးစိုးစိုးနိုင် | **အငယ်တန်း** | - | ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ |
| **စာတည်းမှူး** | - | ဦးဝင်းနိုင် | **သတင်းထောက်များ** | | ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ |
| **သတင်းထောက်မှူး** | - | ဦးမြင့်စိုး | | | ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ |
| **စာတည်းများ** | - | ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်မေလှဲ့သင်း၊ | | | ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး |
| | | ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ | **ဓာတ်ပုံသတင်းထောက်** | - | ဦးခင်မောင်ဝင်း |
| | | ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | **သုတေသန** | - | ဒေါ်ဇင်မာဝင့် |
| **ဘာသာပြန်စာတည်းများ** | - | ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော် | **စာပြင်** | - | ဦးဝေမင်းသူနှင့်အဖွဲ့ |
| **အကြီးတန်း** | - | ဦးစိုးအောင်၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - | ဒေါ်နွယ်နွယ်ထွန်း၊ ဒေါ်ချောစုလှိုင်နှင့်အဖွဲ့ |
| **သတင်းထောက်များ** | | ဒေါ်နေဇာဇာထွန်း | **အီးမေးလ်နှင့် အွန်လိုင်း** | - | ဦးစိုးချစ်ဦး၊ ဦးအောင်ကျော်ဖြိုးနှင့်အဖွဲ့ |



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူသာလျှင် အဓိက

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်
## ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားတွင် ပြောကြားသည့် မိန့်ခွန်း

( ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက် )

ယနေ့အခမ်းအနားသို့ ကြွရောက်လာကြတဲ့ ဂုဏ်သရေရှိ လူကြီးမင်းများ၊ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များ အားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာ နှုတ်ခွန်း ဆက်သအပ်ပါတယ်။

ကျွန်တော်တို့ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဟာ ရှေးပဝေသဏီကတည်းက ကိုယ့်ထီးကိုယ့်နန်းနဲ့ ကမ္ဘာ့အလယ်မှာ ဝင့်ထည်စွာရပ်တည်ခဲ့ပြီး တိုင်းရင်းသားညီအစ်ကိုမောင်နှမများ သွေးစည်းချစ်ကြည်စွာ စုပေါင်းနေထိုင်ကြတဲ့ သမိုင်းကြောင်း အစဉ်အလာကောင်းများရှိတဲ့ နိုင်ငံတစ်နိုင်ငံ ဖြစ်ပါတယ်။

ဒါပေမယ့် ၁၉ ရာစုထဲမှာ ဗြိတိသျှကိုလိုနီနယ်ချဲ့တို့ရဲ့ မတရားကျူးကျော်မှုကြောင့် စစ်ပွဲသုံးကြိမ် ဆင်နွှဲခဲ့ရပြီး နောက်ဆုံး ဗြိတိသျှတို့ရဲ့ ကိုလိုနီကျွန်ပြုခြင်း ခံခဲ့ရကာ နိုင်ငံ့လွတ်လပ်ရေး ဆုံးရှုံးခဲ့ရတာ ဖြစ်ပါတယ်။

ကိုလိုနီနယ်ချဲ့တို့ရဲ့ခေတ်၊ စနစ်တွေအောက်မှာပဲ မျိုးချစ်လူငယ်တွေဟာ နိုင်ငံရေးအတွေးအမြင်တွေ မြင့်မားလာကြပါတယ်။ မျိုးချစ်လူငယ်တစ်ဦးဖြစ်တဲ့ ဗိုလ်ချုပ်အောင်ဆန်းဟာ တိုင်းသိပြည်သိ မျိုးချစ်ခေါင်းဆောင်တစ်ဦး ဖြစ်လာခဲ့ပြီးနောက် အခြားသော မျိုးချစ်ပုဂ္ဂိုလ်များ၊ ရဲဘော်ရဲဘက်များ၊ တိုင်းရင်းသားပြည်သူများနဲ့အတူ အသက်၊ သွေး၊ ချွေးတွေ ရင်းနှီးပြီး မဆုတ်မနစ်ကြိုးစားခဲ့မှုကြောင့် ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့က စတင်ပြီး လွတ်လပ်တဲ့ အချုပ်အခြာအာဏာပိုင် နိုင်ငံအဖြစ် ရပ်တည်နိုင်ခဲ့တာ ဖြစ်ပါတယ်။ အမျိုးသားအာဇာနည်ခေါင်းဆောင်ကြီး၊ လွတ်လပ်ရေးဗိသုကာကြီး၊ တပ်မတော်ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းရဲ့ ခေါင်းဆောင်မှုအောက်မှာ တိုင်းရင်းသားအားလုံး ဇွဲ၊ လုံ့လ၊ ဝီရိယ၊ သတ္တိ၊ ဗျတ္တိ အပြည့်နဲ့ ညီညီညွတ်ညွတ် ကြိုးပမ်းခဲ့ကြလို့ လွတ်လပ်ရေးကို အရယူနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။

မျိုးချစ်ခေါင်းဆောင်ကြီးများနဲ့ ဘိုးဘေးဘီဘင်များ စွန့်လွှတ်စွန့်စား အားထုတ်ကြိုးပမ်းရယူခဲ့တဲ့ မြန်မာ့လွတ်လပ်ရေး အစဉ်ထာဝရတည်တံ့ပြီး အချုပ်အခြာအာဏာ ခိုင်မြဲစေဖို့အတွက် လွတ်လပ်ရေးနေ့ အမျိုးသားရေး ဦးတည်ချက်တွေကို အလေးအနက်ခံယူပြီး တိုင်းရင်းသားအားလုံး ဥမကွဲ သိုက်မပျက် သွေးစည်းညီညွတ်စွာ အကောင်အထည်ဖော် ဆောင်ရွက်သွားကြဖို့ လိုအပ်ပါတယ်။ ဒါ့အပြင် **အမိနိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းမှုရှိပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်လာအောင်လည်း ကျွန်တော်တို့ နိုင်ငံသားအားလုံး သားစဉ်မြေးဆက်တာဝန်အဖြစ် ဦးလည်မသုန် ထမ်းရွက်ကြရမှာ ဖြစ်ပါတယ်။**

ဒီလို တည်ငြိမ်အေးချမ်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ရည်မှန်းချက်ထားပြီး နိုင်ငံတော်အစိုးရက ဘက်စုံ၊ ထောင့်စုံ၊ ကဏ္ဍစုံက ကြိုးပမ်းဆောင်ရွက်နေတဲ့ အချိန်အခါမှာ နိုင်ငံတော်လုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ ပြည်သူတွေရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးရေးနဲ့ အခြားသော နိုင်ငံတော်တည်ဆောက်ရေး တာဝန်တွေမှာ နိုင်ငံချစ်စိတ်ကို အရင်းတည်ပြီး အများအတွက် မဆုတ်မနစ်တဲ့ ဇွဲ၊ လုံ့လ၊ ဝီရိယ ကြီးမားစွာနဲ့ ကြိုးပမ်းဆောင်ရွက်ခဲ့ကြတဲ့ ပုဂ္ဂိုလ်များ၊ နိုင်ငံတော်အတွက် ထူးကဲစွာ အကျိုးဆောင်ခဲ့တဲ့ပုဂ္ဂိုလ်များ၊ အနုသုခုမ ပညာရပ်များမှာ ထူးခြားကောင်းမွန်စွာ တတ်မြောက်ခဲ့တဲ့ပုဂ္ဂိုလ်များ၊ သိပ္ပံပညာ၊ ဝိဇ္ဇာပညာနဲ့ အခြားသော ပညာရပ်တစ်ခုခုမှာ ထူးကဲကောင်းမွန်စွာ ဆောင်ရွက်နိုင်ခဲ့တဲ့ပုဂ္ဂိုလ်များ၊ မိမိရဲ့အသက်နဲ့ ခန္ဓာကိုယ်ကို ပဓာနမထားဘဲ နိုင်ငံတော်အတွက် ရဲဝံ့စွန့်စားစွာ ကြိုးပမ်းထမ်းဆောင်ခဲ့ကြတဲ့ ပုဂ္ဂိုလ်များကို ယနေ့ (၇၃) နှစ်မြောက် လွတ်လပ်ရေးနေ့ နေ့ထူးနေ့မြတ် အခါသမယမှာ ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းသွားမှာ ဖြစ်ပါတယ်။ **ယခုလို အများထက် စွန့်လွှတ်စွန့်စား ထူးကဲသာလွန်စွာ ထမ်းဆောင်ခဲ့ကြတဲ့ ပုဂ္ဂိုလ်များကို ဂုဏ်ပြုချီးမြှင့်ခြင်းဟာ ကောင်းမွန်တဲ့ အစဉ်အလာကောင်းတစ်ရပ် ဖြစ်ပါတယ်။**

ဒီနှစ်မှာတော့ ၂၀၁၉ ခုနှစ်မှာ ချီးမြှင့်ခဲ့တဲ့ သိပ္ပကျော်စွာဘွဲ့ ရရှိခဲ့သူ တစ်ဦးနဲ့ ၂၀၂၀ ပြည့်နှစ်မှာ ချီးမြှင့်ခဲ့တဲ့ သရေစည်သူဘွဲ့ရရှိသူ တစ်ဦး၊ သီဟသူရဘွဲ့ရရှိသူ တစ်ဦး၊ သူရဘွဲ့ ရရှိသူ သုံးဦး၊ ဇေယျကျော်ထင်ဘွဲ့ရရှိသူ ၁၁ ဦး၊ အလင်္ကာကျော်စွာဘွဲ့ရရှိသူ တစ်ဦးနှင့် သိပ္ပကျော်စွာဘွဲ့ရရှိသူ သုံးဦး၊ စုစုပေါင်း ၂၀ ဦးတို့ကို ဂုဏ်ယူစွာနဲ့ တစ်ပေါင်းတည်း ပေးအပ်ချီးမြှင့်သွားမှာ ဖြစ်ပါတယ်။



> **အမိနိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းမှုရှိပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်လာအောင်လည်း ကျွန်တော်တို့ နိုင်ငံသားအားလုံး သားစဉ်မြေးဆက်တာဝန်အဖြစ် ဦးလည်မသုန် ထမ်းရွက်ကြရမှာ ဖြစ်ပါတယ်။**

> **ယခုလို အများထက် စွန့်လွှတ်စွန့်စား ထူးကဲသာလွန်စွာ ထမ်းဆောင်ခဲ့ကြတဲ့ ပုဂ္ဂိုလ်များကို ဂုဏ်ပြုချီးမြှင့်ခြင်းဟာ ကောင်းမွန်တဲ့ အစဉ်အလာကောင်းတစ်ရပ် ဖြစ်ပါတယ်။**

ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်ခြင်းခံရသူများဟာ ဖြတ်သန်းခဲ့ရတဲ့ ခက်ခဲကြမ်းတမ်းတဲ့ဘဝမှာ ပေးအပ်လာတဲ့ တာဝန်တွေကို စွမ်းရည်သတ္တိ ပြည့်ဝစွာ စွန့်လွှတ်စွန့်စားမှုအပြည့်နဲ့ မိမိရဲ့ ကိုယ်ကျိုးစီးပွားထက် အများအကျိုး၊ နိုင်ငံ့အကျိုးကို မျှော်ကိုးထမ်းဆောင်ခဲ့ကြတဲ့သူများ၊ ကြံ့ခိုင်တဲ့ စိတ်ဓာတ်၊ စံတင်ထိုက်တဲ့ စွမ်းရည်၊ ဂုဏ်ယူထိုက်တဲ့ စွန့်စားခြင်းမျိုးနဲ့ ထူးထူးချွန်ချွန် ဆောင်ရွက်ခဲ့တဲ့ ဂုဏ်ပြုသင့် ဂုဏ်ပြုထိုက်သူများ ဖြစ်ကြပါတယ်။ ၎င်းတို့ရဲ့ စွမ်းဆောင်ရည်များမှာ နိုင်ငံတော်က မှတ်ကျောက်တင်ခြင်းခံရတဲ့ သင်္ကေတအမှတ်အသားဖြစ်တဲ့အတွက် ဒီနေ့ အခမ်းအနားကို ကိုယ်တိုင်တက်ရောက်ခြင်း မပြုနိုင်တော့တဲ့ ပုဂ္ဂိုလ်များအနေနဲ့လည်း သားစဉ်မြေးဆက် ဂုဏ်ယူစရာဖြစ်ပါကြောင်း နိုင်ငံတော်နဲ့ ပြည်သူများကိုယ်စား အလေးအနက် ပြောကြားလိုပါတယ်။

နိဂုံးချုပ်အနေနဲ့ ပြောကြားလိုတာကတော့ ဂုဏ်ပြုချီးမြှင့်ထိုက်သူကို ဂုဏ်ပြုချီးမြှင့်ခြင်းဟာ မင်္ဂလာတရားတော်နဲ့အညီ ဆောင်ရွက်ခြင်းလည်း ဖြစ်ပါတယ်။ မိမိတို့ရဲ့ ဘဝတစ်သက်တာအတွင်း တိုင်းပြည်အတွက် ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကို ယခုကဲ့သို့ မှတ်တမ်းတင်ဂုဏ်ပြုချီးမြှင့်ခြင်းခံရသလို ဆက်လက်ပြီး နိုင်ငံတော်ကို ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော်အဖြစ် တည်ဆောက်ရေး၊ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ ပြည်ထောင်စုကြီး မပြိုကွဲရေး၊ အေးချမ်းသာယာရေးနဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် မိမိတို့ရဲ့ သားစဉ်မြေးဆက်များကိုပါ ကြိုးပမ်းဆောင်ရွက်ကြစေဖို့ တိုက်တွန်းကြပါလို့ ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

## မြိတ်မြို့နယ် သမဝါယမအသင်းစုနှင့် အခြေခံအသင်းများက ရေထွက်ကုန်ပစ္စည်းများ ကူညီရောင်းချဖြန့်ဖြူးဆောင်ရွက်ပေးလျက်ရှိ

**မြိတ် ဇန်နဝါရီ ၄**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် သမဝါယမဦးစီးဌာနနှင့် သမဝါယမအသင်းစုတို့က ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားစဉ်ကာလအတွင်း ရေထွက်ကုန်ပစ္စည်းများ ထုတ်လုပ်ဖြန့်ဖြူးရောင်းချမှု အခက်အခဲများကို ကူညီဆောင်ရွက်ပေးနိုင်ရန်အတွက် မြိတ်မြို့နယ်အတွင်းရှိ ထိပ်တန်းရောင်းဝယ်ရေး သမဝါယမအသင်း၊ ဝန်မယ်ကျေးရွာ မဏိမေခလာလယ်ယာနှင့် အထွေထွေစီးပွားရေးသမဝါယမအသင်းတို့နှင့် ချိတ်ဆက်၍ လေလံငါးဈေးကြီးမှ ပလာတူးငါး အပါအဝင် ရေငန်ငါးမျိုးစုံ ပိဿာချိန် ၁၆၀ ကို တစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် No Profit, No Loss ဟူသော သမဝါယမမူအတိုင်း မြို့နယ်အတွင်းရှိ သမဝါယမအသင်းသားပြည်သူများထံ ဈေးနှုန်းချိုသာစွာဖြင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

✻ ရှေ့ဖုံးမှ
ဗိုလ်ချုပ်လင်းအောင်၊ ဗိုလ်ချုပ်ခွန်သန့်ဇော်ထူး၊ ဗိုလ်ချုပ်ကိုလေး၊ ဗိုလ်ချုပ်သက်ထွန်းဦး၊ ဗိုလ်ချုပ်ခင်မောင်သန်း၊ ဗိုလ်ချုပ်အောင်မျိုးမင်း(ငြိမ်း)၊ ဗိုလ်ချုပ်တင်အေး(ငြိမ်း)၊ ဗိုလ်ချုပ်မြင့်ဦး(ငြိမ်း)နှင့် ဗိုလ်ချုပ်တင်အောင်ချစ်(ငြိမ်း)တို့ ကိုယ်စား ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ ကိုလည်းကောင်း၊ ၂၀၂၀ ပြည့်နှစ်တွင် ချီးမြှင့်အပ်နှင်းခဲ့သော အလင်္ကာကျော်စွာဘွဲ့ရရှိသူ ဆိုင်းပညာရှင် ဦးစိန်စတင်း(ခ) ဦးတင်မောင်(ကွယ်လွန်) ကိုယ်စား သားဖြစ်သူ ဦးမင်းဟန်(ခ)ဦးစိန်မင်းနိုင်ကိုလည်းကောင်း၊ ၂၀၂၀ ပြည့်နှစ်တွင် ချီးမြှင့်အပ်နှင်းခဲ့သော သိပ္ပကျော်စွာဘွဲ့ ရရှိသူ ဘာသာရပ်ဆိုင်ရာပညာရှင် ဒေါက်တာတိုးလှနှင့် ဘာသာရပ်ဆိုင်ရာပညာရှင် ဦးကျော်ဝင်းတို့ကိုလည်းကောင်း ဂုဏ်ထူးဆောင်ဘွဲ့များ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ဂုဏ်ထူးဆောင်ဘွဲ့ရရှိကြသူများ၊ ၎င်းတို့၏ မိသားစုဝင်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတနှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်တို့သည် တက်ရောက်လာကြသူများ၊ ဂုဏ်ထူးဆောင်ဘွဲ့ရရှိကြသူများနှင့် ၎င်းတို့၏မိသားစုဝင်များကို ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

**သတင်းစဉ်**



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် အမှတ် (၅၆၄) ခြေမြန်တပ်ရင်းမှ ဒုတိယဗိုလ်မှူးကြီးအေးမင်းအောင်အား ၂၀၂၀ ပြည့်နှစ်တွင် ချီးမြှင့်အပ်နှင်းခဲ့သော တပ်မတော်ဆိုင်ရာ စွမ်းရည်သတ္တိဘွဲ့ဖြစ်သည့် သီဟသူရဘွဲ့ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် အမှတ် (၅၆၄) ခြေမြန်တပ်ရင်းမှ ဗိုလ်မှူးရန်နိုင်ဦးအား ၂၀၂၀ ပြည့်နှစ်တွင် ချီးမြှင့်အပ်နှင်းခဲ့သော တပ်မတော်ဆိုင်ရာ စွမ်းရည်သတ္တိဘွဲ့ဖြစ်သည့် သူရဘွဲ့ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် စစ်တက္ကသိုလ်မှ ဗိုလ်ကြီးဇော်ဦးလွင်အား ၂၀၂၀ ပြည့်နှစ်တွင် ချီးမြှင့်အပ်နှင်းခဲ့သော တပ်မတော်ဆိုင်ရာ စွမ်းရည်သတ္တိဘွဲ့ဖြစ်သည့် သူရဘွဲ့ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် အမှတ် (၅၆၄) ခြေမြန်တပ်ရင်းမှ ဒုတိယအရာခံဗိုလ်ထွန်းဝေ (ကျဆုံး)ကိုယ်စား ဇနီး ဒေါ်အသန်းအား ၂၀၂၀ ပြည့်နှစ်တွင် ချီးမြှင့်အပ်နှင်းခဲ့သော တပ်မတော်ဆိုင်ရာ စွမ်းရည်သတ္တိဘွဲ့ဖြစ်သည့် သူရဘွဲ့ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံအား ၂၀၂၀ ပြည့်နှစ်တွင် ချီးမြှင့်အပ်နှင်းခဲ့သော စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့ဖြစ်သည့် ဇေယျကျော်ထင်ဘွဲ့ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ဆိုင်းပညာရှင် ဦးစိန်စတင်း(ခ) ဦးတင်မောင်(ကွယ်လွန်) ကိုယ်စား သားဖြစ်သူ ဦးမင်းဟန်(ခ)ဦးစိန်မင်းနိုင်အား ၂၀၂၀ ပြည့်နှစ်တွင် ချီးမြှင့်အပ်နှင်းခဲ့သော အလင်္ကာကျော်စွာဘွဲ့ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ဘာသာရပ်ဆိုင်ရာပညာရှင် ဒေါက်တာတိုးလှအား ၂၀၂၀ ပြည့်နှစ်တွင် ချီးမြှင့်အပ်နှင်းခဲ့သော သိပ္ပကျော်စွာဘွဲ့ ပေးအပ်ချီးမြှင့်စဉ်။ (သတင်း - ရှေ့ဖုံး)



ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားသို့ တက်ရောက်လာသော နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်း - ရှေ့ဖုံး)



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ဘာသာရပ်ဆိုင်ရာပညာရှင် ဦးကျော်ဝင်းအား ၂၀၂၀ ပြည့်နှစ်တွင် ချီးမြှင့်အပ်နှင်းခဲ့သော သိပ္ပကျော်စွာဘွဲ့ ပေးအပ်ချီးမြှင့်စဉ်။ (သတင်း - ရှေ့ဖုံး)



ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနား ကျင်းပစဉ်။ (သတင်း - ရှေ့ဖုံး)




နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားတွင် ဂုဏ်ထူးဆောင်ဘွဲ့များ ရရှိကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်း - ရှေ့ဖုံး)



(၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနား ကျင်းပစဉ်။

○ ကျောဖုံးမှ

ထို့နောက် နံနက် ၆ နာရီတွင် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ခေတ္တဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ၊ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး အဖွဲ့ဝင်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဒုတိယရှေ့နေချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီဝင်များ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဝန်ထမ်းများ၊ တိုင်းရင်းသား တိုင်းရင်းသူများသည် နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားကျင်းပမည့် မြို့တော်ခန်းမရှေ့ ရင်ပြင်သို့ ဝင်ရောက်နေရာယူကြသည်။

ယင်းနောက် နံနက် ၇ နာရီတွင် ၂၀၂၁ ခုနှစ် (၇၃) နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနားကို ကျင်းပရာ တပ်မတော်(ကြည်း၊ ရေ၊ လေ) ဂုဏ်ပြုတပ်ဖွဲ့က မြို့တော်ခန်းမရှေ့ ရင်ပြင်သို့ ချီတက်နေရာယူကြသည်။

ထို့နောက် (၇၃) နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေးဗဟိုကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးမြင့်ဆွေသည် အလေးပြုခံစင်မြင့်သို့ ရောက်ရှိပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားသို့ တက်ရောက်လာကြသူများသည် ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို အလေးပြုကြသည်။

ဆက်လက်၍ ဂုဏ်ပြုတပ်ဖွဲ့က ကျဆုံးလေပြီးသော ခေါင်းဆောင်ကြီးများနှင့် တပ်မတော်သားများအား အလေးပြု၍ သစ္စာလေးချက်ကို သံပြိုင်ရွတ်ဆိုကြသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးမြင့်ဆွေက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှ (၇၃) နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားသည်။

ထို့နောက် ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **သတင်းစဉ်**



# (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုခြင်းအခမ်းအနား ရန်ကုန်မြို့၌ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၄**

၂၀၂၁ ခုနှစ် (၇၃) နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင် အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မဟာဗန္ဓုလ ပန်းခြံရှိ လွတ်လပ်ရေးကျောက်တိုင်ရှေ့၌ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး၊ အမျိုးသားအဆင့်ဗဟို ကော်မတီနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့က ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များနှင့်အညီ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ညွန့်ဝင်းဆွေ၊ တိုင်းဒေသကြီး တရားလွှတ်တော် ခေတ္တတရားသူကြီးချုပ် ဒေါ်သင်းသင်းနွဲ့၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဥပဒေချုပ်၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ်၊ တပ်မတော်အရာရှိကြီးများ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသား ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နံနက် ၄ နာရီ မိနစ် ၂၀ တွင် (၇၃) နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားကို ကျင်းပရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဂုဏ်ပြုတပ်ခွဲမှ အလံတင် တပ်စုက နိုင်ငံတော်အလံကို လွှင့်တင်သည်။

ထို့နောက် နံနက် ၇ နာရီတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဂုဏ်ပြုတပ်ဖွဲ့၊ တက်ရောက်လာကြသူများနှင့်အတူ နိုင်ငံတော်အလံကို အလေးပြုကြပြီး ဂုဏ်ပြုတပ်ဖွဲ့က ကျဆုံးလေပြီးသော ခေါင်းဆောင်ကြီးများနှင့် တပ်မတော်သားများအား အလေးပြု၍ သစ္စာလေးချက်ကို သံပြိုင်ရွတ်ဆိုကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှ ပေးပို့သော (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာကို ဖတ်ကြားသည်။

**သတင်း-ကိုကိုဇော်၊ ဓာတ်ပုံ-ဇော်မင်းလတ်**




# မန္တလေးမြို့၌ (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**မန္တလေး ဇန်နဝါရီ ၄**

၂၀၂၁ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ လွတ်လပ်ရေးနေ့ အလံတင်ခြင်း၊ နိုင်ငံတော်အလံအား အလေးပြုခြင်းနှင့် သဝဏ်လွှာဖတ်ကြားခြင်း အခမ်းအနားကို ယနေ့နံနက် ၇ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ဗထူး အားကစားကွင်းတွင် ကျင်းပရာ အခမ်းအနားသို့ မန္တလေး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် တက်ရောက်၍ နိုင်ငံတော်အလံအား အလေးပြုပြီးနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ထံမှ ၂၀၂၁ ခုနှစ် (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာကို ဖတ်ကြားသည်။

ရှေးဦးစွာ (၇၃) နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားကို နံနက် ၄ နာရီ မိနစ် ၂၀ တွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်ကျော်မင်း၊ စစ်တီးဝိုင်းတပ်စုနှင့် အလံတင်တပ်စုတို့က အခမ်းအနားကို အစီအစဉ်များအတိုင်း ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်အလံအား စင်မြင့်ထက်ရှိ အလံတိုင်ထိပ်သို့ လွှင့်တင်ပြီး ဂုဏ်ပြုတပ်ဖွဲ့မှ ကျဆုံးလေပြီးသော ရဲဘော် အပေါင်းအား အလေးပြုကြသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့အစည်းဝင်များနှင့် ၎င်းတို့၏ ဇနီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ခရိုင်နှင့် မြို့နယ် အဆင့်ဌာနဆိုင်ရာများ၊ နိုင်ငံရေးပါတီအသီးသီးတို့မှ ကိုယ်စားလှယ်များ၊ မန္တလေးမြို့အခြေစိုက်တိုင်းရင်းသား လူမျိုးစုများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများ စုစုပေါင်းအင်အား ၃၅၀ ကျော် တက်ရောက်ခဲ့ကြ ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# သရေစည်သူဘွဲ့ဟာဆိုရင် မြန်မာနိုင်ငံမှာ အရပ်ဘက်ဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်များအနက် ပထမဦးဆုံးချီးမြှင့်ခံရတာဖြစ်ပြီး အမြင့်ဆုံး ပေးအပ်ချီးမြှင့်ခဲ့တဲ့ ဂုဏ်ထူးဆောင်ဘွဲ့ ဖြစ်ပါတယ်

**ဝဏ္ဏကျော်ထင်၊ စည်သူ၊ သရေစည်သူ ဦးအောင်ကိုဝင်း**

ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားကို ယနေ့တွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်၌ ကျင်းပခဲ့ပြီး နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က နိုင်ငံတော်နှင့် နိုင်ငံသားများ အတွက် စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်ခဲ့ကြသူများကို ဂုဏ်ထူးဆောင်ဘွဲ့များ ပေးအပ်ချီးမြှင့်ခဲ့သည်။ ဂုဏ်ထူးဆောင်ဘွဲ့ ရရှိကြသူများနှင့် ၎င်းတို့၏ မိသားစုဝင်များ၏ စကားသံများကို ထုတ်နုတ်ဖော်ပြလိုက်ပါသည်–

**ရေး - မျိုးမင်းနိုင်**
**ဓာတ်ပုံ - ရွှေကိုလေး**

**ဝဏ္ဏကျော်ထင်၊ စည်သူ၊ သရေစည်သူ ဦးအောင်ကိုဝင်း**
**ကမ္ဘောဇဘဏ်လီမိတက် နာယက**

ကျွန်တော်ရရှိတဲ့ဘွဲ့ကတော့ ပြည်ထောင်စုစည်သူ သင်္ဂဟဘွဲ့ဖြစ်တဲ့ သရေစည်သူဘွဲ့ ဖြစ်ပါတယ်။ ဒီဘွဲ့ဟာဆိုရင် နိုင်ငံတော်နဲ့ပြည်သူအတွက် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့တဲ့ ပုဂ္ဂိုလ်တွေကို ရွေးချယ်ချီးမြှင့်တဲ့ ဘွဲ့ဖြစ်ပါတယ်။ ကျွန်တော့်ကို ပေးအပ်ချီးမြှင့်ခဲ့တဲ့ သရေစည်သူဘွဲ့ဟာဆိုရင် မြန်မာနိုင်ငံမှာ အရပ်ဘက်ဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်များ အနက် ပထမဦးဆုံးချီးမြှင့်ခံရတာဖြစ်ပြီး အမြင့်ဆုံး ပေးအပ်ချီးမြှင့်ခဲ့တဲ့ ဂုဏ်ထူးဆောင်ဘွဲ့ ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ပြည်တွင်းပြည်ပကပေးအပ်တဲ့ ဘွဲ့အမြောက်အမြား ရရှိခဲ့ပါတယ်။ မှတ်မိသလောက်ဆိုရင် ဝဏ္ဏကျော်ထင်ဘွဲ့၊ စည်သူဘွဲ့၊ နိုင်ငံ့စွမ်းဆောင်ရည်ဆု လေးကြိမ်၊ နိုင်ငံတော်သမ္မတ ဦးထင်ကျော်ရဲ့ အထူးဂုဏ်ထူးဆောင်ဆုနဲ့ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ရဲ့လက်ထက်မှာလည်း အထူးဂုဏ်ထူးဆောင်ဆု ရရှိခဲ့ပါတယ်။ အခုဆက်လက်ပြီးတော့ သရေစည်သူဘွဲ့ ရရှိတာဖြစ်ပါတယ်။ အဓိကကတော့ အခုရရှိတဲ့ဘွဲ့က နိုင်ငံတော်အခွန်ဘဏ္ဍာတာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ခြင်းကြောင့် ရတာဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ဆိုရင် နိုင်ငံတော် အခွန်ဘဏ္ဍာတာဝန် ဝင်ငွေခွန်ကို ရှစ်နှစ်ဆက်တိုက် ပထမနေရာကနေ ထမ်းဆောင်ခဲ့ပြီးဖြစ်ပါတယ်။ ကိုးနှစ်မြောက်အတွက်လည်း ကြိုတင်အခွန်ကို သွင်းပြီးဖြစ်ပါတယ်။ ဒါ့အပြင် ၁၀ နှစ်မြောက် အတွက်လည်း ဆက်လက်ပေးသွင်းနေပြီ ဖြစ်ပါတယ်။

ကျွန်တော်တို့အနေနဲ့ နိုင်ငံတော် အခွန်ဘဏ္ဍာတာဝန်ကို ကျေပွန်စွာထမ်းဆောင်လျက်ရှိသလို နိုင်ငံတော်နဲ့ ပြည်သူအတွက် လှူဒါန်းခဲ့တာ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ဆိုရင် ငွေကျပ် ဘီလီယံ ၁၈၀ ကျော်ရှိပါပြီ။ အခုဖြစ်ပွားနေတဲ့ ကိုဗစ်ကိစ္စတစ်ခုတည်းအတွက် ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၂၆ ရက်ကတည်းက စတင်ပြီး လှူဒါန်းခဲ့တာ ငွေကျပ် ၁၁ ဒသမ ၂ ဘီလီယံ ကျော်ရှိပါပြီ။ နောင်မှာလည်း ဆက်လက်လှူဒါန်းသွားမှာ ဖြစ်ပါတယ်။

**ဒုတိယဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် သက်ပုံ**

ဒီနေ့အခမ်းအနားမှာ ကျွန်တော်ချီးမြှင့်ခြင်းခံရတာက ဇေယျကျော်ထင်ဘွဲ့ ဖြစ်ပါတယ်။ ကျွန်တော် တက္ကသိုလ်ဝင်တန်းကို ၁၉၈၃ ခုနှစ်မှာ အောင်မြင်ခဲ့ပါတယ်။ အဲဒီအချိန်က စပြီးတော့ တပ်မတော်ထဲကိုဝင်ရောက်ပြီး ကျရာတာဝန် အသီးသီးကို ထမ်းဆောင်ခဲ့ပါတယ်။ အခုအချိန်အထိဆိုရင် ကျွန်တော့်ရဲ့ စစ်မှုထမ်းသက် ၃၄ နှစ် ကျော်ပါပြီ။ အဲဒီကာလ အတွင်း နိုင်ငံတော်တစ်နံတစ်လျားမှာ ပေးအပ်တဲ့တာဝန်တွေကို ကျေကျေပွန်ပွန်နဲ့ အပြစ်ကင်းစင်စွာ ထမ်းဆောင်ခဲ့တဲ့အတွက် နိုင်ငံတော်နဲ့တပ်မတော်က ကျွန်တော့်ကို ချီးမြှင့်တာ ဖြစ်ပါတယ်။ အခုလို ဘွဲ့တံဆိပ်ချီးမြှင့်ခြင်းခံရတဲ့ အတွက် များစွာဝမ်းမြောက် ဂုဏ်ယူပါတယ်။ ကျွန်တော် အပါအဝင် မိသားစုအားလုံးကလည်း ဂုဏ်ယူနေကြမယ်လို့ မျှော်လင့်ပါတယ်။

နှစ်သစ်အခါသမယမှာ အခုလို နိုင်ငံတော်က ပြုလုပ်တဲ့ လွတ်လပ်ရေးနေ့ အခမ်းအနားနဲ့အတူ ဘွဲ့တံဆိပ်တွေ ချီးမြှင့်ခြင်းခံရတဲ့အတွက် များစွာဝမ်းမြောက် ဂုဏ်ယူပါတယ်။ ဆက်လက်ပြီး တာဝန်ထမ်းဆောင်ဖို့ ကျန်ရှိတဲ့ နှစ်တွေမှာလည်း နိုင်ငံ့တာဝန်တွေ၊ တပ်မတော်တာဝန်တွေကို စွမ်းစွမ်းတမံ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမယ်လို့ သန္နိဋ္ဌာန်ပြုပါတယ်။

လူငယ်တွေအနေနဲ့ ကျရာ နိုင်ငံ့တာဝန်အသီးသီးကို ထမ်းဆောင်ကြရမှာဖြစ်ပါတယ်။ နိုင်ငံ့တာဝန်ထမ်းဆောင်ရာမှာ နိုင်ငံတော်အတွက် အကောင်းဆုံး ကြိုးပမ်းထမ်းဆောင်ကြပါ။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် အားလုံးကြိုးပမ်းဆောင်ရွက်သွားကြပါလို့ လူငယ်ညီငယ်တွေကို ပြောကြားလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဗိုလ်မှူးကြီး သီဟသူရ အေးမင်းအောင်**

ဒီနေ့ ဂုဏ်ထူးဆောင်ဘွဲ့တွေ ချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားမှာ ကျွန်တော်ရရှိတဲ့ဘွဲ့က သီဟသူရဘွဲ့ ဖြစ်ပါတယ်။ ၂၀၁၉ ခုနှစ် မတ်လက ရခိုင်ပြည်နယ်ထဲမှာ တိုက်ပွဲဖြစ်ပွားခဲ့ပါတယ်။ အဲဒီတိုက်ပွဲမှာ ကျွန်တော့်တပ်ရင်းက အရာရှိ၊ စစ်သည်တွေကို စနစ်တကျကြီးကြပ်ကွပ်ကဲ ကိုယ်တိုင်ဦးဆောင်ပြီး နောက်ဆုံးအခြေအနေအထိ တိုက်ပွဲဝင်ခဲ့ပါတယ်။ ရန်သူက ကျွန်တော်တို့ထက် သာလွန်တဲ့ အင်အားနဲ့ အကြိမ်ကြိမ် အပြီးတိုင်ချေမှုန်းဖို့ ကြိုးစားခဲ့ပါတယ်။ အဲဒီအခြေအနေမှာ ကျွန်တော့်တပ်ရင်းက အရာရှိ၊ စစ်သည်တွေ ထိခိုက်ကျဆုံးမှု အနည်းဆုံးဖြစ်အောင် စီမံကွပ်ကဲပြီး ရှုပ်ရှုပ်ချွံချွံ ဦးဆောင်တိုက်ပွဲဝင်ခဲ့ပါတယ်။

ကျွန်တော်တို့ စစ်သားတွေဟာ နိုင်ငံတော်လုံခြုံရေးနဲ့ ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်နေတဲ့သူတွေ ဖြစ်ပါတယ်။ နိုင်ငံတော်လုံခြုံရေးနဲ့ ကာကွယ်ရေးကို ထိခိုက်လာတဲ့ ဘယ်လိုအန္တရာယ်မျိုးဖြစ်ဖြစ် ကျွန်တော်တို့ ကာကွယ်မှာ ဖြစ်ပါတယ်။ တပ်မတော်ရဲ့တာဝန်ကလည်း ဒီတာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ဖို့ပဲ ဖြစ်ပါတယ်။

ကျွန်တော်တို့တပ် မမျှော်လင့်ဘဲ တိုက်ပွဲဖြစ်ပွားခဲ့တာ ဖြစ်ပါတယ်။ ဒီတိုက်ပွဲမှာ ကျွန်တော်တို့ တပ်ရင်းအနေနဲ့ စည်းလုံးညီညွတ်စွာ ပိတ်ဆို့လာတဲ့ရန်သူကို တွန်းလှန်ခဲ့တာ ဖြစ်ပါတယ်။ ဘွဲ့ထူးဂုဏ်ထူးရဖို့အတွက်ဆိုပြီး ရည်ရွယ်ဆောင်ရွက်ခဲ့တာမဟုတ်ပါဘူး။ ကျွန်တော်တို့ရဲ့ လုပ်ဆောင်ခဲ့မှုအပေါ်မှာ အခုလို နိုင်ငံတော်အစိုးရနဲ့ တပ်မတော်က ဘွဲ့ထူးဂုဏ်ထူးပေးအပ်ချီးမြှင့်လာတဲ့အတွက် များစွာ ဂုဏ်ယူဝမ်းမြောက်မိပါတယ်။



ဝဏ္ဏကျော်ထင်၊ စည်သူ၊ သရေစည်သူ ဦးအောင်ကိုဝင်း



ဒုတိယဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် သက်ပုံ



ဒုတိယဗိုလ်မှူးကြီး သီဟသူရ အေးမင်းအောင်



ဗိုလ်မှူး သူရ ရန်နိုင်ဦး



ဗိုလ်ကြီး သူရ ဇော်ဦးလွင်



ဒုတိယအရာခံဗိုလ် သူရ ထွန်းဝေ၏ဇနီး ဒေါ်အသန်း



သိပ္ပကျော်စွာ ဒေါက်တာတိုးလှ



သိပ္ပကျော်စွာဦးကျော်ဝင်း (မနုဿကျော်ဝင်း)



အလင်္ကာကျော်စွာဦးစိန်စတင်း၏သား ဦးမင်းဟန်(ခ)ဦးစိန်မင်းနိုင်

**ဗိုလ်မှူး သူရ ရန်နိုင်ဦး**

ဒီနေ့ ဂုဏ်ထူးဆောင်ဘွဲ့တွေ ချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားမှာ ကျွန်တော်ရရှိတဲ့ဘွဲ့က သူရဘွဲ့ဖြစ်ပါတယ်။ ကျွန်တော်တို့က တပ်မတော်သားတွေဖြစ်တဲ့အတွက် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုတဲ့ ဒို့တာဝန်အရေးသုံးပါးကို လိုက်နာစောင့်ထိန်း ကာကွယ်စောင့်ရှောက်ရပါတယ်။ ရှေ့တန်းစစ်မြေပြင်မှာ တာဝန်ထမ်းဆောင်တဲ့အချိန်မှာ ဒို့တာဝန်အရေးသုံးပါးကို ကျူးလွန်ဖောက်ဖျက်လာတဲ့ ရန်သူတွေကို တိုက်ခိုက်ချေမှုန်းတဲ့အချိန် ကျွန်တော်ဟာ လက်အောက်ငယ်သား ရဲဘော်ရဲဘက်တွေနဲ့ အတူ ရက်ပေါင်းများစွာ အပင်ပန်းခံ၊ အဆင်းရဲခံပြီး ရန်သူတွေကို ရှုပ်ရှုပ်ချွံချွံ စနစ်တကျချေမှုန်းတိုက်ခိုက်ခဲ့လို့ သူရဘွဲ့ကို ချီးမြှင့်ခံရခြင်းဖြစ်ပါတယ်။

အခုလို ချီးမြှင့်ခံရတဲ့အတွက် များစွာဂုဏ်ယူမိပါတယ်။ ဆက်လက်ပြီးလည်း တိုင်းပြည်နဲ့ လူမျိုးအတွက် စွမ်းစွမ်းတမံ ရှုပ်ရှုပ်ချွံချွံ ဆက်လက်တာဝန်ထမ်းဆောင်သွားမယ်လို့ သန္နိဋ္ဌာန်ပြုပါတယ်။ ကျွန်တော့်ရဲ့ လုပ်ဖော်ကိုင်ဖက် ရဲဘော်ရဲဘက် ကျဆုံးသွားတဲ့ စစ်သည်တွေကိုလည်း ဒီကနေပြီး ဂုဏ်ပြုကြောင်း ပြောကြားလိုပါတယ်။

**ဗိုလ်ကြီး သူရ ဇော်ဦးလွင်**

ကျွန်တော် သူရဘွဲ့ ရရှိတာဖြစ်ပါတယ်။ စစ်မြေပြင်မှာ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုတဲ့ ဒို့တာဝန်အရေးသုံးပါးကို ကျူးလွန်ဖောက်ဖျက်လာတဲ့ သူတွေကို ရှုပ်ရှုပ်ချွံချွံ တိုက်ခိုက်တွန်းလှန်ခဲ့တဲ့အတွက် နိုင်ငံတော်နဲ့ တပ်မတော်က ပေးအပ်ချီးမြှင့်တာ ဖြစ်ပါတယ်။ ကြုံလာတဲ့တိုက်ပွဲတွေအားလုံးကို ကိုယ့်အထက်အရာရှိတွေ၊ ရဲဘော်တွေနဲ့အတူ ရှုပ်ရှုပ်ချွံချွံ တာဝန်ကျေပွန်အောင် ထမ်းဆောင်ခဲ့ပါတယ်။ အခုလို သူရဘွဲ့ရရှိခဲ့တဲ့အတွက် ကိုယ့်ကိုယ်ကိုယ်လည်း ဂုဏ်ယူမိပါတယ်။ ကျွန်တော့်အနေနဲ့ တပ်မတော်မှာ ဆက်လက်တာဝန်ထမ်းဆောင်နေတဲ့ ကာလတစ်လျှောက်လုံးမှာလည်း တိုင်းပြည်အတွက်၊ လူမျိုးအတွက်၊ တပ်မတော်အတွက် အစွမ်းကုန် တာဝန်ထမ်းဆောင်သွားမှာ ဖြစ်ပါတယ်။ တိုင်းပြည်အတွက် အသက်ပေးသွားရတဲ့ ရဲဘော်ရဲဘက် အားလုံးအတွက်လည်း ဂုဏ်ယူကြောင်း ပြောကြားလိုပါတယ်။

**ဒုတိယအရာခံဗိုလ် သူရ ထွန်းဝေ၏ဇနီး ဒေါ်အသန်း**

ကျွန်မက သူရဘွဲ့ရရှိခဲ့တဲ့ ဒုတိယအရာခံဗိုလ်ထွန်းဝေရဲ့ဇနီး ဒေါ်အသန်းဖြစ်ပါတယ်။ ၂၀၂၁ ခုနှစ် ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားကို ကျွန်မ အမျိုးသား ဒုတိယအရာခံဗိုလ်ထွန်းဝေ(ကျဆုံး)ကိုယ်စား တက်ရောက်တာ ဖြစ်ပါတယ်။ ကျွန်မအမျိုးသားက ရဲရဲဝံ့ဝံ့ စွန့်စွန့်စားစားတိုက်ပွဲဝင်ရင်း ကျဆုံးခဲ့တယ်လို့ သိရပါတယ်။ တိုက်ပွဲမှာကျဆုံးခဲ့တဲ့အတွက် များစွာဝမ်းနည်းခဲ့ရပါတယ်။ ဒါပေမယ့် တိုင်းပြည်အတွက် အသက်ပေးခဲ့ရတာ ဖြစ်လို့ ကျွန်မအမျိုးသားအတွက် များစွာဂုဏ်ယူပါတယ်။ တိုင်းပြည်အတွက် အသက်ပေးစွန့်လွှတ်ခဲ့တဲ့ စစ်သည်အားလုံးအတွက်လည်း အမြဲဂုဏ်ယူနေမှာ ဖြစ်ပါတယ်။

**သိပ္ပကျော်စွာဒေါက်တာတိုးလှ**
**ဒုတိယဥက္ကဋ္ဌ၊ မြန်မာ့သမိုင်းအဖွဲ့**

ကျွန်တော်က မြန်မာ့သမိုင်းအဖွဲ့မှာ ဒုတိယဥက္ကဋ္ဌတာဝန်ထမ်းဆောင်ပါတယ်။ အရင်က သမိုင်းပါမောက္ခလုပ်ခဲ့ပါတယ်။ ဒီနေ့ရတဲ့ဘွဲ့တံဆိပ်က သိပ္ပကျော်စွာဘွဲ့ပါ။ ဒီဘွဲ့ရတဲ့အတွက် ခံစားချက်ကတော့ ဝမ်းသာဂုဏ်ယူရတာပေါ့။ နောက်ပြီး ဒီဘွဲ့ရလိုက်တဲ့အတွက် နေရထိုင်ရတာ နည်းနည်းတော့ ကျဉ်းကျပ်သွားသလိုပဲ။ ဘာကြောင့်လဲဆိုတော့ လုပ်ရမယ့်တာဝန်တွေဟာ ပိုများလာမယ်လို့ ယုံကြည်ပါတယ်။ အဲဒါကြောင့် လုပ်ရမယ့်တာဝန်တွေ စဉ်းစားလိုက်တဲ့အခါ ဒီအသက်အရွယ်နဲ့ဆိုတော့ စိတ်ကျဉ်းကျပ်လာသလို ဖြစ်တာပေါ့။

မြန်မာ့သမိုင်းနဲ့ပတ်သက်ပြီး လောလောဆယ် နှစ်ခုရေးနေပါတယ်။ “မြန်မာနိုင်ငံရဲ့ သမိုင်းမတိုင်မီခေတ်က လူတွေရဲ့သမိုင်း” နဲ့ “မြန်မာနိုင်ငံရဲ့ အလယ်ခေတ် သမိုင်း” ဖြစ်ပါတယ်။ အလယ်ခေတ်သမိုင်းဆိုတာက ပုဂံခေတ်လွန်ပြီးတဲ့နောက် ပင်းယ၊ စစ်ကိုင်း၊ အင်းဝဆိုတဲ့ သုံးနိုင်ငံခေတ်ကို လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ ဘာသာရေး စသဖြင့် အခန်း ခုနစ်ခန်းလောက်ဖွဲ့ပြီး ရေးနေတာ ဒီကိုဗစ်ကာလကြီးမှာ ပြီးသွားပါပြီ။

ကျွန်တော့်ရဲ့ဘဝမှာ မှတ်မှတ်ရရ အခု သိပ္ပကျော်စွာဘွဲ့အပြင် အမျိုးသားစာပေဆု နှစ်ကြိမ်၊ ထွန်းဖောင်ဒေးရှင်းစာပေဆုနှစ်ကြိမ်၊ ဆရာဝန်တင်ရွှေစာပေဆု တစ်ကြိမ်၊ ပခုက္ကူဦးအုံးဖေစာပေဆု တစ်ကြိမ်ရဖူးပါတယ်။ နောက်ပြီး ကျွန်တော်နေခဲ့တဲ့ အမေရိကန်တက္ကသိုလ်ကနေ DIA လို့ခေါ်တဲ့ Distinguished International Alliance ဆိုတဲ့ ဂုဏ်ပြုလွှာရဖူးပါတယ်။

ကျွန်တော့်အနေနဲ့ စာဖတ်ပရိသတ်ကို စာများများ ဖတ်စေချင်ပါတယ်။ သမိုင်းဆိုတာက လူတိုင်းနဲ့ဆိုင်တဲ့အတွက် လူတိုင်းဟာ ကိုယ်ဘယ်ဘာသာရပ်နဲ့ ဘာယူလာလာ သမိုင်းဆိုတာ လူ့အဖွဲ့အစည်းနဲ့ မကင်းတဲ့အတွက် သူတို့လည်း သမိုင်းတွေကို လေ့လာကြမယ်ဆိုရင် ပိုကောင်းပါတယ်။ ဘာဖြစ်ဖြစ်သမိုင်းအမြင်ဆိုတာရှိပါတယ်။ သမိုင်းအမြင်ဆိုတာ လူတိုင်းမြင်တတ်ပေမယ့် ကိုယ်မြင်မှန်းမသိတာတွေကို ဒါသမိုင်းအမြင်ပဲ၊ ဒါသမိုင်းတွေပဲ ဒို့ဒီသမိုင်းတွေထဲမှာ ဒို့လှုပ်ရှားနေတယ်။ ဒို့ဟာ နောင်လူတွေအတွက် တာဝန်တွေရှိတယ်ဆိုတဲ့ စိတ်ဓာတ်ကလေးတွေ သူတို့စိတ်ထဲဝင်သွားရင် ကျေနပ်ပါပြီ။ **စာမျက်နှာ ၉ သို့ »»**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့ ကမ္ဘာတစ်ဝန်းရှိ နိုင်ငံခေါင်းဆောင်များမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ ပေးပို့

၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံ့ခေါင်းဆောင်များနှင့် နိုင်ငံ့အကြီးအကဲများက နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာများ ပေးပို့ကြသည်။

## နယ်သာလန်နိုင်ငံ

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ နယ်သာလန်နိုင်ငံ ဘုရင် ဝီလီယံ အလက်ဇန္ဒြားထံမှ (၇၃)နှစ်မြောက်လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် မိမိအနေဖြင့် အဆွေတော်အား ဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် မြန်မာပြည်သူပြည်သားများ ကြွယ်ဝချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

လတ်တလော ဖြစ်ပွားလျက်ရှိသည့် ကိုဗစ်-၁၉ ကပ်ရောဂါသည် မိမိတို့အားလုံးအတွက် မကြုံဖူးသည့် စိန်ခေါ်မှုတစ်ခုပင် ဖြစ်ပါကြောင်း၊ ကိုဗစ်ရောဂါ ကျော်လွှားနိုင်စေရန်အတွက် မိမိတို့အတူတကွ ဆက်လက်အားထုတ်ကြိုးပမ်းကြမည်ဖြစ်ပါကြောင်းနှင့် အဆွေတော်၏ အစိုးရနှင့် ပြည်သူပြည်သားများ အင်အား၊ ရဲမာန်သတ္တိနှင့် ကျန်းမာသုခရရှိကြပါစေကြောင်း မိမိအနေဖြင့် ဆုမွန်ကောင်းတောင်းအပ်ပါသည်။

## မော်ရိုကိုနိုင်ငံ

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ မော်ရိုကိုနိုင်ငံ ဘုရင် ဆဋ္ဌမမြောက် မိုဟာမက်ထံမှ (၇၃)နှစ်မြောက်လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် နွေးထွေးဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် မြန်မာပြည်သူပြည်သားများအနေဖြင့်လည်း ပိုမိုဖွံ့ဖြိုးတိုးတက်၍ သာယာဝပြောကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

မိမိအနေဖြင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန်လေးစားမှုကို တန်ဖိုးထားပါကြောင်းနှင့် နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားအတွက် နှစ်နိုင်ငံဆက်ဆံရေး တိုးတက်ခိုင်မာစေရန်အတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို အခွင့်အခါကြုံခိုက် ပြောကြားလိုပါသည်။

## ချက်သမ္မတနိုင်ငံ

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ ချက်သမ္မတနိုင်ငံ သမ္မတ မီလို ဇီးမင်းထံမှ (၇၃)နှစ်မြောက်လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်နှင့် မြန်မာပြည်သူပြည်သားများထံသို့ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း မိမိအနေဖြင့် နှုတ်ခွန်းဆက်သအပ်ပါသည်။

မိမိအနေဖြင့် အခါအခွင့်ကြုံခိုက် အဆွေတော်နှင့် ပြည်သူပြည်သားများ ဆတက်ထမ်းပိုး အောင်မြင်မှုများရရှိ၍ ကြွယ်ဝချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။ မိမိတို့ နှစ်နိုင်ငံအကြား ဆက်ဆံရေးသည် ကဏ္ဍပေါင်းစုံ၌ ဆက်လက်တိုးတက်နက်ရှိုင်းလာမည်ဟု မိမိအနေဖြင့် ယုံကြည်ပါသည်။

လာမည့်နှစ်များတွင် အဆွေတော်နှင့် မြန်မာပြည်သူပြည်သားများ အောင်မြင်မှုများ ရရှိပါစေကြောင်း ဆုမွန်ကောင်းပို့သအပ်ပါသည်။

## ထိုင်းနိုင်ငံ

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ ထိုင်းနိုင်ငံ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယုဒ်ချန်အိုချာ (ငြိမ်း)ထံမှ (၇၃)နှစ်မြောက်လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၃) နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ထိုင်းနိုင်ငံအစိုးရနှင့် ပြည်သူများကိုယ်စား မိမိအနေဖြင့် အဆွေတော်နှင့် မြန်မာပြည်သူများအား လှိုက်လှိုက်လှဲလှဲ ဝမ်းမြောက်ဂုဏ်ယူပါကြောင်း ဆုမွန်ကောင်းပို့သအပ်ပါသည်။

မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံအကြား နှစ်နိုင်ငံဆက်ဆံရေးမှာ အစဉ်နွေးထွေးကောင်းမွန်လျက်ရှိပြီး သမိုင်းကြောင်းအပေါ် နက်ရှိုင်းစွာ အခြေခံထားပါသည်။ နှစ်နိုင်ငံအကြား တည်ရှိသော ဘုံယဉ်ကျေးမှုနှင့် ဘာသာရေး အမွေအနှစ်များသည် ဆယ်စုနှစ် (၇)စုကျော်ကြာ ပြည်သူအချင်းချင်း ချစ်ကြည်ရင်းနှီးမှုအတွက် ခိုင်မာသည့် အခြေခံကောင်းများဖြစ်ပါသည်။ နှစ်နိုင်ငံအကြား ထူထောင်ထားရှိသည့် မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးသည် ပြီးခဲ့သည့်နှစ်များအတွင်း ပိုမိုခိုင်မာ၍ အရှိန်အဟုန်ကောင်းများ ရရှိလျက်ရှိနေသည်ကို မိမိအနေဖြင့် ဝမ်းမြောက်မိပါသည်။

မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယတွင် ငြိမ်းချမ်းသာယာ၍ ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရက်တစ်ဖက်ဒရယ်ပြည်ထောင်စု တည်ထောင်ရန် မြန်မာပြည်သူများ၏ ဘုံမျှော်မှန်းချက်အား ထိုင်းနိုင်ငံအနေဖြင့် အခိုင်အမာ ထောက်ခံကြောင်း ပြောကြားလိုပါသည်။ ရှေ့အနာဂတ်ကာလတွင် မိမိတို့ နှစ်နိုင်ငံ အတူတကွ ပြန်လည်ဦးမော့လာစေရေးနှင့် နှစ်နိုင်ငံပြည်သူများ တစ်မူထူးခြားသည့် အကျိုးရလဒ်များ ရရှိခံစားနိုင်ရေးတို့အတွက် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံအကြား ပိုမိုနက်ရှိုင်းကျယ်ပြန့်စွာ ပူးပေါင်းဆောင်ရွက်ရန် လက်တွဲကြိုးပမ်းရမည်ဖြစ်ပါသည်။

မိမိတို့နှစ်နိုင်ငံအကြား ခိုင်မာတည်တံ့သည့် မိတ်ဖက်ဆက်ဆံရေးသည် နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားကို မြှင့်တင်ရန် ဆက်လက်အားကောင်း၍ နှစ်နိုင်ငံနှင့် ဒေသတွင်း ငြိမ်းချမ်းသာယာဝပြောရေးကို အထောက်အကူပြုမည်ဟု မိမိအနေဖြင့် အခိုင်အမာယုံကြည်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည် အလေးထားလျက်ရှိကြောင်း ဖော်ပြအပ်ပါသည်။

## ဩစတြီးယားသမ္မတနိုင်ငံ

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ ဩစတြီးယားသမ္မတနိုင်ငံ သမ္မတ အလက်ဇန္ဒား ဗန် ဒါ ဘယ်လန်ထံမှ (၇၃)နှစ်မြောက်လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်ထံသို့ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း မိမိအနေဖြင့် နှုတ်ခွန်းဆက်သအပ်ပါသည်။

အဆွေတော် ကျန်းမာချမ်းသာ၍ မြန်မာပြည်သူပြည်သားများ အနာဂတ်တွင် ပျော်ရွှင်ပါစေကြောင်း အခါအခွင့်ကြုံခိုက် မိမိအနေဖြင့် ဆုမွန်ကောင်းတောင်းအပ်ပါသည်။

## ပေါ်တူဂီသမ္မတနိုင်ငံ

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ ပေါ်တူဂီသမ္မတနိုင်ငံ သမ္မတ မာဆယ်လို ရီဘယ်လို ဒီ ဆူဇာထံမှ (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် မြန်မာပြည်သူများ တိုးတက်သာယာဝပြောပါစေကြောင်း အဆွေတော်ထံသို့ မိမိမှ ဆုမွန်ကောင်းပို့သအပ်ပါသည်။

## ကျူးဘားသမ္မတနိုင်ငံ

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ ကျူးဘားသမ္မတနိုင်ငံ သမ္မတ မီဂဲလ် ဒီရက် (ဇ်) ကန်နယ် ဘယ်(ရ်)မူဒက်(ဇ်) ထံမှ (၇၃)နှစ်မြောက်လွတ်လပ်ရေးနေ့ အတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၃) နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယအတွက် ကျူးဘားပြည်သူများနှင့် အစိုးရကိုယ်စား လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် မြန်မာနိုင်ငံနှင့် ကျူးဘားနှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် ဆန္ဒရှိကြောင်းကို ထပ်လောင်းပြောကြားလိုပါသည်။

## အီဂျစ်အာရပ်သမ္မတနိုင်ငံ

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ အီဂျစ်အာရပ်သမ္မတနိုင်ငံ သမ္မတ အက်ဗ်ဒူ ဖက်ဝါ အယ် စီစီထံမှ (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် လှိုက်လှဲဂုဏ်ယူဝမ်းမြောက်စွာဖြင့် ဆုမွန်ကောင်းပို့သအပ်ပါသည်။

အဆွေတော် ကျန်းမာရွှင်လန်းပါစေကြောင်းနှင့် ဖော်ရွေသော မြန်မာပြည်သူပြည်သားများ တိုးတက်သာယာဝပြောပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

## အက်စ်တိုးနီးယားသမ္မတနိုင်ငံ

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ အက်စ်တိုးနီးယားသမ္မတနိုင်ငံ သမ္မတ ကက်စ်တီ ကလ်ဂျူလိတ်ထံမှ (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

ဇန်နဝါရီလ ၄ ရက်တွင် ကျရောက်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယအတွက် အဆွေတော်နှင့် မြန်မာပြည်သူပြည်သားများထံသို့ ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ချမ်းသာကြွယ်ဝပါစေကြောင်း ဆုမွန်ကောင်းပို့သအပ်ပါသည်။

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် မိမိတို့အားလုံးသည် စိန်ခေါ်မှုများကို ရင်ဆိုင်ရလျက်ရှိရာ မြန်မာပြည်သူပြည်သားများအား စာနာထောက်ထားအားပေးလျက်ရှိပါကြောင်း ဖော်ပြလိုပါသည်။

အဆွေတော်အား မိမိအနေဖြင့် ချစ်ကြည်အလေးထားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

## တူရကီသမ္မတနိုင်ငံ

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ တူရကီသမ္မတနိုင်ငံ သမ္မတ ရီဆက်တေယစ် အာဒိုဂန်ထံမှ (၇၃)နှစ်မြောက်လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်ထံသို့ လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ကြောင်း တူရကီနိုင်ငံကိုယ်စား မိမိမှ နှုတ်ခွန်းဆက်သအပ်ပါသည်။

နှစ်နိုင်ငံပြည်သူများ၏ ဘုံအကျိုးစီးပွားအတွက် လာမည့်ကာလများအတွင်း တူရကီနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်လာမည်ဟု ယုံကြည်ပါသည်။

အခါအခွင့်ကြုံခိုက် အဆွေတော် ကျန်းမာရွှင်လန်းပါစေကြောင်းနှင့် မြန်မာပြည်သူပြည်သားများ သာယာဝပြောပါစေကြောင်း ထပ်လောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

## ဆားဘီးယားသမ္မတနိုင်ငံ

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံသို့ ဆားဘီးယား သမ္မတနိုင်ငံ ဝန်ကြီးချုပ် အာနာ ဘာနာဘိ(ချ်)ထံမှ (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်ထံသို့ ဆားဘီးယားအစိုးရကိုယ်စား မြန်မာနိုင်ငံနှင့် ပြည်သူပြည်သားများ အနာဂတ်တွင် ဆက်လက်အောင်မြင်ပါစေရန်နှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် မိမိအနေဖြင့် ဆုမွန်ကောင်း ပို့သအပ်ပါသည်။

၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၉ ရက်တွင် ကျရောက်သည့် နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေးထူထောင်မှု နှစ် (၇၀) ပြည့် အခါသမယမှ ဆက်လက်၍ လာမည့်အနာဂတ်ကာလများတွင်လည်း မြန်မာနိုင်ငံနှင့် ဆားဘီးယားနိုင်ငံတို့အကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့သည် ပိုမိုတိုးမြင့်လာမည်ဟု မိမိအနေဖြင့် ယုံကြည်ပါသည်။

ဆားဘီးယားနိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် ဆယ်စုနှစ် (၇) ခုတိုင် စစ်မှန်သည့် ချစ်ကြည်ရင်းနှီးမှုကို တည်ဆောက်နိုင်ခဲ့ခြင်းကို အခြေပြုလျက် မိမိကိုယ်တိုင်လည်း ဆက်လက်ကြိုးပမ်း တည်ဆောက်သွားမည်ဖြစ်ပါသဖြင့် လာမည့်နှစ်များတွင်လည်း နှစ်နိုင်ငံဆက်ဆံရေးသည် နှစ်နိုင်ငံပြည်သူများ အကျိုးအတွက် ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။ နှစ်နိုင်ငံအကြား နိုင်ငံရေးထိတွေ့ဆွေးနွေးမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတို့ကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ခြင်းအားဖြင့် နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုအနှစ်သာရရှိစွာ မြှင့်တင်သွားနိုင်မည် ဖြစ်ပါသည်။

ဆားဘီးယားသမ္မတနိုင်ငံ၏ နယ်မြေတည်တံ့ခိုင်မြဲမှုနှင့် အချုပ်အခြာအာဏာ ပိုင်ဆိုင်မှုတို့အတွက် မြန်မာနိုင်ငံ၏ ခိုင်မာစွာ ထောက်ခံအားပေးမှုများအပေါ် ဆားဘီးယားနိုင်ငံမှ အလေးအနက် တန်ဖိုးထားရှိပါသည်။ အနာဂတ်တွင်လည်း မြန်မာနိုင်ငံအနေဖြင့် အလားတူ ရပ်တည်ချက်ကို ဆက်လက်ထိန်းသိမ်းပေးသွားမည်ဟု မျှော်လင့်ပါသည်။

အဆွေတော်နှင့်တွေ့ဆုံ၍ နှစ်နိုင်ငံ အကျိုးဖြစ်ထွန်းစေမည့် ကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးသွားနိုင်မည့် အခွင့်အလမ်းအား မကြာမီရရှိနိုင်မည်ဟု မျှော်လင့်ပါသည်။ မိမိအနေဖြင့် အဆွေတော်အား အစဉ်ချစ်ကြည် အလေးထားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

## သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံသို့ သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မဟင်ဒါ ရာဂျာပက်ဆာထံမှ (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် မိမိက နွေးထွေးစွာ ဂုဏ်ယူဝမ်းမြောက်ကြောင်း အဆွေတော်ထံသို့ နှုတ်ခွန်းဆက်သအပ်ပါသည်။

ထေရဝါဒဗုဒ္ဓဘာသာ၏ အခြေခံမူများနှင့် သင်ကြားပြသမှုများကို အခြေခံထားသော သီရိလင်္ကာနှင့် မြန်မာနိုင်ငံတို့အကြား ကာလရှည်ကြာ တည်တံ့ခဲ့သည့် ချစ်ကြည်ရင်းနှီးမှုသည် နှစ်နိုင်ငံဆက်ဆံရေးအတွက် ခိုင်မာသည့် အခြေခံအုတ်မြစ်ဖြစ်ပြီး ဤဒဿနိက အတွေးအခေါ်များသည် နှစ်နိုင်ငံအကြား ဆက်ဆံရေးကို ခိုင်မာစေခဲ့ပါသည်။ နှစ်နိုင်ငံအကြားနှင့် နိုင်ငံတကာမျက်နှာစာများ၌ ဘုံစိန်ခေါ်မှုများကို မိမိတို့ နှစ်နိုင်ငံ ကျော်လွှားရာတွင် နီးကပ်စွာ အတူတကွ ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါသည်။ သီရိလင်္ကာနှင့် မြန်မာနိုင်ငံတို့အကြား ကာလရှည်တည်တံ့ခဲ့သည့် ဆက်ဆံရေးသည် ပိုမိုတိုးတက်ခိုင်မာလာမှုကြောင့် နှစ်နိုင်ငံအကြား သမားရိုးကျ နယ်ပယ်များ၌ ပူးပေါင်းဆောင်ရွက်မှုအဆင့်မှ နိုင်ငံရေး၊ စီးပွားရေး၊ လုံခြုံရေးနှင့် ယဉ်ကျေးမှု စသည့်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်လာနိုင်သည့်အဆင့်သို့ ပိုမိုကျယ်ပြန့်စွာ လွှမ်းခြုံလာစေခဲ့ပါသည်။

အဆွေတော် ကျန်းမာရွှင်လန်းပါစေကြောင်းနှင့် မြန်မာပြည်သူများ ဆက်လက်တိုးတက်၍ သာယာဝပြောပါစေကြောင်း မိမိက ဆုမွန်ကောင်း ပို့သအပ်ပါသည်။

စာမျက်နှာ ၉ သို့ ○

○ စာမျက်နှာ ၈ မှ

## ပိုလန်သမ္မတနိုင်ငံ

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံသို့ ပိုလန်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မာတဲအုရှ် မိုရာဗစ်ချ်ထံမှ (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် ပိုလန်အစိုးရကိုယ်စား အဆွေတော်ထံသို့ ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး အသွင်ကူးပြောင်းမှုများ အောင်မြင်ပြီး တည်ငြိမ်မှုနှင့် ငြိမ်းချမ်းမှုတို့ ပြည့်စုံပါစေကြောင်း မိမိအနေဖြင့် ဆုမွန်ကောင်းတောင်းအပ်ပါသည်။ ပြီးခဲ့သည့် အထွေထွေရွေးကောက်ပွဲတွင် အဆွေတော်နှင့် အဆွေတော်၏ပါတီ အပြတ်အသတ်အနိုင်ရရှိမှုအတွက် အခါအခွင့်ကြုံခိုက် မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ပြောကြားလိုပါသည်။

တစ်ဆက်တည်းမှာပင် ပိုလန်နိုင်ငံအနေဖြင့် မိမိတို့၏ နိုင်ငံရေး၊ စီးပွားရေး အသွင်ကူးပြောင်းမှု အတွေ့အကြုံများဖြင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေး၊ ယုံကြည်မှုနှင့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီ အသွင်ကူးပြောင်းမှု လုပ်ငန်းစဉ်အပေါ် ဆက်လက်ထောက်ခံသွားမည်ဖြစ်ကြောင်း အခိုင်အမာ ဆန္ဒပြုအပ်ပါသည်။

ကိုဗစ်-၁၉ ကပ်ရောဂါကို ထိန်းချုပ်နိုင်သည့်ကာလတွင် မိမိတို့နှစ်နိုင်ငံအကြား အထူးသဖြင့် စီးပွားရေးနှင့် ယဉ်ကျေးမှုကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်မှုများကို ပြန်လည်တိုးမြှင့်သွားနိုင်မည်ဟု မျှော်လင့်ပါသည်။

မိမိအနေဖြင့် အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

## မလေးရှားသမ္မတနိုင်ငံ

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံသို့ မလေးရှားသမ္မတနိုင်ငံ ဝန်ကြီးချုပ် တန် ဆရီ မူယီဒင် ရာဆင်ထံမှ (၇၃)နှစ်မြောက် လွတ်လပ်ရေး နေ့အတွက် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် မလေးရှားနိုင်ငံအစိုးရကိုယ်စား မိမိအနေဖြင့် အဆွေတော်နှင့် မြန်မာအစိုးရတို့အား လှိုက်လှိုက်လှဲလှဲ ဝမ်းမြောက်ဂုဏ်ယူပါကြောင်း ဆုမွန်ကောင်းပို့သအပ်ပါသည်။

မလေးရှားနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုများကို စိတ်အားထက်သန်စွာ လေ့လာစောင့်ကြည့်ပါသည်။ မြန်မာနိုင်ငံ၏တိုးတက်အောင်မြင်မှုသည် အောင်ပွဲခံဂုဏ်ယူဖွယ် ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်တွင် အဆွေတော်၏ ခေါင်းဆောင်မှုအပေါ် မိမိအနေဖြင့် ထောက်ခံ၍ မြန်မာအစိုးရ၏ ခိုင်မာသည့် ဦးစီးဦးရွက်ပြုမှုနှင့်အတူ ယင်းလုပ်ငန်းစဉ် အရှိန်အဟုန်ဖြင့် ဆက်လက်ကာ တိုးတက်မှုများရရှိမည်ဟုလည်း ယုံကြည်ပါသည်။ တိုင်းရင်းသားလူမျိုး၊ ဘာသာတရားနှင့် ယဉ်ကျေးမှုပေါင်းစုံ တည်ရှိသောနိုင်ငံများဖြစ်သည့် အားလျော်စွာ မလေးရှားနိုင်ငံအနေဖြင့် ညီညွတ်မှုနှင့် အားလုံးပါဝင်နိုင်မှုသည် နိုင်ငံများ၏ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သာယာဝပြောရေးသို့ ဦးတည်ရာတွင် လွန်စွာအရေးကြီးကြောင်းကို အလေးအနက်ခံယူထားပါသည်။ သို့ပါ၍ မိမိတို့နှစ်နိုင်ငံ ဆက်ဆံရေးသာမက အာဆီယံမူဘောင်အောက်၌လည်း ပူးပေါင်းဆောင်ရွက်မှု ပိုမိုခိုင်မာစေရေးအတွက် မိမိအနေဖြင့်အဆွေတော်နှင့် လက်တွဲကြိုးပမ်းဆောင်ရွက်သွားရန် မျှော်လင့်လျက်ရှိပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

## ဘယ်လာရုစ်သမ္မတနိုင်ငံ

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံသို့ ဘယ်လာရုစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် ရိုမန် ဂိုလော့ဗ်ချန်ကိုထံမှ (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် ဘယ်လာရုစ်သမ္မတနိုင်ငံ အစိုးရကိုယ်စား မိမိအနေဖြင့် အဆွေတော်ထံသို့ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

ဘယ်လာရုစ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် နှစ်နိုင်ငံအကျိုးတူ နယ်ပယ်များတွင် ဘက်စုံပူးပေါင်း ဆောင်ရွက်မှုများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နှစ်နိုင်ငံ မိတ်ဖက်ဆက်ဆံရေး ပိုမိုနက်ရှိုင်းခိုင်မာရေးတို့အတွက် မိမိအနေဖြင့် အလေးထားပါကြောင်း ထပ်လောင်းအတည်ပြုအပ်ပါသည်။

နှစ်နိုင်ငံ လက်တွဲကြိုးပမ်းအားထုတ်မှုများဖြင့် အနှစ်သာရပြည့်ဝသည့် ပူးပေါင်းဆောင်ရွက်မှုအရ အဆင့်သစ်သို့ မြှင့်တင်နိုင်ပြီး အထူးသဖြင့် စီးပွားရေးနယ်ပယ်တွင် ထင်ရှားသော ရလဒ်များကို ရရှိနိုင်မည်ဟု ယုံကြည်ထားပါသည်။

အဆွေတော်အနေဖြင့် ကျန်းမာပြီး မြန်မာနိုင်ငံနှင့် ပြည်သူပြည်သားများ၏ အကျိုးစီးပွားကို သယ်ပိုးရာတွင် အောင်မြင်မှုများ ဆတက်ထမ်းပိုး ရရှိပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

# အင်းစိန်ရထားလမ်းခုံးကျော်တံတား အမှတ်(၂) (မင်းကြီးလမ်းလက်တက်တံတား) ဖွင့်လှစ်

**ရန်ကုန် ဇန်နဝါရီ ၄**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက တာဝန်ယူတည်ဆောက်သည့် အင်းစိန်ရထားလမ်း ခုံးကျော်တံတား အမှတ်(၂) (မင်းကြီးလမ်းလက်တက်တံတား) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ အဆိုပါတံတားသစ်၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့က အင်းစိန်ရထားလမ်း ခုံးကျော်တံတား အမှတ်(၂) (မင်းကြီးလမ်းလက်တက်တံတား)ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ကြပြီး ကမ္ပည်းကျောက်စာအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။



အဆိုပါတံတားကို ပြည်ထောင်စု ရန်ပုံငွေ ကျပ်သန်း ၁၉၀၀ ဖြင့် ၂၀၁၉ ခုနှစ် ဇွန် ၁ ရက်တွင် စတင်တည်ဆောက်ခဲ့ပြီး တံတားသည် အရှည် ၄၄၁ ပေ၊ အကျယ် ၂၂ ပေ၊ လူသွားလမ်းတစ်ဖက်လျှင် သုံးပေ အပါအဝင် တံတားခံနိုင်ဝန် တန် ၇၀၊ တစ်လမ်းသွား သံကူကွန်ကရစ် တံတားအမျိုးအစားဖြစ်ကာ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၃၀ ရက်တွင် တည်ဆောက်ပြီးစီးခဲ့သည်။ ဆက်လက်၍ မြေပြင်ပြုပြင်ခြင်း၊ မီးအလှဆင်ခြင်း၊ ဆေးသုတ်ခြင်းစသည့် အချောသတ်လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ဖွင့်လှစ်နိုင်ခဲ့ခြင်း ဖြစ်သည်။

**သတင်း- ဇော်ကြီး၊ ဓာတ်ပုံ-ဖေဇော်**

## ဇမ္ဗူသီရိမြို့နယ် ဘောဂသိဒ္ဓိရပ်ကွက် ငွေစု၊ ငွေချေး သမဝါယမအသင်းလီမိတက် ၂၀၁၉/၂၀၂၀ ဘဏ္ဍာရေးနှစ် အရပ်ရပ်ဆိုင်ရာ စည်းဝေး

**နေပြည်တော် ဇန်နဝါရီ ၄**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဘောဂသိဒ္ဓိရပ်ကွက် ငွေစု၊ ငွေချေး သမဝါယမအသင်းလီမိတက်၏ ၂၀၁၉/၂၀၂၀ ဘဏ္ဍာရေးနှစ် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ယင်းအသင်းရုံး၌ ကျင်းပသည်။

### ဆုများချီးမြှင့်

အစည်းအဝေးတွင် အသင်းစုချုပ်ဥက္ကဋ္ဌနှင့် ကော်မတီဝင်များက ၂၀၁၉/၂၀၂၀ ဘဏ္ဍာရေးနှစ် ငွေကြေးဘဏ္ဍာများနှင့်ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြပြီး အသင်းသားမိသားစုများ၏ တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့သူများကို အသင်းစုချုပ် ဥက္ကဋ္ဌ ဦးကျော်ဆန်းက ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ဇော်ရှိန်း(သတင်းစဉ်)**

»» စာမျက်နှာ ၇ မှ

**သိပ္ပကျော်စွာဦးကျော်ဝင်း(မနုသကျော်ဝင်း)**
**ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံစာရေးဆရာအသင်း**

ဒီဘွဲ့ရမယ်လို့လည်း မမျှော်လင့်ခဲ့ပါဘူး။ ကျွန်တော်တို့ လုပ်စရာရှိတဲ့လုပ်ငန်းကို တိုင်းပြည်အတွက် အတတ်နိုင်ဆုံး ကြိုးစားပြီး လုပ်ခဲ့ပါတယ်။ ကျွန်တော်က မနုသဗေဒနဲ့ ဝိဇ္ဇာဂုဏ်ထူး၊ မဟာဝိဇ္ဇာဘွဲ့ရတယ်။ ယဉ်ကျေးမှုဝန်ကြီးဌာနမှာ အငယ်တန်းအရာရှိဘဝကနေ ညွှန်ကြားရေးမှူးချုပ်အဆင့်အထိ တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ လုပ်ငန်းကို တာဝန်ကျေကျေကြိုးစားရင်းနဲ့ပဲ နိုင်ငံတော်က ချီးမြှင့်ခဲ့တဲ့အတွက် အငယ်တန်းအရာရှိကနေ ညွှန်ကြားရေးမှူးချုပ် ဖြစ်လာတယ်။ တာဝန်ထမ်းဆောင်တဲ့ကာလမှာလည်း တိုင်းရင်းသားတွေ၊ နာဂဒေသအပါအဝင် ဒေသတွေကို ကွင်းဆင်းလေ့လာတယ်။ အဲဒီက ရတဲ့အချက်အလက်တွေကို စာနယ်ဇင်းတွေမှာ ဆောင်းပါးတွေ၊ ဝတ္ထုတို၊ ဝတ္ထုရှည် ၁၀၀၀ ကျော်လောက် ရေးသားပြီးပါပြီ။ စာအုပ်အနေနဲ့ ၆ အုပ် ရေးသားပြုစုခဲ့ပြီး ၅ အုပ်က အမျိုးသားစာပေဆုအပါအဝင် နိုင်ငံတော်အဆင့် စာပေဆုတွေ ချီးမြှင့်ခံခဲ့ရပါတယ်။

မမျှော်လင့်ဘဲ ဒီဘွဲ့ကို ချီးမြှင့်ခံရတဲ့အခါ အတိုင်းထက်အလွန် ဝမ်းသာမိပါတယ်။ အရင်ကတော့ ကြိုးစားရတာပေါ့။ အသိအမှတ်ပြုခံရတာ၊ မပြုခံရတာထက် နိုင်ငံတော်အတွက် အကျိုးသက်ရောက်မှုရှိသွားတယ်ဆိုရင် အလိုလိုဝမ်းသာတယ်။ အခု နိုင်ငံတော်က ဒီလိုဘွဲ့တွေနဲ့ ချီးမြှင့်မြှောက်စားတယ်ဆိုတော့ ဝမ်းသာပြီးတော့ အားတက်လာတယ်။ ဆက်လက်ပြီးလည်း နိုင်ငံတော်နဲ့ ပြည်သူတွေကို ကိုယ်လေ့လာခဲ့တဲ့ ဘာသာရပ်နဲ့ အတတ်နိုင်ဆုံး အကျိုးပြုဖို့ ဆုံးဖြတ်ထားပါတယ်။

လူငယ်တွေအတွက် စကားလက်ဆောင်ပါးရမယ်ဆိုရင် တော်တော်များများက တက္ကသိုလ်ပညာဆည်းပူးရင် ဘွဲ့လက်မှတ်လောက် ရဖို့ပဲ စိတ်ကူးတယ်။ အဲဒီစိတ်ကူးကို စွန့်လွှတ်ပါ။ ကိုယ်နဲ့ အကိုက်ညီဆုံးဘာသာရပ်ကို ရွေးချယ်လေ့လာပါ။ ဘွဲ့လက်မှတ် ရရုံလောက်မဟုတ်ဘဲ ထဲထဲဝင်ဝင်သိအောင်လုပ်ပါ။ ဆရာတွေသင်တဲ့ မှတ်စုလောက်နဲ့ မကျေနပ်ဘဲ စာကြည့်တိုက်တွေကိုသွားပြီး လေ့လာပါ၊ ဖတ်ပါ၊ မှတ်ပါ၊ ကျက်ပါ။ ဆရာ သင်ထားတာတွေက လမ်းပြအနေနဲ့ဖြစ်ပြီး စာကြည့်တိုက်မှာ သွားလေ့လာတာက ပြန်ပြီးတော့ ကျယ်ကျယ်ဝန်းဝန်းဖြည့်ဆည်းတဲ့သဘောဖြစ်တယ်။ အဲဒီလိုဆိုရင် ကိုယ့်အနေနဲ့ တက္ကသိုလ်ပညာရပ်ကို ထူးထူးချွန်ချွန် လေ့လာတတ်မြောက်ခဲ့ပြီဆိုပြီး ကိုယ့်ဘာသာကိုယ်လည်း အားရတယ်။ ကျောင်းကထွက်ပြီဆိုရင် ပညာတွေကို ကျောင်းမှာ ချန်မထားခဲ့ဘဲ ကိုယ်နဲ့တစ်ပါတည်းယူသွားပါ။ မိမိလေ့လာလိုက်စားခဲ့တဲ့ ပညာရပ်၊ ဘာသာရပ်နဲ့ တိုက်ရိုက်အကျိုးပြုရတဲ့ ဌာနမျိုးမှာ လုပ်ချင်မှလုပ်ရမယ်။ ဒါပေမယ့် စိတ်မပျက်ပါနဲ့၊ စိတ်ဓာတ်မကျပါနဲ့။ ကိုယ်တတ်မြောက်ခဲ့တဲ့ ပညာတွေကို တစ်ဖက်တစ်လမ်းကနေ အသုံးချနိုင်အောင်ကြိုးစားပါ။ စာရေးတာတို့၊ ဟောပြောတာတို့ တခြားနည်းလမ်းတွေ ရှိပါတယ်။ အဲဒီလိုနည်းနဲ့ ပြန်ပြီးအသုံးချရင် မိမိကို သင်ကြားပေးခဲ့တဲ့ တက္ကသိုလ်လည်း သင်ကြားရကျိုးနပ်ပြီး ကိုယ်လည်း သင်ယူလေ့လာရကျိုး နပ်ပါတယ်။

**အလင်္ကာကျော်စွာ ဦးစိန်စတင်း၏သား**
**ဦးမင်းဟန်(ခ)ဦးစိန်မင်းနိုင်(ဆိုင်းဆရာ)**

ကျွန်တော့်ဖခင် ဦးစိန်စတင်းအနေနဲ့ အလင်္ကာကျော်စွာဘွဲ့ ချီးမြှင့်ခံရပြီး အဖေမရှိတော့တဲ့အတွက် အဖေ့ကိုယ်စား တက်ရောက်ရယူတာဖြစ်ပါတယ်။ အဖေ့အနေနဲ့ ဆောင်ရွက်ချက်တွေ အများကြီးရှိပါတယ်။ နိုင်ငံတော်ကပေးအပ်တဲ့ တာဝန်မှန်သမျှ မညည်းညူဘဲ အလုပ်လုပ်ပေးခဲ့ပါတယ်။ ကျွန်တော်မှတ်မိသလောက်ဆိုရင် နိုင်ငံတော်က ကျင်းပတဲ့ ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲတွေမှာ ဒိုင်အဖြစ်ရော၊ နည်းပြအဖြစ်ရော တာဝန်ယူပေးခဲ့တယ်။ နိုင်ငံတော်ကပေးတဲ့ ကျရာတာဝန်ကို ထမ်းဆောင်ပေးခဲ့ပါတယ်။ ဒီလိုချီးမြှင့်တဲ့ပွဲကို အဖေ သက်ရှိထင်ရှားရှိပြီး တက်ရောက်ယူစေချင်တာပါ။

အဖေနဲ့ပတ်သက်ပြီး မှတ်မှတ်ရရရှိတာကတော့ ကျွန်တော်ငယ်စဉ်အချိန် ရန်ကုန်မြို့တော်ခန်းမရှေ့မှာ ဖျော်ဖြေပွဲတစ်ခုလုပ်တယ်။ အဲဒီဖျော်ဖြေပွဲမှာ ဆိုင်းအဖွဲ့ ၅ ဖွဲ့ တီးခတ်ဖျော်ဖြေတယ်။ အဲဒီအချိန်က အဖေက ပွဲဆက်များနေတော့ လက်တွေ နာနေတယ်လို့ သိရတယ်။ အားလုံးက အဖေတီးနိုင်ပါ့မလားလို့ သံသယဖြစ်ကြတယ်။ အဖေ့ အလှည့်ရောက်တော့ အဖေပတ်လုံးစမ်းချိန်မှာပဲ အဖေ့နာမည်ရွတ်ပြီး ပရိသတ်က အားပေးကြတယ်။ အဖေကလည်း ပရိသတ်ကို အကောင်းဆုံးဖျော်ဖြေခဲ့ပြီး ပရိသတ်ကလည်း နှစ်ထောင်းအားရ အားပေးခဲ့တယ်လို့ တစ်ဆင့်စကား ကြားရပါတယ်။ နိုင်ငံတော်က အဖေစိန်စတင်းကို ဒီဘွဲ့ပေးတယ်ဆိုတာ အဖေရဲ့ ပညာရပ်ကို အလေးထားပေးတယ်လို့ မြင်ပါတယ်။

အဆိုပါ အခမ်းအနားတွင် သရေစည်သူဘွဲ့ရရှိသူ တစ်ဦး၊ သီဟသူရဘွဲ့ရရှိသူ တစ်ဦး၊ သူရဘွဲ့ရရှိသူ သုံးဦး၊ ဇေယျကျော်ထင်ဘွဲ့ရရှိသူ ၁၁ ဦး၊ အလင်္ကာကျော်စွာဘွဲ့ရရှိသူ တစ်ဦး၊ သိပ္ပကျော်စွာဘွဲ့ရရှိသူ လေးဦးတို့ကို ဂုဏ်ထူးဆောင်ဘွဲ့များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

# သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်ကြော်ငြာစာအမှတ် ၁ / ၂၀၁၂**
**၁၃၇၃ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၆ ရက်**
**( ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက် )**

နိုင်ငံတော်သမ္မတက အောက်ဖော်ပြပါဆရာတော်ကြီးများ၊ ဂန္ထဓုရ ပရိယတ္တိဝန်ဆောင် စာချဆရာတော်များ၊ ဝိပဿနာဓုရပဋိပတ္တိဝန်ဆောင် ကမ္မဋ္ဌာန်းနည်းပြဆရာတော်များ၊ နယ်လှည့်ဓမ္မကထိကနှင့် ပြည်တွင်း၊ ပြည်ပ သာသနာပြုပုဂ္ဂိုလ်များ၊ ဗုဒ္ဓသာသနာတော်ကို ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာ ထောက်ပံ့လှူဒါန်းနေကြသည့် ပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းအပ်နှင်းလိုက်ပါသည်-

**(ယမန်နေ့မှအဆက်)**

၂၄။ ဘဒ္ဒန္တဇနိတ၊ သာသနဇောတိကစာသင်တိုက်၊ မြို့တွင်းကြီးရပ်ကွက်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး
၂၅။ ဘဒ္ဒန္တဥတ္တမမောဠိ၊ ဗောဓိရိပ်သာကျောင်းတိုက်၊ ရွာမမြောက်ရပ်ကွက်၊ ကြို့ပင်ကောက်မြို့၊ ပဲခူးတိုင်းဒေသကြီး
၂၆။ ဘဒ္ဒန္တပညာလောက၊ ကိုးသောင်းသာသနမင်္ဂလာစာသင်တိုက်၊ ကိုးသောင်းရပ်ကွက်၊ ပြည်မြို့၊ ပဲခူးတိုင်းဒေသကြီး
၂၇။ ဘဒ္ဒန္တကဝိန္ဒ၊ မဟာပညာဗိမာန်စာသင်တိုက်၊ ရှမ်းကုန်း/ကြေးနန်းတန်းရပ်ကွက်၊ ရွှေကျင်မြို့၊ ပဲခူးတိုင်းဒေသကြီး
၂၈။ ဘဒ္ဒန္တဝဏ္ဏိတ၊ ဥဿာသီရိစာသင်တိုက်၊ နန်းတော်ရာရပ်ကွက်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး
၂၉။ ဘဒ္ဒန္တမဏိသာရာဘိဝံသ၊ ရွှေကျင်တောင်စာသင်တိုက်၊ ဘူတာတောင်ရပ်ကွက်၊ ဖြူးမြို့၊ ပဲခူးတိုင်းဒေသကြီး
၃၀။ ဘဒ္ဒန္တအဂ္ဂဝံသ၊ မဟာဓမ္မိကာရာမစာသင်တိုက်၊ မြို့မအိုးဘိုရပ်ကွက်၊ မကွေးမြို့၊ မကွေးတိုင်းဒေသကြီး
၃၁။ ဘဒ္ဒန္တမာနိတ၊ ပညာစက္ကာရာမစာသင်တိုက်၊ အောင်ချမ်းသာရပ်ကွက်၊ မကွေးမြို့၊ မကွေးတိုင်းဒေသကြီး
၃၂။ ဘဒ္ဒန္တကုမာရ၊ မဟာသုခိတာရာမစိန်ပန်းကျောင်းတိုက်၊ စာစီကျောင်းရပ်ကွက်၊ စလင်းမြို့၊ မကွေးတိုင်းဒေသကြီး
၃၃။ ဘဒ္ဒန္တပဏ္ဍိတ ၊ လက်ပံပင်စာသင်တိုက်၊ ပေါင်းနားရပ်ကွက်၊ စလင်းမြို့၊ မကွေးတိုင်းဒေသကြီး
၃၄။ ဘဒ္ဒန္တသီလာစာရ၊ ရွှေတောင်ပါဠိတက္ကသိုလ်ကျောင်းတိုက်၊ အိုးဘိုရပ်ကွက်၊ ရေနံချောင်းမြို့၊ မကွေးတိုင်းဒေသကြီး
၃၅။ ဘဒ္ဒန္တဥက္ကဋ္ဌ၊ သိရီဂုဏ်ရည်ကျောင်း၊ ညောင်ကန်ကျောင်းတိုက်၊ ချမ်း/တောင်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၃၆။ ဘဒ္ဒန္တပညာသာမိ၊ တိုက်ကျောင်းစာသင်တိုက်၊ တရုပ်စုရပ်ကွက်၊ စဉ့်ကိုင်မြို့၊ မန္တလေးတိုင်းဒေသကြီး
၃၇။ ဘဒ္ဒန္တဇနိန္ဒ၊ မဟာသန္တာရုံကျောင်းတိုက်၊ ညောင်ကွဲရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၃၈။ ဘဒ္ဒန္တကောသိယာဝုဓ၊ နိုင်ငံတော်ပရိယတ္တိသာသနတက္ကသိုလ်၊ ဒေါနဘွားရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၃၉။ ဘဒ္ဒန္တမာဏဝ၊ အောင်ဇမ္ဗူကျောင်း၊ ဆေးဒါန်းတောင်တိုက်၊ ဥပုသ်တော်ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၄၀။ ဘဒ္ဒန္တအဂ္ဂည၊ ဂုဏဝတီတိုက်ကျောင်း၊ ဒက္ခိဏာရာမဘုရားကြီးတိုက်၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၄၁။ ဘဒ္ဒန္တဇောတိက၊ နိုင်ငံတော်ပရိယတ္တိသာသနတက္ကသိုလ်၊ ဒေါနဘွားရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၄၂။ ဘဒ္ဒန္တပဏ္ဍာဝံသ၊ ကုက္ကိုတောရစာသင်တိုက်၊ အမှတ်(၁၇)ရပ်ကွက်၊ မြင်းခြံမြို့၊ မန္တလေးတိုင်းဒေသကြီး
၄၃။ ဘဒ္ဒန္တက္ကန္ဒာလောကာလင်္ကာရ၊ မဟာဂန္ဓာရုံကျောင်းတိုက်၊ ဆင်စွယ်ပွတ်ရပ်ကွက်၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၄၄။ ဘဒ္ဒန္တဝိမလဗုဒ္ဓိ၊ သရက်တောဝါးတန်းကျောင်း၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ ဒေးဝန်းအရှေ့ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၄၅။ ဘဒ္ဒန္တဝိဇယာနန္ဒ၊ နိုင်ငံတော်ပရိယတ္တိသာသနတက္ကသိုလ်၊ ဒေါနဘွားရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၄၆။ ဘဒ္ဒန္တဥက္ကဋ္ဌ၊ ဇောတိကာရုံစာချအုဋ္ဌ်ကျောင်း၊ တောင်ပြင်ထီးလင်းတိုက်၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၄၇။ ဘဒ္ဒန္တက္ကန္ဒာသဘ၊ ဓမ္မရေဝါဆိုကျောင်းတိုက်၊ သံလျက်မှော်တောင်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၄၈။ ဒေါက်တာဘဒ္ဒန္တဂုဏသာမီဘိဝံသ၊ တိပိဋကထိန်လင်းစာသင်တိုက်၊ ဥပုသ်တော်ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၄၉။ ဘဒ္ဒန္တသုမင်္ဂလာလင်္ကာရာဘိဝံသ၊ သာမဏေကျော်စာသင်တိုက်၊ တောင်နံ့သာကွက်သစ်၊ ကျောက်ဆည်မြို့၊ မန္တလေးတိုင်းဒေသကြီး
၅၀။ ဘဒ္ဒန္တသြဘာသ၊ သာသနအောင်မြေစာသင်တိုက်၊ အောင်ချမ်းသာကျေးရွာ၊ ပြင်ဦးလွင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၅၁။ ဘဒ္ဒန္တစန္ဒ၊ ရတနဒေဝသာရုံခြင်္သေ့ကျောင်းတိုက်၊ ကမာဝက်မြို့၊ မုဒုံမြို့နယ်၊ မွန်ပြည်နယ်
၅၂။ ဘဒ္ဒန္တသြဘာသ၊ မဟာရင်စာသင်တိုက်၊ ကတိုးကျေးရွာ၊ မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ်
၅၃။ ဘဒ္ဒန္တသုနန္ဒ၊ စစ်ကိုင်းကျောင်းစာသင်တိုက်၊ ဗိုလ်တေဇရပ်ကွက်၊ ဘီးလင်းမြို့၊ မွန်ပြည်နယ်
၅၄။ ဘဒ္ဒန္တပဏ္ဍိတ၊ မြို့မစာသင်တိုက်၊ အလယ်စုရပ်ကွက်၊ ပုဏ္ဏားကျွန်းမြို့၊ ရခိုင်ပြည်နယ်
၅၅။ ဘဒ္ဒန္တသောမာစာရ၊ စမ်းမြဲအောင်မြေသိရိဂန္ဓာရုံကျောင်း၊ အမှတ်(၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၅၆။ ဘဒ္ဒန္တဥတ္တမသာရ၊ မစိုးရိမ်စာသင်တိုက်၊ ကံကြီး/မကျီးရပ်ကွက်၊ ကွမ်းခြံကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၅၇။ ဘဒ္ဒန္တဝိစက္ခဏ၊ ပဋ္ဋနိကာယသာသနဗိမာန်ကျောင်းတိုက်၊ အမှတ်(၁၁)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၅၈။ ဘဒ္ဒန္တတေဇောသာရ၊ ရတနဗိမာန်ကျောင်းတိုက်၊ အိုးဘိုအနောက်ရပ်ကွက်၊ တွံတေးမြို့၊ ရန်ကုန်တိုင်းဒေသကြီး
၅၉။ ဘဒ္ဒန္တဃောသိတ၊ ကိုးလုံးကွင်းစာသင်တိုက်၊ ကိုးလုံးကွင်းကျေးရွာ၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၆၀။ ဘဒ္ဒန္တစိန္တာဝရ၊ နိုင်ငံတော်ပရိယတ္တိသာသနတက္ကသိုလ်၊ အမှတ်(၇)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၆၁။ ဘဒ္ဒန္တအာသဘ၊ ညောင်တုန်းပါဠိတက္ကသိုလ်ကျောင်းတိုက်၊ ကြားတောရရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၆၂။ ဘဒ္ဒန္တနန္ဒိယ၊ ဓမ္မသိပ္ပံစာသင်တိုက်၊ အမှတ်(၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၆၃။ ဒေါက်တာဘဒ္ဒန္တထေရာသဘ၊ နိုင်ငံတော်ပရိယတ္တိသာသနတက္ကသိုလ်၊ အမှတ်(၇)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၆၄။ ဘဒ္ဒန္တဝိသုဒ္ဓ၊ ရွှေညောင်ပင်တောရစာသင်တိုက်၊ ကြို့ကုန်းအရှေ့ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၆၅။ ဘဒ္ဒန္တသုမင်္ဂလသာမိ၊ ပိဋကသုံးပုံနိကာယ်စာသင်တိုက်၊ အမှတ်(၂၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၆၆။ ဘဒ္ဒန္တနန္ဒောဘာသ၊ သုဓမ္မာတိုက်ကျောင်း၊ မြို့မရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၆၇။ ဒေါက်တာဘဒ္ဒန္တပဏ္ဍိတ၊ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ အမှတ်(၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၆၈။ ဘဒ္ဒန္တသူရိယ၊ မင်းကျောင်းပထမပြန်စာသင်တိုက်၊ မြို့သစ်အလယ်ရပ်ကွက်၊ သန်လျင်မြို့၊ ရန်ကုန်တိုင်းဒေသကြီး
၆၉။ ဒေါက်တာဘဒ္ဒန္တပါရမီ၊ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ အမှတ်(၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၇၀။ ဘဒ္ဒန္တသုနန္ဒ၊ ပိဋကသုံးပုံနိကာယ်စာသင်တိုက်၊ အမှတ်(၂၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၇၁။ ဘဒ္ဒန္တဝိဇယာနန္ဒ၊ ပုဗ္ဗာရုံစာသင်တိုက်၊ ဟော်နန်းရပ်ကွက်၊ မိုးမိတ်မြို့၊ ရှမ်းပြည်နယ်
၇၂။ ဘဒ္ဒန္တပညာဇောတ၊ ရန်အောင်မြင်စာသင်တိုက်၊ အမှတ်(၁)ရပ်ကွက်၊ လားရှိုးမြို့၊ ရှမ်းပြည်နယ်
၇၃။ ဘဒ္ဒန္တဓမ္မပါလ၊ အတွင်းပတ္တမြားတိုက်သစ်စာသင်တိုက်၊ ကနောင်စုရပ်ကွက်၊ ဟင်္သာတမြို့၊ ဧရာဝတီတိုင်းဒေသကြီး
၇၄။ ဘဒ္ဒန္တရေဝတ၊ မဟာမင်္ဂလာရာမခင်မကန်ကျောင်းစာသင်တိုက်၊ အမှတ်(၃)ရပ်ကွက်၊ ဓနုဖြူမြို့၊ ဧရာဝတီတိုင်းဒေသကြီး
၇၅။ ဘဒ္ဒန္တကောဝိဒ၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၊ အမှတ်(၃)ရပ်ကွက်၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး
၇၆။ ဘဒ္ဒန္တစာရိန္ဒ၊ ဝေဠုဝန်စာသင်တိုက်၊ မြို့မတဲကြီးကုန်းကျေးရွာ၊ မြန်အောင်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး
၇၇။ ဘဒ္ဒန္တနန္ဒ၊ ထန်းပင်ကျောင်းစာသင်တိုက်၊ အမှတ်(၁)ရပ်ကွက်၊ ဖျာပုံမြို့၊ ဧရာဝတီတိုင်းဒေသကြီး
၇၈။ ဘဒ္ဒန္တဉာဏသိရီ၊ တိုက်သစ်ပဒေ္ဓါတာရုံကျောင်းတိုက်၊ အမှတ်(၃)ရပ်ကွက်၊ မြောင်းမြမြို့၊ ဧရာဝတီတိုင်းဒေသကြီး
၇၉။ ဘဒ္ဒန္တက္ကသရိယ၊ နဝင်းကုန်းစာသင်တိုက်၊ ရွာသစ်ရပ်ကွက်၊ ကြံခင်းမြို့၊ ဧရာဝတီတိုင်းဒေသကြီး
၈၀။ ဘဒ္ဒန္တဂုဏာဘိရတ၊ ဇေယျမေဒနီကျောင်းတိုက်၊ အမှတ်(၈)ရပ်ကွက်၊ မြောင်းမြမြို့၊ ဧရာဝတီတိုင်းဒေသကြီး

**သီလရှင်ဆရာကြီးများ**

၈၁။ ဒေါ်ဓမ္မေသီ၊ သေုဝတီသီလရှင်စာသင်တိုက်၊ လယ်တီရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၈၂။ ဒေါ်ဝိသိင်္ဂီ၊ ဇေယျသိင်္ဂီချောင်၊ သောတာပန်ရပ်ကွက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၈၃။ ဒေါ်ကုလစာရီ၊ ဇေယျမေဒနီမြို့မစာသင်တိုက်၊ အမှတ်(၄)ရပ်ကွက်၊ ရေစကြိုမြို့၊ မကွေးတိုင်းဒေသကြီး
၈၄။ ဒေါ်ဝိစိတ္တာ၊ မြဝတီသီလရှင်စာသင်တိုက်၊ ချမ်းမြသာယာရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၈၅။ ဒေါ်ဓမ္မဝတီ၊ ခေမာရာမသီလရှင်စာသင်တိုက်၊ အောင်သုခရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်
၈၆။ ဒေါ်စန္ဒသိင်္ဂီ၊ သမိဒ္ဓေါဒယဖျာပုံသီလရှင်စာသင်တိုက်၊ ဗိုလ်ချို(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**ဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်**

၁။ ဘဒ္ဒန္တပညာသာရ၊ မဟာတိလောကာရာမစာသင်တိုက်၊ နောင်ကိုင်တော်ရပ်ကွက်၊ မိုးကောင်းမြို့၊ ကချင်ပြည်နယ်
၂။ ဘဒ္ဒန္တဓမ္မာဝုဓ၊ ရွှေတောင်စာသင်တိုက်၊ ရွှေတောင်ရပ်ကွက်၊ လွိုင်ကော်မြို့၊ ကယားပြည်နယ်
၃။ ဘဒ္ဒန္တနန္ဒဝံသ၊ သူရိယာရာမကျောင်းသစ်စာသင်တိုက်၊ ထုံးအိုင်စံပြကျေးရွာ၊ ဘားအံမြို့နယ်၊ ကရင်ပြည်နယ်
၄။ ဘဒ္ဒန္တဉာဏဝံသ၊ မဟာဝိဇ္ဇာသိပ္ပံကျောင်းတိုက်၊ ဘုရားကြီးရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၅။ ဘဒ္ဒန္တစက္ကိန္ဒ၊ ဟံသာဂီရိစာသင်တိုက်၊ ဝါးချက်ကျေးရွာ၊ စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး
၆။ ဘဒ္ဒန္တသုဒဿန၊ သထုံဝံသစာသင်တိုက်၊ မြို့တော်ဝင်ရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၇။ ဘဒ္ဒန္တပညာပါလ၊ ဓမ္မပါရဂူပါဠိတက္ကသိုလ်ကျောင်းတိုက်၊ ဆူးလေကုန်းရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၈။ ဘဒ္ဒန္တပညာဝံသ၊ သာသနာရောင်ခြည်ကျောင်းတိုက်၊ နန္ဒဝန်ရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၉။ ဘဒ္ဒန္တခနိယ၊ ဓမ္မပါလစာသင်တိုက်၊ အမှတ်(၉)ရပ်ကွက်၊ ကသာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၁၀။ ဘဒ္ဒန္တစန္ဒောဘာသ၊ မင်္ဂလာရာမစာသင်တိုက်၊ အောင်မင်္ဂလာရပ်ကွက်၊ ရေဦးမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၁၁။ ဘဒ္ဒန္တစန္ဒာဝရ၊ သဒ္ဓမ္မဇောတကသုဗောဓာရုံကျောင်းတိုက်၊ နန္ဒဝန်ရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၁၂။ ဘဒ္ဒန္တပညာသေဋ္ဌာလင်္ကာရ၊ မဟာသုဗောဓာရုံစာသင်တိုက်၊ ထုံးဘိုရပ်ကွက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၁၃။ ဘဒ္ဒန္တပညာနန္ဒ ၊ ရွှေဟင်္သာတိုက်သစ်စာသင်တိုက်၊ သောတာပန်ရပ်ကွက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၁၄။ ဘဒ္ဒန္တနန္ဒာစာရာလင်္ကာရ၊ ဇိနောဒယစာသင်တိုက်၊ သောတာပန်ရပ်ကွက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၁၅။ ဘဒ္ဒန္တမာနိတ၊ ဃောသိတာရာမပါဠိတက္ကသိုလ်စာသင်တိုက်၊ ကညွှံရပ်ကွက်၊ ထားဝယ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး
၁၆။ ဘဒ္ဒန္တပညောဘာသ၊ မော်တောင်စာသင်တိုက်၊ တပ်ပြင်ရပ်ကွက်၊ မြိတ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး
၁၇။ ဘဒ္ဒန္တဥက္ကဋ္ဌ၊ ကျောင်းသစ်စာသင်တိုက်၊ ဆရာစံရပ်ကွက်၊ တပ်ကုန်းမြို့နယ်၊ နေပြည်တော်
၁၈။ ဘဒ္ဒန္တဝရဉာဏ၊ မဟာဇနကစာသင်တိုက်၊ ဆရာစံရပ်ကွက်၊ တပ်ကုန်းမြို့နယ်၊ နေပြည်တော်
၁၉။ ဘဒ္ဒန္တသီရိန္ဒ၊ မာရ်အောင်စာသင်တိုက်၊ ရန်အောင်(၂)ရပ်ကွက်၊ ပျဉ်းမနားမြို့နယ်၊ နေပြည်တော်
၂၀။ ဘဒ္ဒန္တအရိန္ဒမ၊ ပါဠိတက္ကသိုလ်မင်္ဂလာဇေယျုံစာသင်တိုက်၊ ရွာကောက်ရပ်ကွက်၊ ပျဉ်းမနားမြို့နယ်၊ နေပြည်တော်
၂၁။ ဘဒ္ဒန္တကောသလ္လ၊ မဟာဝိသုတာရာမဈေးကုန်းကျောင်းတိုက်၊ ရွာကောက်ရပ်ကွက်၊ ပျဉ်းမနားမြို့နယ်၊ နေပြည်တော်
၂၂။ ဘဒ္ဒန္တဗုဒ္ဓပိယ၊ အုန်းတောစာသင်တိုက်၊ ရွာကောက်ရပ်ကွက်၊ ပျဉ်းမနားမြို့နယ်၊ နေပြည်တော်
၂၃။ ဘဒ္ဒန္တကေသရိန္ဒ၊ မဟာဝိဇိတာရုံစာသင်တိုက်၊ အောင်ဇမ္ဗူရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်
၂၄။ ဘဒ္ဒန္တကောဝိဒ၊ မြို့ဦးစာသင်တိုက်၊ အမှတ်(၃)ဝါဆိုရပ်ကွက်၊ ဒိုက်ဦးမြို့၊ ပဲခူးတိုင်းဒေသကြီး
၂၅။ ဘဒ္ဒန္တဝေပုလ္လာစာရ၊ အာဂမဇောတိကာရုံစာသင်တိုက်၊ ဈေး(၂)ရပ်ကွက်၊ ပေါင်းတည်မြို့၊ ပဲခူးတိုင်းဒေသကြီး
၂၆။ ဘဒ္ဒန္တသိရီသုမန၊ ရတနာသိဒ္ဓိတပ်ဦးကျောင်းတိုက်၊ တောင်ဘွေအုပ်စု၊ ပန်းတောင်းမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး
၂၇။ ဘဒ္ဒန္တက္ကန္ဒဝံသ၊ မဟာသုဒဿနာရာမစာသင်တိုက်၊ ဆံတော်ရပ်ကွက်၊ ပြည်မြို့၊ ပဲခူးတိုင်းဒေသကြီး
၂၈။ ဘဒ္ဒန္တစန္ဒာသီရိ၊ မဟာဝိသုတာရာမဂန္ဓာရုံကျောင်းတိုက်၊ ကြာနီကန်ရပ်ကွက်၊ ရွှေတောင်မြို့၊ ပဲခူးတိုင်းဒေသကြီး
၂၉။ ဘဒ္ဒန္တစန္ဒောဘာသ၊ ဇောတိကာရုံပါဠိတက္ကသိုလ်စာသင်တိုက်၊ ဆံတော်ရပ်ကွက်၊ ပြည်မြို့၊ ပဲခူးတိုင်းဒေသကြီး
၃၀။ ဘဒ္ဒန္တဉာဏခေ၊ တိုက်ကျောင်းပါဠိတက္ကသိုလ်စာသင်တိုက်၊ ဈေးချိုတောင်ရပ်ကွက်၊ ကြို့ပင်ကောက်မြို့၊ ပဲခူးတိုင်းဒေသကြီး
၃၁။ ဘဒ္ဒန္တနရပတိ၊ ဘုရားကြီးစာသင်တိုက်၊ အမှတ်(၃) ဝါဆိုရပ်ကွက်၊ ဒိုက်ဦးမြို့၊ ပဲခူးတိုင်းဒေသကြီး
၃၂။ ဘဒ္ဒန္တဥက္ကံသ၊ ရွှေကျင်တောင်စာသင်တိုက်၊ ဘူတာတောင်ရပ်ကွက်၊ ဖြူးမြို့၊ ပဲခူးတိုင်းဒေသကြီး
၃၃။ ဘဒ္ဒန္တဂုဏဝံသ၊ မဟာသုဒဿနာရာမကျောင်းတိုက်၊ ဆံတော်ရပ်ကွက်၊ ပြည်မြို့၊ ပဲခူးတိုင်းဒေသကြီး
၃၄။ ဒေါက်တာဘဒ္ဒန္တပညာစာရ၊ ဖွဲမစိုးရိမ်စာသင်တိုက်၊ အရှေ့ဘက်ကမ်းရပ်ကွက်၊ ဝေါမြို့၊ ပဲခူးတိုင်းဒေသကြီး
၃၅။ ဘဒ္ဒန္တဥဿာဟ၊ ဗောဓိရိပ်သာကျောင်းတိုက်၊ ရွာမမြောက်ရပ်ကွက်၊ ကြို့ပင်ကောက်မြို့၊ ပဲခူးတိုင်းဒေသကြီး

စာမျက်နှာ ၁၁ သို့ »»

## ဘွဲ့တံဆိပ်တော်များ

»»» စာမျက်နှာ ၁၀ မှ

၃၆။ ဘဒ္ဒန္တသီဟနာဒ၊ ဥဿာသီရိစာသင်တိုက်၊ နန်းတော်ရာရပ်ကွက်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး

၃၇။ ဒေါက်တာဘဒ္ဒန္တကောသလ္လ၊ ရတနာဘုံကျော်စာသင်တိုက်၊ ရွာသစ်ရပ်ကွက်၊ ဖောင်တော်သီမြို့၊ ဒိုက်ဦးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး

၃၈။ ဘဒ္ဒန္တသုတာနန္ဒ၊ ဝင်းနိမ္မိတာရုံစာသင်တိုက်၊ ကလျာဏီရပ်ကွက်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး

၃၉။ ဘဒ္ဒန္တကဝိသာရ၊ မြို့မစာသင်တိုက်၊ အမှတ်(၂)ရပ်ကွက်၊ မင်းလှမြို့၊ ပဲခူးတိုင်းဒေသကြီး

၄၀။ ဘဒ္ဒန္တသုစိတ္တ၊ ဥဿာသီရိစာသင်တိုက်၊ နန်းတော်ရာရပ်ကွက်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး

၄၁။ ဘဒ္ဒန္တတိက္ခသာရ၊ သီတဂူကေတုမတီဗုဒ္ဓတက္ကသိုလ်၊ မင်းကြီးဆွေရပ်ကွက်၊ တောင်ငူမြို့၊ ပဲခူးတိုင်းဒေသကြီး

၄၂။ ဘဒ္ဒန္တခေမိန္ဒ၊ ဝေဇယန္တာစာသင်တိုက်၊ ရွှေဥဒေါင်းရပ်ကွက်၊ မိုးညိုမြို့၊ ပဲခူးတိုင်းဒေသကြီး

၄၃။ ဘဒ္ဒန္တပညိန္ဒ၊ မဟာဝိသုတာရာမ(အလယ်)တိုက်၊ အမှတ်(၁၀)ရပ်ကွက်၊ ပခုက္ကူမြို့၊ မကွေးတိုင်းဒေသကြီး

၄၄။ ဘဒ္ဒန္တသုဇန၊ မှန်ကင်းစာသင်တိုက်၊ အမှတ်(၄)ရပ်ကွက်၊ မင်းဘူးမြို့၊ မကွေးတိုင်းဒေသကြီး

၄၅။ ဘဒ္ဒန္တကောဝိဒ၊ ယွန်းကျောင်းစာသင်တိုက်၊ အမှတ်(၃)ရပ်ကွက်၊ ကံမမြို့၊ မကွေးတိုင်းဒေသကြီး

၄၆။ ဘဒ္ဒန္တမေဓိယ၊ ရွှေတောင်ပါဠိတက္ကသိုလ်ကျောင်းတိုက်၊ အိုးဘိုရပ်ကွက်၊ ရေနံချောင်းမြို့၊ မကွေးတိုင်းဒေသကြီး

၄၇။ ဘဒ္ဒန္တကုဏ္ဍလ၊ ဒီပင်္ကရာစာသင်တိုက်၊ အောင်ဆန်းရပ်ကွက်၊ နတ်မောက်မြို့၊ မကွေးတိုင်းဒေသကြီး

၄၈။ ဘဒ္ဒန္တဥတ္တရ၊ သာသနဝိပုလာရာမ(မန္တလေး)တိုက်၊ အမှတ်(၁၅)ရပ်ကွက်၊ ပခုက္ကူမြို့၊ မကွေးတိုင်းဒေသကြီး

၄၉။ ဘဒ္ဒန္တမေဓာဝံသ၊ သာသနဝိပုလာရာမ(မန္တလေး)တိုက်၊ အမှတ်(၁၅)ရပ်ကွက်၊ ပခုက္ကူမြို့၊ မကွေးတိုင်းဒေသကြီး

၅၀။ ဘဒ္ဒန္တသုမန၊ ပြည်တော်သာစာသင်တိုက်၊ ပြည်တော်သာရပ်ကွက်၊ မကွေးမြို့၊ မကွေးတိုင်းဒေသကြီး

၅၁။ ဘဒ္ဒန္တပညာသာမိ၊ မြို့မစာသင်တိုက်၊ အမှတ်(၃)ရပ်ကွက်၊ ဝမ်းတွင်းမြို့၊ မန္တလေးတိုင်း ဒေသကြီး

၅၂။ ဘဒ္ဒန္တဝိသုတ၊ မဟာဂန္ဓာရုံကျောင်းတိုက်၊ ဆင်စွယ်ပွတ်ရပ်ကွက်၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၅၃။ ဘဒ္ဒန္တခေမာသိရီ၊ ကိုးနဝင်းစာသင်တိုက်၊ အောင်ဇေယျာရပ်ကွက်၊ မိတ္ထီလာမြို့၊ မန္တလေးတိုင်းဒေသကြီး

၅၄။ ဘဒ္ဒန္တဝိရောစန၊ ရတနာရာမစာသင်တိုက်၊ အမှတ်(၂)ရပ်ကွက်၊ မြင်းခြံမြို့၊ မန္တလေးတိုင်းဒေသကြီး

၅၅။ ဘဒ္ဒန္တပညာဇောတ၊ မိတ္ထီလာကျောင်း၊ မဟာဓမ္မိကာရာမတိုက်၊ ကျွန်းလုံးဥဿျှောင်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၅၆။ ဘဒ္ဒန္တခန္တီဝရ၊ ရတနာအေးကျောင်း၊ မဟာသုတသောမရွှေဘုံသာစာသင်တိုက်၊ ပြည်ကြီးပျော်ဘွယ်အနောက်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၅၇။ ဘဒ္ဒန္တနေမိန္ဒ၊ အောင်မြေရတနာကျောင်း၊ ညောင်ကန်ကျောင်းတိုက်၊ ချမ်းမြသာစည်တောင်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၅၈။ ဘဒ္ဒန္တတိက္ခာစာရ၊ ဆီးဘန်နီစာသင်တိုက်၊ တံခွန်တိုင်ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၅၉။ ဘဒ္ဒန္တစက္ကပါလ၊ သတ္တမအုဋ်ကျောင်း၊ မဟာနန္ဒိသေနာရာမတိုက်၊ ကျွန်းလုံးဥဿျှောင်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၆၀။ ဘဒ္ဒန္တအာလောကာစာရ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ ဒေါနဘွားရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၆၁။ ဘဒ္ဒန္တပညာသာမိ၊ သဒ္ဓမ္မဝံသာရုံ(နဂါးရုံ)စာသင်တိုက်၊ နန်းတော်ကုန်းရပ်ကွက်၊ မိတ္ထီလာမြို့၊ မန္တလေးတိုင်းဒေသကြီး

၆၂။ ဘဒ္ဒန္တနန္ဒာစာရ၊ ပေတောအုဋ်ကျောင်း၊ ဒက္ခိဏာရာမဘုရားကြီးတိုက်၊ ကျွန်းလုံးဥဿျှောင်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၆၃။ ဘဒ္ဒန္တဝိလာသ၊ ဥယျာဉ်ပါဠိတက္ကသိုလ်စာသင်တိုက်၊ အောင်ဇေယျာရပ်ကွက်၊ မိတ္ထီလာမြို့၊ မန္တလေးတိုင်းဒေသကြီး

၆၄။ ဘဒ္ဒန္တပဏ္ဍိတ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ ဒေါနဘွားရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၆၅။ ဘဒ္ဒန္တသုဝီရ၊ မဟာဂန္ဓာရုံကျောင်းတိုက်၊ ဆင်စွယ်ပွတ်ရပ်ကွက်၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၆၆။ ဘဒ္ဒန္တဉာဏောဘာသ၊ မင်းကုန်းမဟာစာသင်တိုက်၊ ကံဦးရပ်ကွက်၊ ကျောက်ဆည်မြို့၊ မန္တလေးတိုင်းဒေသကြီး

၆၇။ ဘဒ္ဒန္တစရဏ၊ မဟာဝိဇိတာရုံစာသင်တိုက်၊ ပါတ်ကုန်းပျော်ဘွယ်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၆၈။ ဘဒ္ဒန္တဉာဏဓဇ၊ ဉာဏဝေပုလ္လကျောင်း၊ မဏိရတနာရာမမြတောင်တိုက်၊ ရတနာဘုမ္မိအနောက်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၆၉။ ဘဒ္ဒန္တဝိစိတ္တသာရ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ ဒေါနဘွားရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၇၀။ ဘဒ္ဒန္တက္ကန္ဒက၊ ဓမ္မာလင်္ကာရကျောင်း၊ ညောင်ကန်ကျောင်းတိုက်၊ ချမ်း/တောင်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၇၁။ ဘဒ္ဒန္တသြသဓ၊ ဓမ္မဒီပကျောင်း၊ တန်ဆောင်းကြီးကျောင်းတိုက်၊ အမှတ်(၁၂)ရပ်ကွက်၊ မြင်းခြံမြို့၊ မန္တလေးတိုင်းဒေသကြီး

၇၂။ ဘဒ္ဒန္တကောဝိဒ၊ သုခဝတီစာသင်တိုက်၊ သာယာအေးရပ်ကွက်၊ ကျောက်ပန်းတောင်းမြို့၊ မန္တလေးတိုင်းဒေသကြီး

၇၃။ ဘဒ္ဒန္တတေဇာနန္ဒ၊ ခေမာသီဝံစာသင်တိုက်၊ စံပြရပ်ကွက်၊ ကျောက်ပန်းတောင်းမြို့၊ မန္တလေးတိုင်းဒေသကြီး

၇၄။ ဘဒ္ဒန္တဓမ္မာနန္ဒ၊ ကံဦးစာသင်တိုက်၊ ဂေါင်းဦးဘာကွက်သစ်ရပ်ကွက်၊ မိုးကုတ်မြို့၊ မန္တလေးတိုင်းဒေသကြီး

၇၅။ ဘဒ္ဒန္တဇောတိက၊ မဟာအောင်မြေရတနာစာသင်တိုက်၊ သာယာအေးရပ်ကွက်၊ ကျောက်ပန်းတောင်းမြို့၊ မန္တလေးတိုင်းဒေသကြီး

၇၆။ ဘဒ္ဒန္တနာယကဓဇ၊ မြို့လယ်ကျောင်းစာသင်တိုက်၊ ကျောင်းပိုင်းရပ်ကွက်၊ သံဖြူဇရပ်မြို့၊ မွန်ပြည်နယ်

၇၇။ ဘဒ္ဒန္တဥတ္တမ၊ မြသိမ်စာသင်တိုက်၊ ကြာကန်ရပ်ကွက်၊ သံဖြူဇရပ်မြို့၊ မွန်ပြည်နယ်

၇၈။ ဘဒ္ဒန္တနာရဒ၊ ဓမ္မာလောကကျောင်းတိုက်၊ လှိုင်ရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်

၇၉။ ဘဒ္ဒန္တနန္ဒန၊ ဇိနရံသီစာသင်တိုက်၊ ကွမ်တာကျေးရွာ၊ မုဒုံမြို့နယ်၊ မွန်ပြည်နယ်

၈၀။ ဘဒ္ဒန္တကေသရိန္ဒ၊ သိမ်တောင်စာသင်တိုက်၊ ကုလဘာတောင်ရပ်ကွက်၊ ကျောက်ဖြူမြို့၊ ရခိုင်ပြည်နယ်

၈၁။ ဘဒ္ဒန္တမေဃိယ၊ ဒက္ခိဏာရာမစာသင်တိုက်၊ ပြည်တော်သာရပ်ကွက်၊ စစ်တွေမြို့၊ ရခိုင်ပြည်နယ်

၈၂။ ဘဒ္ဒန္တဝိမလ၊ ရတနာမွန်စာသင်တိုက်၊ ဈေးဟောင်းပိုင်းရပ်ကွက်၊ မင်းပြားမြို့၊ ရခိုင်ပြည်နယ်

၈၃။ ဘဒ္ဒန္တဝဏ္ဏသိရိ၊ မဟာရတနာဒီပအုတ်ကျောင်း၊ ကမ်းထောင်းကြီးမြို့၊ မြေပုံမြို့နယ်၊ ရခိုင်ပြည်နယ်

၈၄။ ဘဒ္ဒန္တစန္ဒသိရီ၊ စန္ဒာရာမစာသင်တိုက်၊ အနောက်ပိုင်းရပ်ကွက်၊ ပေါက်တောမြို့၊ ရခိုင်ပြည်နယ်

၈၅။ ဘဒ္ဒန္တနန္ဒန၊ ပရိယတ္တိဓမ္မိကာရုံကျောင်းတိုက်၊ အောက်ရွာပိုင်းရပ်ကွက်၊ မင်းပြားမြို့၊ ရခိုင်ပြည်နယ်

၈၆။ ဘဒ္ဒန္တကေသရ၊ သာသနာလင်္ကာရစာသင်တိုက်၊ လော်ကမူရပ်ကွက်၊ မြောက်ဦးမြို့၊ ရခိုင်ပြည်နယ်

၈၇။ ဘဒ္ဒန္တဝါယမိန္ဒ၊ ရတနာသိဒ္ဓိစာသင်တိုက်၊ ပုရွက်ဆိပ်ကုန်းရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၈၈။ ဘဒ္ဒန္တကဝိနန္ဒ၊ သာသနာ့ဇောတိပါလစာသင်တိုက်၊ ကျောက်မြောင်းအရှေ့ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၈၉။ ဘဒ္ဒန္တတေဇောဘာသ၊ တေဇရောင်ခြည်ကျောင်းတိုက်၊ အမှတ်(၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၉၀။ ဘဒ္ဒန္တခေမာစိဏ္ဏ၊ အောင်မင်္ဂလာစာသင်တိုက်၊ ဘိုးလိန်းအောင်မင်္ဂလာရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၉၁။ ဘဒ္ဒန္တပညာသီရိ၊ မင်္ဂလာကန်ဦးစာသင်တိုက်၊ ဗိုလ်ချုပ်ကျေးရွာ၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၉၂။ ဘဒ္ဒန္တကဝိဓဇ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ အမှတ်(၇)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၉၃။ ဘဒ္ဒန္တပဏ္ဍဝံသ၊ ဣန္ဒသာသယတံခွန်တိုင်စာသင်တိုက်၊ တံခွန်တိုင်ကျေးရွာ၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၉၄။ ဘဒ္ဒန္တဉာဏဝံသ၊ ရွှေလှိုင်ကျောင်း၊ ဗားကရာတိုက်၊ သီရိခေမာရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၉၅။ ဒေါက်တာဘဒ္ဒန္တဝရဉာဏ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ အမှတ်(၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၉၆။ ဒေါက်တာဘဒ္ဒန္တအာစိဏ္ဏ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ အမှတ်(၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၉၇။ ဘဒ္ဒန္တစန္ဒိမာ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ အမှတ်(၇)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၉၈။ ဘဒ္ဒန္တသြဘာသ၊ မင်္ဂလသုခပါဠိတက္ကသိုလ်ကျောင်းတိုက်၊ ဘိုးလိန်းအောင်မင်္ဂလာရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၉၉။ ဘဒ္ဒန္တသာသန၊ မိတ္ထီလာကျောင်း၊ စိန်ရတနာစာသင်တိုက်၊ အမှတ်(၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၀၀။ ဘဒ္ဒန္တက္ကန္ဒက၊ သဒ္ဓမ္မောဒယဂိုဏ်းထောက်စာသင်တိုက်၊ သဲဖြူချောင်းကျေးရွာ၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၀၁။ ဘဒ္ဒန္တကောဝိဒ၊ ဇောတိကာရုံစာသင်တိုက်၊ အမှတ်(၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၀၂။ ဘဒ္ဒန္တဝိမလာစာရ၊ မဟာအောင်မြေရိပ်သာစာသင်တိုက်၊ အမှတ်(၇)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၀၃။ ဘဒ္ဒန္တသြဘာသ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ အမှတ်(၇)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၀၄။ ဘဒ္ဒန္တဉာဏဗလ၊ မဟာမြိုင်ဘုန်းဘုရားစာသင်တိုက်၊ လင်းလွန်းတောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၀၅။ ဒေါက်တာဘဒ္ဒန္တတိက္ခ၊ လင်းလွန်းပင်စာသင်တိုက်၊ လင်းလွန်းပင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၀၆။ ဘဒ္ဒန္တဝဏ္ဏိတ၊ ပါဠိကာရီစာသင်တိုက်၊ စက်မှုဇုံရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၀၇။ ဒေါက်တာဘဒ္ဒန္တဝံသပါလ၊ ကိုင်းကုန်းပါဠိတက္ကသိုလ်ကျောင်းတိုက်၊ အမှတ်(၅)ရပ်ကွက်၊ ခရမ်းမြို့၊ ရန်ကုန်တိုင်းဒေသကြီး

၁၀၈။ ဘဒ္ဒန္တက္ကဒ္ဓိဗလ၊ မဟာဗောဓိစာသင်တိုက်၊ အမှတ်(၁၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၀၉။ ဘဒ္ဒန္တဝိမလ၊ အရှင်ဥတ္တမသာရစာသင်တိုက် ၊ မုန့်လုပ်ဆောင်းကုန်း(တောင်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၁၀။ ဘဒ္ဒန္တသုန္ဒရ၊ ဇေတဝန်အောင်စံစာသင်တိုက်၊ အမှတ်(၁၄/၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၁၁။ ဘဒ္ဒန္တပညာနန္ဒ၊ စန္ဒကူးစာသင်တိုက်၊ မြို့သစ် က+ခ ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၁၂။ ဘဒ္ဒန္တဝိသုတ၊ ရွှေပြည်သာစာသင်တိုက်၊ အမှတ်(၆/၁၀)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၁၃။ ဘဒ္ဒန္တစက္ကိန္ဒ၊ နေနတ်သားစာသင်တိုက်၊ လင်းလွန်းတောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၁၄။ ဘဒ္ဒန္တဇာဂရာလင်္ကာရ၊ မဟာဗောဓိစာသင်တိုက်၊ အမှတ်(၁၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၁၅။ ဘဒ္ဒန္တကုသလ၊ မိဂဒါဝုန်တောရကျောင်းတိုက်၊ အောက်ဝါးနက်ချောင်းကျေးရွာ၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၁၆။ ဘဒ္ဒန္တနန္ဒမေဓာ၊ ဓမ္မောဒယစာသင်တိုက်၊ အမှတ်(၃)ရပ်ကွက်၊ ကျိုင်းတုံမြို့၊ ရှမ်းပြည်နယ်

၁၁၇။ ဘဒ္ဒန္တက္ကသရိယ၊ သဒ္ဓမ္မပါလစာသင်တိုက်၊ အမှတ်(၃)ရပ်ကွက်၊ ကျောက်မဲမြို့၊ ရှမ်းပြည်နယ်

၁၁၈။ ဘဒ္ဒန္တသုဓမ္မ၊ နဂါးနှစ်ကောင်ကျောင်းတိုက်၊ ဆန်ဆိုင်း(က)ရပ်ကွက်၊ တာချီလိတ်မြို့၊ ရှမ်းပြည်နယ်

၁၁၉။ ဘဒ္ဒန္တပညာသာမိ၊ ကံဝိန်းစာသင်တိုက်၊ အမှတ်(၄)ရပ်ကွက်၊ တန့်ယန်းမြို့၊ ရှမ်းပြည်နယ်

၁၂၀။ ဘဒ္ဒန္တစာရိန္ဒ၊ နားကုန်းကျောင်းစာသင်တိုက်၊ နားကုန်းကျေးရွာ၊ လင်းခေးမြို့နယ်၊ ရှမ်းပြည်နယ်

၁၂၁။ ဘဒ္ဒန္တကုသလာနန္ဒ၊ မြို့နယ်လုံးဆိုင်ရာစာသင်တိုက်(တောင်တန်းသာ/ပြု(ဗဟို)ကျောင်း)၊ အမှတ်(၈)ရပ်ကွက်၊ ကွတ်ခိုင်မြို့၊ ရှမ်းပြည်နယ်

၁၂၂။ ဘဒ္ဒန္တဉာဏောဘာသ၊ ပရိယတ္တိမင်းကျောင်းစာသင်တိုက်၊ အမှတ်(၃)ရပ်ကွက်၊ မအူပင်မြို့၊ ဧရာဝတီတိုင်းဒေသကြီး

၁၂၃။ ဘဒ္ဒန္တနန္ဒောဘာသ၊ မဟာနန္ဒာရာမစာသင်တိုက်၊ သန္တံသနေ့ကျေးရွာ၊ ဟင်္သာတမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

၁၂၄။ ဘဒ္ဒန္တသံဝရာဘိဝံသ၊ ရွှေဟင်္သာတောရကျောင်းတိုက်၊ အမှတ်(၇)ရပ်ကွက်၊ ညောင်တုန်းမြို့၊ ဧရာဝတီတိုင်းဒေသကြီး

၁၂၅။ ဒေါက်တာဘဒ္ဒန္တကောဏ္ဍည၊ မဟာရံသီစာသင်တိုက်၊ အမှတ်(၈)ရပ်ကွက်၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး

**သီလရှင်ဆရာကြီးများ**

၁၂၆။ ဒေါ်ပုညဝတီ၊ ပုညာရာမသီလရှင်စာသင်တိုက်၊ အမှတ်(၄)ရပ်ကွက်၊ မြဝတီမြို့၊ ကရင်ပြည်နယ်

၁၂၇။ ဒေါ်ကလျာသိင်္ဂီ၊ သမိဒ္ဓေါဒယသီလရှင်စာသင်တိုက်၊ သောတာပန်ရပ်ကွက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၁၂၈။ ဒေါ်က္ကန္ဒာရီ၊ သီရိရွှေဝါချောင်၊ ပါရမီရပ်ကွက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၁၂၉။ ဒေါ်ဝိဇ္ဇာနန္ဒီ၊ သာသနပါလသီလရှင်စာသင်တိုက်၊ သောတာပန်ရပ်ကွက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၁၃၀။ ဒေါ်ပညာဝတီ၊ ခမည်းတော်ချောင်သီလရှင်စာသင်တိုက်၊ သောတာပန်ရပ်ကွက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၁၃၁။ ဒေါ်သေီကာ၊ အောင်မြေမင်္ဂလာကျောင်းတိုက်၊ သောတာပန်ရပ်ကွက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၁၃၂။ ဒေါ်ယုဇနသိင်္ဂီ၊ သစ်စိမ့်ချောင်၊ ဝါးချက်ကျေးရွာ၊ စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

၁၃၃။ ဒေါ်မာလာသိင်္ဂီ၊ မြရတနာသီလရှင်စာသင်တိုက်၊ ထုံးဘိုရပ်ကွက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၁၃၄။ ဒေါ်ယုသိင်္ဂီ၊ သစ်ဆိမ့်ချောင်၊ ဝါးချက်ကျေးရွာ၊ စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

၁၃၅။ ဒေါ်စန္ဒာရီ၊ ရုစိရပဘာဝတီသီလရှင်စာသင်တိုက်၊ ညောင်ပင်သာစံပြကျေးရွာ၊ တပ်ကုန်းမြို့နယ်၊ နေပြည်တော်

၁၃၆။ ဒေါ်နန္ဒသိင်္ဂီ၊ ချမ်းမြေ့သိင်္ဂီသီလရှင်စာသင်တိုက်၊ ရန်အောင်ကျေးရွာ၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်

၁၃၇။ ဒေါ်ကုဏ္ဍလစာရီ၊ ဗောဓိရိပ်သာကျောင်းတိုက်၊ ရွာမမြောက်ရပ်ကွက်၊ ကြို့ပင်ကောက်မြို့၊ ပဲခူးတိုင်းဒေသကြီး

၁၃၈။ ဒေါ်ရူပမာလာ၊ သာသနာ့ဝေပုလ္လကာရီ(ပရဟိတ)သီလရှင်စာသင်တိုက်၊ စက်မှုဇုံကွက်သစ်၊ ပြည်မြို့၊ ပဲခူးတိုင်းဒေသကြီး

၁၃၉။ ဒေါ်ကလျာသိင်္ဂီ၊ လိပ်ပြာကန်သီလရှင်စာသင်တိုက်၊ လိပ်ပြာကန်ရပ်ကွက်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး

၁၄၀။ ဒေါ်ထေရာသီ၊ ခေမာသိရီသီလရှင်စာသင်တိုက်၊ မြသလွန်ကုန်းမြေ၊ မကွေးမြို့၊ မကွေးတိုင်းဒေသကြီး

၁၄၁။ ဒေါ်ဓမ္မာသိရီ၊ သီတာစေသင်တိုက်၊ အမှတ်(၃)ရပ်ကွက်၊ ပခုက္ကူမြို့၊ မကွေးတိုင်းဒေသကြီး

(ဆက်လက်ဖော်ပြပါမည်)

# ဂျပန်နိုင်ငံခြားရေးဝန်ကြီး မိုတီဂီ လက်တင်အမေရိကနှင့် အာဖရိကနိုင်ငံများသို့ သွားရောက်မည်



**တိုကျို ဇန်နဝါရီ ၄**

ဂျပန်နိုင်ငံခြားရေးဝန်ကြီး မိုတီဂီသည် ဂျပန်နိုင်ငံပါဝင်ဆောင်ရွက်လျက်ရှိသည့် လွတ်လပ်ပြီးပွင့်လင်းမြင်သာသော အင်ဒို-ပစိဖိတ်ဒေသ ဖြစ်လာစေရေးအတွက် အဆင့်တိုးမြှင့်လုပ်ဆောင်ရန် လက်တင်အမေရိကနှင့်အာဖရိကနိုင်ငံများသို့ အလည်အပတ်ခရီးသွားရောက်မည်ဖြစ်ကြောင်း သိရသည်။

ဂျပန်နိုင်ငံခြားရေးဝန်ကြီး မိုတီဂီသည် ဇန်နဝါရီ ၄ ရက်မှစတင်၍ ဇန်နဝါရီ ၁၄ ရက်အထိ နိုင်ငံရှစ်နိုင်ငံသို့ သွားရောက်မည်ဖြစ်ရာ မိုတီဂီသွားရောက်မည့် လက်တင်အမေရိကနိုင်ငံများမှာ မက္ကဆီကို၊ ဥရုဂွေး၊ အာဂျင်တီးနား၊ ပါရာဂွေးနှင့် ဘရာဇီးနိုင်ငံတို့ဖြစ်ပြီး အာဖရိကနိုင်ငံများမှာ ဆီနီဂေါ၊ နိုင်ဂျီးရီးယားနှင့် ကင်ညာနိုင်ငံတို့ဖြစ်ကြောင်း သိရသည်။

မိုတီဂီသည် ကိုဗစ်-၁၉ ရောဂါကို မည်သို့တုံ့ပြန်ဆောင်ရွက်မည်ဆိုသည်နှင့်စပ်လျဉ်း၍ လက်တင်အမေရိကနိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများနှင့် ညှိနှိုင်းဆွေးနွေးရန် စီစဉ်လျက်ရှိသည်။ ထို့ပြင် အဆိုပါနိုင်ငံများတွင် စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ရန် ဂျပန်ကုမ္ပဏီများအတွက် ဝန်းကျင်ကောင်းတစ်ခု မည်သို့ဖန်တီးမည်ဆိုသည်ကို ဆွေးနွေးရန်နှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်လုပ်ဆောင်ရန်လည်း မိုတီဂီက စီစဉ်လျက်ရှိကြောင်း သိရသည်။

နိုင်ငံခြားရေးဝန်ကြီး မိုတီဂီသည် လာမည့်နှစ်တွင် တူနီးရှားနိုင်ငံ၌ ဂျပန်နိုင်ငံက ဦးဆောင်သည့် TICAD ဟု လူသိများသော တိုကျိုအပြည်ပြည်ဆိုင်ရာ အာဖရိကဖွံ့ဖြိုးတိုးတက်မှုကွန်ဖရင့်နှင့်စပ်လျဉ်းသည့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို အာဖရိကရှိ နိုင်ငံခြားရေးဝန်ကြီးများနှင့် ညှိနှိုင်းဆွေးနွေးရန်လည်း စီစဉ်ထားကြောင်းသိရသည်။ မိုတီဂီနှင့် အာဖရိကနိုင်ငံခြားရေးဝန်ကြီးများသည် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လုပ်ဆောင်ရေးနှင့်စပ်လျဉ်း၍လည်း ဆွေးနွေးညှိနှိုင်းလိမ့်မည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ၊ ဘာသာပြန် - အလင်းသစ်**

# အရှေ့အလယ်ပိုင်းဒေသ၌ အီရန်၏ ခြိမ်းခြောက်မှုကြောင့် လေယာဉ်တင်သင်္ဘောဆက်လက်ဖြန့်ကြက်ရန် ပင်တဂွန် ဆုံးဖြတ်

**ဝါရှင်တန် ဇန်နဝါရီ ၄**

အီရန်၏ ခြိမ်းခြောက်မှုများကြောင့် အရှေ့အလယ်ပိုင်းဒေသရေပြင်တွင် အမေရိကန်လေယာဉ်တင်သင်္ဘော USS Nimitz ကို ဆက်လက်ဖြန့်ကြက်ထားမည်ဖြစ်ကြောင်း ပင်တဂွန်စစ်ဌာနချုပ်က ဇန်နဝါရီ ၃ ရက်တွင် ပြောကြားသည်။



အရှေ့အလယ်ပိုင်းဒေသတွင် ဖြန့်ကြက်ထားသည့် စစ်သင်္ဘောကို ပြန်လည်ရုပ်သိမ်းရန် ဆုံးဖြတ်ထားသော်လည်း မကြာသေးမီက သမ္မတ ဒေါ်နယ်ထရမ့်နှင့် အခြားအမေရိကန်အစိုးရအရာရှိများအပေါ် အီရန်ခေါင်းဆောင်များ၏ ခြိမ်းခြောက်မှုများကြောင့် ယင်းစစ်သင်္ဘောကို အရှေ့အလယ်ပိုင်းဒေသရှိ အမေရိကန်စစ်ဌာနချုပ်မှ တပ်ဖွဲ့ဝင်များ လှုပ်ရှားလျက်ရှိရာဒေသရှိ တပ်စခန်းတွင် ဆက်လက်ဖြန့်ကြက်ထားမည်ဖြစ်ကြောင်း၊ အရှေ့အလယ်ပိုင်းဒေသ၌ လေယာဉ်တင်သင်္ဘော ဆက်လက်ဖြန့်ကြက်ရန် အမေရိကန်၏ ဆုံးဖြတ်ချက်အပေါ် မည်သူမျှ သံသယမရှိသင့်ကြောင်း ခေတ္တအမေရိကန်ကာကွယ်ရေးဝန်ကြီး ခရစ်မီးလာက ထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြထားသည်။

အရှေ့အလယ်ပိုင်းဒေသတွင် ဆယ်လနီးပါးကြာ ဖြန့်ကြက်ထားသည့် အမေရိကန်လေယာဉ်တင်စစ်သင်္ဘောကို အမိမြေသို့ ချက်ချင်းပြန်စေရန် ခေတ္တကာကွယ်ရေးဝန်ကြီး မီးလာအနေဖြင့် ဇန်နဝါရီ ၁ ရက်က ဆုံးဖြတ်ခဲ့သော်လည်း အမေရိကန်အစိုးရအပေါ် အီရန်၏ ခြိမ်းခြောက်မှုများကြောင့် အဆိုပါစစ်သင်္ဘောကို အရှေ့အလယ်ပိုင်းဒေသတွင် ဆက်လက်ဖြန့်ကြက်ထားရန် ပြန်လည်စီစဉ်ခဲ့ခြင်းဖြစ်သည်။

အမေရိကန်စစ်တပ်က လုပ်ကြံသတ်ဖြတ်ခဲ့သည့် အီရန်ထိပ်တန်းတပ်မှူး ကာဆမ်းဆိုလန်းမန်းနီသေဆုံးသည့် ပထမအကြိမ် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အတောအတွင်း အီရန်အစိုးရက ထရမ့်နှင့် အခြားအမေရိကန်အစိုးရ အရာရှိများအပေါ် ခြိမ်းခြောက်ခဲ့ခြင်းဖြစ်သည်။

၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၃ ရက်က အီရတ်နိုင်ငံဘဂ္ဂဒက်မြို့တွင် အမေရိကန်က မောင်းသူမဲ့ဒရုန်းလေယာဉ်ဖြင့် တိုက်ခိုက်မှုပြုလုပ်ခဲ့ပြီးနောက် အီရန်နှင့် အမေရိကန်အကြား ဒေသတွင်းစစ်ပွဲတစ်ခု ဖြစ်လုနီးပါးရှိခဲ့သည်။

ထို့အပြင် ပြီးခဲ့သည့် ဒီဇင်ဘာ ၂၀ ရက်က အီရတ်နိုင်ငံမြို့တော် ဘဂ္ဂဒက်မြို့ရှိ အမေရိကန်သံရုံးအား ဒုံးကျည်ဖြင့် ပစ်မှတ်ထားတိုက်ခိုက်မှုနှင့်ပတ်သက်၍ အီရန်နှင့် အမေရိကန်အကြား အပြန်အလှန်ပြစ်တင်ရှုတ်ချမှုများ အရှိန်မြင့်မားလာခဲ့သည်နှင့်အမျှ မကြာသေးမီက အီရန်နှင့် အမေရိကန်အကြား နှစ်ပေါင်းများစွာကြာ ဖြစ်ပွားခဲ့သည့် တင်းမာမှုများ ပြန်လည်ဖြစ်ပေါ်လာခဲ့သည်။

အီရတ်နိုင်ငံရှိ အမေရိကန်သံရုံးတိုက်ခိုက်မှုနှင့် ပတ်သက်၍ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အီရန်အပေါ် ပြစ်တင်ဝေဖန်ခဲ့သည်။ သို့သော် အီရန်အစိုးရသည် ယင်းဝေဖန်ရှုတ်ချမှုများကို ပယ်ချလိုက်သည်။ တစ်ချိန်တည်းမှာပင် ပင်တဂွန်စစ်ဌာနချုပ်က အမေရိကန်တပ်ဖွဲ့၏ စွမ်းပကားကို ပြသသည့်အနေဖြင့် ၎င်း၏ မဟာဗျူဟာ ဗုံးကြဲလေယာဉ် B-52H နှစ်စင်းကို အရှေ့အလယ်ပိုင်းဒေသသို့ စေလွှတ်လိုက်သည်။

တစ်ဆက်တည်းမှာပင် အီရန်နိုင်ငံခြားရေးဝန်ကြီး မိုဟာမက်ဂျာဗက်ဇာရစ်ဖ်က အမေရိကန်ပြည်ထောင်စုသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကို တိုက်ဖျက်နေသော်ငြားလည်း ဒေါ်လာဘီလီယံနှင့်ချီ အကုန်အကျခံပြီး ၎င်း၏ ဗုံးကြဲလေယာဉ်များနှင့် စစ်သင်္ဘောများကို အရှေ့အလယ်ပိုင်းဒေသသို့ စေလွှတ်ခဲ့ကြောင်း တုံ့ပြန်ပြောဆို လိုက်သည်။

အီရန်နိုင်ငံသည် စစ်ပွဲကိုဖန်တီးမည်မဟုတ်ကြောင်း၊ သို့သော် အီရန်ပြည်သူများ၊ အီရန်၏ လုံခြုံရေးနှင့် အဓိကအကျိုးစီးပွားများကို ဦးစားပေးကာကွယ်သွားမည်ဖြစ်ကြောင်း ၎င်းက ထပ်မံပြောကြားလိုက်သည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - ဂျေတီ**

# စင်ကာပူ၌ ၂၀၂၀ ပြည့်နှစ်တွင် စီးပွားရေးကျဆင်းမှုစံချိန်တင် ဖြစ်ပေါ်

**စင်ကာပူ ဇန်နဝါရီ ၄**

စင်ကာပူ၌ ၂၀၂၀ ပြည့်နှစ် စတုတ္ထလေးလပတ်တွင် စီးပွားရေးပြန်လည်တိုးတက်လာနိုင်သော်လည်း ကပ်ရောဂါကြောင့် တစ်နှစ်လုံးအတိုင်းအတာဖြင့် စီးပွားရေးကျဆင်းမှု ၅ ဒသမ ၆ ရာခိုင်နှုန်းအထိ စံချိန်တင်ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။



ယင်းသို့ စီးပွားရေးကျဆင်းမှုသည် စင်ကာပူနိုင်ငံအတွက် ၂၀၀၁ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ် စီးပွားရေးကျဆင်းမှုလည်းဖြစ်ခဲ့သလို လွတ်လပ်ရေးရပြီးနောက်ပိုင်း အဆိုးရွားဆုံး ကျဆင်းမှုအဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။

ဝန်ဆောင်မှုလုပ်ငန်းများ၊ လေကြောင်းလုပ်ငန်း၊ ခရီးသွားလာရေးနှင့် ဆောက်လုပ်ရေးကဏ္ဍတို့တွင် ကျဆင်းမှုအရှိန်အဟုန်ကြီးမားခဲ့သည်။ ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုးသည် ၆ ရာခိုင်နှုန်းမှ ၆ ဒသမ ၅ ရာခိုင်နှုန်းအထိ ကျဆင်းနိုင်ဖွယ်ရှိကြောင်း အစောပိုင်းကပင် အစိုးရက ခန့်မှန်းထားသည်။

အစိုးရ၏ ကိုဗစ်-၁၉ ရောဂါ ပြန်လည်ကုစားရေးအစီအစဉ်များကြောင့် တတိယနှင့် စတုတ္ထသုံးလပတ်တို့တွင် စီးပွားရေးတိုးတက်မှုများ ပြန်လည်ဖြစ်ထွန်းလာခဲ့သော်လည်း စတုတ္ထသုံးလပတ်အတွင်း စီးပွားရေးတိုးတက်မှု ၂ ဒသမ ၁ ရာခိုင်နှုန်းသာရရှိခြင်းနှင့်အတူ တစ်နှစ်ပတ်လုံးအတိုင်းအတာဖြင့် စီးပွားရေးကျဆင်းမှုပမာဏမှာ မျှော်မှန်းသလောက် ပြန်လည်နာလန်ထူလာနိုင်မှုမရှိခဲ့ခြင်း ဖြစ်သည်။

**ကိုးကား - စီအင်န်အေ**
**ဘာသာပြန် - မေလှဲ့သင်း**

# တရုတ်နိုင်ငံထုတ် Sonivac ဗိုင်းရပ်စ်ကာကွယ်ဆေး အလုံးရေ နှစ်သန်း ထိုင်းနိုင်ငံရရှိမည်

**ဗန်ကောက် ဇန်နဝါရီ ၄**

ထိုင်းနိုင်ငံက လာမည့်လအတွင်း တရုတ်နိုင်ငံ Sinovac Biotech Ltd မှ ပထမအသုတ် ကိုဗစ်ကာကွယ်ဆေးများ ရရှိမည်ဖြစ်ကာ ဗိုင်းရပ်စ်ကူးစက်နိုင်ခြေများသူကို ကာကွယ်ဆေးထိုးနှံပေးနိုင်တော့မည်ဖြစ်သည်။

ထိုင်းနိုင်ငံက Sinovac ကာကွယ်ဆေးများကို အဆင့်သုံးဆင့်ဖြင့် ရရှိမည်ဖြစ်ရာ ဖေဖော်ဝါရီလတွင် အလုံးရေ ၂၀၀၀၀၀၊ မတ်လတွင် ၈၀၀၀၀၀ နှင့် ဧပြီလတွင် တစ်သန်းရရှိမည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။ နည်းပညာလွှဲပြောင်းပေးရေး သဘောတူညီချက်အရ ထိုင်းနိုင်ငံက ပြည်တွင်း၌ AstraZeneca ကိုဗစ်ကာကွယ်ဆေး ထုတ်လုပ်မှု စတင်ခဲ့ပြီး မေလတွင် ကာကွယ်ဆေးများ ဖြန့်ဖြူးရန် အသင့်ဖြစ်မည်ဟု အဆိုပါဝန်ကြီးဌာနက ဆိုသည်။

ဗန်ကောက်မြို့အနီး ပင်လယ်စာဈေးများမှ စတင်ခဲ့သည့် ပြည်တွင်းကူးစက်မှုသစ်ကို ထိန်းချုပ်ရန် ထိုင်းနိုင်ငံက ကြိုးပမ်းနေရသည်။ ဝန်ကြီးချုပ် ပရာယုဒ်ချန်အိုချာက ဗိုင်းရပ်စ်ပျံ့နှံ့မှုထိန်းချုပ်ရန် ဇန်နဝါရီ ၄ ရက်မှစ၍ ဗန်ကောက်မြို့နှင့် အဆိုးရွားဆုံးပြည်နယ် ၂၇ ခု၌ စီးပွားရေးလုပ်ငန်းများနှင့် လူများစုဝေးခွင့် ကန့်သတ်ချက်များ သတ်မှတ်ခဲ့သည်။ ထိုင်းနိုင်ငံ၌ ယမန်နေ့က ဗိုင်းရပ်စ်ကူးသူ ၃၁၅ ဦး တွေ့ရှိခဲ့ရာ ၂၉၄ ဦးမှာ ပြည်တွင်းကူးစက်မှုဖြစ်ပြီး အတည်ပြုကူးစက်သူပေါင်း ၇၆၉၄ ဦးအထိ ရှိလာခဲ့သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဦးဆောင်သည့် COVAX အပါအဝင် ဆေးဝါးကုမ္ပဏီများမှ ဗိုင်းရပ်စ်ကာကွယ်ဆေးများဖြင့် ယခုနှစ်မကုန်မီ လူဦးရေ၏ ၅၀ ရာခိုင်နှုန်း သို့မဟုတ် ပြည်သူ ၃၃ သန်းကို ကာကွယ်ဆေးထိုးနှံပေးရန် ထိုင်းအစိုးရက ရည်မှန်းချက်တစ်ရပ် သတ်မှတ်ခဲ့သည်။

**ကိုးကား - ဘလွန်းဘာဂ့်**
**ဘာသာပြန် - ကျော်ထိုက်စိုး**

## ဂျပန်ဝန်ကြီးချုပ် ဆူဂါက တိုကျိုနှင့် အနီးဝန်းကျင်ရှိ ခရိုင်သုံးခုတွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှုထိန်းချုပ်ရေး အရေးပေါ်အခြေအနေကြေညာရန် စီစဉ်

**တိုကျို ဇန်နဝါရီ ၄**
ဂျပန်ဝန်ကြီးချုပ် ဆူဂါသည် မြို့တော်တိုကျိုနှင့် အနီးဝန်းကျင်ရှိ ခရိုင်သုံးခုတွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှုများ မြင့်တက်လာခြင်းကို ထိန်းချုပ်ရန် ယင်းဒေသများတွင် အရေးပေါ်အခြေအနေကြေညာရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ပြည်သူများ၏ ကိုဗစ်-၁၉ ရောဂါကူးစက်မှု အန္တရာယ်ကို လျှော့ချရန်အတွက် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အရေးပေါ်အခြေအနေနှင့် စပ်လျဉ်းသည့် အသေးစိတ်ဆောင်ရွက်ချက်များကို မြန်မြန်ဆန်ဆန် ဆုံးဖြတ်သွားမည်ဖြစ်ကြောင်းလည်း ဝန်ကြီးချုပ် ဆူဂါက ယနေ့ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။



ဝန်ကြီးချုပ် ဆူဂါအနေဖြင့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အရေးပေါ်အခြေအနေကြေညာချက်ကို ယခုတစ်ပတ်အစောပိုင်းတွင် ကြေညာဖွယ်ရှိကြောင်းလည်း ဂျပန်အစိုးရတာဝန်ရှိသူများက ပြောကြားခဲ့သည်။ အဆိုပါ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အရေးပေါ်အခြေအနေကြေညာချက်များသည် မြို့တော်တိုကျို အပါအဝင် ကာနာဂါဝါ၊ ဆိုင်းတမနှင့် ချီဘာခရိုင် တို့တွင် သက်ရောက်မှုရှိမည်ဖြစ်ကြောင်း သိရသည်။

ဂျပန်နိုင်ငံအစိုးရသည် မြို့တော်တိုကျိုနှင့် အနီးဝန်းကျင်ရှိ ခရိုင်သုံးခုတွင် အရေးပေါ်အခြေအနေကြေညာချက်ကို ပြီးခဲ့သည့် ဧပြီလအတွင်းက ကြေညာခဲ့ပြီး အရေးပေါ်အခြေအနေ သက်တမ်း တစ်လကျော်ကြာမြင့်ခဲ့ကြောင်းလည်း သိရသည်။ **ကိုးကား-အင်န်အိတ်ချ်ကေ**

**ဘာသာပြန်-အလင်းသစ်**



## ပိုမိုတင်းကျပ်သည့် ကန့်သတ်ချက်များ ထပ်တိုးချမှတ်သွားဖွယ်ရှိသည်ဟု ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင် ပြောကြား

**လန်ဒန် ဇန်နဝါရီ ၄**
ဗြိတိန်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှုအရေအတွက် ပိုမိုများပြားလာမှုကြောင့် ပိုမိုတင်းကျပ်သည့် ကိုဗစ်-၁၉ ဆိုင်ရာ ကန့်သတ်ချက်များကို ထပ်တိုးချမှတ်သွားဖွယ်ရှိကြောင်း ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်က ပြောကြားခဲ့သည်။

ဗြိတိန်တွင် ဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ်ကြောင့် နေ့စဉ် ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှုန်း စံချိန်တင် ဖြစ်ပေါ်လျက်ရှိသည်။ ယမန်နေ့တစ်ရက်တည်းမှာပင် ဗိုင်းရပ်စ်ကူးစက်ခံရသူ ၅၄၉၉၀ ရှိခဲ့ပြီး ကိုဗစ်-၁၉ ရောဂါစတင်ဖြစ်ပွားခဲ့ချိန်မှ လက်ရှိအချိန်အထိ ရောဂါကြောင့် သေဆုံးသူ ၇၅၀၀၀ ကျော် ရှိလာခဲ့ပြီဖြစ်သည်။

လတ်တလောတွင် လန်ဒန်မြို့နှင့် အနီးတစ်ဝိုက်ရှိ စာသင်ကျောင်းများကို ပိတ်ထားခဲ့သော်လည်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စာသင်ကျောင်းများ ပိတ်ထားရန် လိုအပ်ကြောင်း သင်ကြားရေးသမဂ္ဂက အကြံပြုခဲ့သည်။ သို့ရာတွင် ဝန်ကြီးချုပ်က "ကျောင်းတွေက လုံခြုံတယ်ဆိုတာ သံသယရှိစရာမလိုပါဘူး။ ပညာသင်ကြားနိုင်ရေးဆိုတာ ဦးစားပေးအလုပ်ပါ" ဟု ပြောသည်။

ဝန်ကြီးချုပ်ဂျွန်ဆင်က အင်္ဂလန်အတွက် သီးခြားမူဝါဒချမှတ်ဆောင်ရွက်သော်လည်း ဗြိတိန်နိုင်ငံ၏ ကျန်အစိတ် အပိုင်းများဖြစ်သည့် မြောက်အိုင်ယာလန်၊ ဝေးလ်နှင့် စကော့တလန် တို့အတွက်မူ ဒေသအစိုးရက ချမှတ်ထားပြီးဖြစ်သည့် စည်းမျဉ်းများကို ထိန်းကျောင်းသည့်ပုံစံဖြင့်သာ ဆောင်ရွက်နေခြင်းဖြစ်သည်။

အင်္ဂလန်ရှိ နေရာတော်တော်များများတွင် ရောဂါထိန်းချုပ်ရေးအတွက် အဆင့်လေးဆင့်ပါ အတင်းကျပ်ဆုံး ကန့်သတ်ချက်များကို ချမှတ်ကာ ဆောင်ရွက်လျက်ရှိသည်။ သို့ရာတွင် ဗြိတိန်တစ်ဝန်းလုံးတွင် ပိုမိုတင်းကျပ်သည့် ကန့်သတ်ချက်များ ချမှတ်နိုင်ရေးအတွက်ကိုမူ စဉ်းစားနေဆဲဖြစ်ကြောင်း ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

ထို့အတွက် အတိုက်အခံလေဘာပါတီခေါင်းဆောင် ကီရာစတာမာက ၂၄ နာရီအတွင်း နိုင်ငံတစ်ဝန်း အသွားအလာလုံးဝကန့်သတ်ရန် လိုအပ်နေပြီဖြစ်ကြောင်းနှင့် ဆုံးဖြတ်ချက်ချမှုများ နှေးကွေးခြင်းကြောင့် မလိုလားအပ်သည့် အကျိုးဆက်များဖြစ်ပေါ်လာနိုင်ကြောင်း ဝေဖန်ခဲ့သည်။ "ခက်ခဲတဲ့ ဆုံးဖြတ်ချက်တွေမှာ နှောင့်နှေးနေခဲ့လို့ ကျန်းမာရေးလုပ်သားတွေရဲ့ အခြေအနေတွေ ပိုမိုဆိုးရွားလာခဲ့တာပါ" ဟု မစ္စတာကီယာက ပြောကြားသည်။ စကော့တလန်ခေါင်းဆောင် နီကိုလာက ၎င်း၏အစိုးရအဖွဲ့ကို ခေါ်ယူ၍ တင်းကျပ်သည့် စည်းမျဉ်းများ ချမှတ်မည်၊ မချမှတ်မည်ကို ဇန်နဝါရီ ၅ ရက်တွင် ဆုံးဖြတ်သွားမည်ဖြစ်သည်။

**ကိုးကား -ဘီဘီစီ၊ ဘာသာပြန် -မေလွဲ့သင်း**

## အမေရိကန်၌ ကိုဗစ်-၁၉ ကြောင့် သေဆုံးသူအရေအတွက် ပိုမိုဖော်ပြနေကြောင်း သမ္မတထရမ့်၏ ပြောကြားချက်ကို ထိပ်တန်းဆေးပညာရှင်နှစ်ဦး ပယ်ချ

**ဝါရှင်တန် ဇန်နဝါရီ ၄**
အမေရိကန်နိုင်ငံ၌ ကိုဗစ်-၁၉ ကြောင့် သေဆုံးနှုန်းများပြားသည်မှာ မှန်သော်လည်း သေဆုံးနှုန်း အမှန်ထက် ပိုမိုရေတွက်ကာ ဖော်ပြနေကြောင်း သမ္မတထရမ့်က ပြောကြားခဲ့ရာ အဆိုပါပြောစကားနှင့် စပ်လျဉ်း၍ အမေရိကန်ထိပ်တန်းဆေးပညာရှင်နှစ်ဦးဖြစ်သည့် ဖော်စီနှင့် ခွဲစိတ်ပါရဂူ ဂျာရိုမီအက်ဒမ်စ် တို့နှစ်ဦးစလုံးက ပယ်ချခဲ့သည်။

အမေရိကန်တွင် ကိုဗစ်-၁၉ ရောဂါကူးစက်သူ သန်း ၂၀ ကျော်နှင့် သေဆုံးသူ ၃၄၇၀၀၀ ရှိပြီဖြစ်ကြောင်း၊ ထို့ကြောင့် အမေရိကန်နိုင်ငံသား ၉၅၀ လျှင် တစ်ဦးနှုန်း သေဆုံးနေရကြောင်း အမေရိကန်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ(CDC)က ဖော်ပြခဲ့သည်။

"အမေရိကန်မှာ ဗိုင်းရပ်စ်နဲ့ ပတ်သက်တဲ့ သေဆုံးသူနဲ့ ရောဂါကူးစက်သူအရေအတွက်ကို အဆမတန် ချဲ့ကားဖော်ပြနေကြပါတယ်။ ဒါက CDCရဲ့ ရယ်စရာကောင်းတဲ့ နည်းစနစ်နဲ့ အခြားနိုင်ငံတွေနဲ့ နှိုင်းယှဉ်ရာမှာ ပိုများအောင် ဆောင်ရွက်ထားတာပါ။ ဘယ်သူတင်တဲ့ အစီရင်ခံစာတွေလဲ။ ရည်ရွယ်ချက်ရှိရှိ၊ မမှန်မကန်နဲ့ လုပ်ဆောင်ထားတာဖြစ်ပါတယ်" ဟု ထရမ့်က စွပ်စွဲခဲ့သည်။ ထရမ့်က ရွေးကောက်ပွဲရှိသည့် ယခုနှစ်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်သူနှင့် သေဆုံးသူဦးရေကို ပိုမိုဖော်ပြခဲ့ခြင်းက နိုင်ငံရေးရည်ရွယ်ချက် သက်သက်ဖြင့် ဆောင်ရွက်ခဲ့ခြင်းသာဖြစ်သည်ဟု စွပ်စွဲခဲ့သည်။

အေဘီစီသတင်းဌာနနှင့် တွေ့ဆုံခန်းအတွင်း အမျိုးသားကျန်းမာရေးဌာနမှ ညွှန်ကြားရေးမှူး ဖော်စီက သေဆုံးနှုန်းမှာ အမှန်တကယ်နှုန်းသာဖြစ်ကြောင်း တုံ့ပြန်ခဲ့သည်။

"ပြည်သူ့ကျန်းမာရေး ရှုထောင့်ကကြည့်ရင်လည်း ဒီကိန်းဂဏန်းတွေနဲ့ ပတ်သက်ပြီး အကြောင်းပြချက်ပေးစရာ မလိုပါဘူး။ ပြည်သူတွေအနေနဲ့ ဒီလို သေဆုံးမှုတွေများလာတာနဲ့ ပတ်သက်ပြီး ပိုမိုနိုးကြားသတိပြုဖို့ လိုအပ်နေပါတယ်" ဟု ဂျာရိုမီအက်ဒမ်စ်က ပြောခဲ့သည်။

**ကိုးကား- မေးလ်အွန်လိုင်း**
**ဘာသာပြန်-မေလွဲ့သင်း**

## ဆွီဒင်နိုင်ငံ၌ ဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ လေးဦးတွေ့ရှိ

**စတော့ဟုမ်း ဇန်နဝါရီ ၄**
ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့၌ ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ လေးဦးတွေ့ရှိရကြောင်း ဇန်နဝါရီ ၃ ရက်တွင် ကျင်းပသော သတင်းစာရှင်းလင်းပွဲတွင် တာဝန်ရှိသူများက ပြောကြားသည်။ အဆိုပါကူးစက်ခံရသူများအနက် သုံးဦးမှာ ဗြိတိန်တွင် တွေ့ရှိရသော ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံခဲ့ရပြီး ကျန်တစ်ဦးမှာ အာဖရိကတွင် တွေ့ရှိရသော ဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခဲ့ကြောင်း သိရသည်။ ၎င်းတို့အား ကျန်းမာရေးဆိုင်ရာစည်းမျဉ်းများကို လိုက်နာရန်လည်း ညွှန်ကြားထားကြောင်း ကူးစက်ရောဂါဆိုင်ရာဆရာဝန် ဒေါက်တာရော့ဇန်အော့စ်လတ်က ပြောကြားသည်။

ဆွီဒင်နိုင်ငံမှ တာဝန်ရှိသူများအနေဖြင့် ဗြိတိန်နှင့် အာဖရိကနိုင်ငံများသို့ မကြာသေးမီအချိန်က သွားရောက်ခဲ့သူများအား နိုင်ငံသို့ ပြန်လည်ရောက်ရှိချိန်တွင် သတ်မှတ်ထားသော သီးခြားခွဲခြားစောင့်ကြည့်ခြင်းကို ခံယူရန်နှင့် ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ စစ်ဆေးရန် ညွှန်ကြားခဲ့သည်။ ဆွီဒင်နိုင်ငံ၏ ဒေသ ၁၁ ခုတွင် ဗြိတိန်မှ ပျံ့နှံ့လာသော ဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုများကို တွေ့ရှိနေရကြောင်း ရောဂါဗေဒဆိုင်ရာဆရာဝန် အမ်းဒါးတက်နဲစ်က ပြောကြားသည်။

ဆွီဒင်နိုင်ငံကျန်းမာရေးအေဂျင်စီ၏ ဇန်နဝါရီ ၁ ရက် ထုတ်ပြန်ချက်အရ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားသူ ၄၃၇၃၇၉ ဦးရှိပြီး အဆိုပါရောဂါကြောင့်သေဆုံးသူ ၈၇၂၇ ဦး ရှိကြောင်း သိရသည်။ **ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**


| ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ | | |
|---|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၈၅၅၇၈၁၂၇ | ဦး |
| သေဆုံးသူ | ၁၈၅၂၃၅၆ | ဦး |
| ပြန်လည်ကျန်းမာလာသူ | ၆၀၅၄၉၁၉၀ | ဦး |

## ဒိန်းမတ်နိုင်ငံက ဗြိတိန်ဆေးဝါးကုမ္ပဏီ AstraZeneca ထံမှ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ သန်း ၃၀ ဝယ်ယူမည်

**ဟန်ဂေး ဇန်နဝါရီ ၄**
ဒိန်းမတ်နိုင်ငံသည် ဗြိတိန်ဆေးဝါးကုမ္ပဏီ AstraZeneca ထံမှ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ သန်း ၃၀ ဝယ်ယူမည်ဖြစ်ကြောင်းနှင့် အခြားသော ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထုတ်လုပ်သည့်နိုင်ငံများထံမှလည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ဝယ်ယူရန် ပြင်ဆင်လျက်ရှိကြောင်း ဒိန်းမတ်ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ယနေ့တွင် ပြောကြားခဲ့သည်။

"ကျွန်တော်တို့အနေနဲ့ ဒိန်းမတ်ပြည်သူ ၁၅ သန်းအတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ သန်း ၃၀ ဝယ်ယူမယ့်သဘောတူညီချက်တစ်ရပ်ကို စာချုပ်ချုပ်ဆိုထားပြီဖြစ်ပါတယ်"ဟု ဒိန်းမတ်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၏ ယနေ့တွင် ပြုလုပ်သည့်သတင်းစာရှင်းလင်းပွဲတွင် ပြောကြားချက်ကို ကိုးကား၍ ဒိန်းမတ်သတင်းအေဂျင်စီက သတင်းဖော်ပြထားသည်။

ထို့ပြင် ဒိန်းမတ်နိုင်ငံသည် တရုတ်၊ ရုရှားနှင့် အမေရိကန်တို့အပါအဝင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထုတ်လုပ်သည့် အခြားသောနိုင်ငံများနှင့်လည်း ညှိနှိုင်းဆွေးနွေးမှုများ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။ ဒိန်းမတ်နိုင်ငံသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဦးဆောင် အကောင်အထည်ဖော်လျက်ရှိသည့် COVAX ကာကွယ်ဆေး အစီအစဉ်မှလည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ဝယ်ယူရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။




ဒိန်းမတ်နိုင်ငံသည် ပြည်တွင်းထုတ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး လက်တွေ့စမ်းသပ်မှုများကို ပြီးခဲ့သည့် ဒီဇင်ဘာလလယ်ပိုင်းတွင် စတင်လုပ်ဆောင်ခဲ့ပြီး ယခုနှစ် မေလတွင် ပြည်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထောက်ပံ့ပေးနိုင်ရန် မျှော်လင့်လျက်ရှိကြောင်း သိရသည်။

ဒိန်းမတ်နိုင်ငံ၌ ယနေ့အထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ စုစုပေါင်း ၁၄၉၇ ဦး ရှိကြောင်းနှင့် အဆိုပါရောဂါကြောင့် သေဆုံးသူ စုစုပေါင်း ၃၅ ဦးရှိကြောင်း ဒိန်းမတ်ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**







# မြင်းမူမြို့နယ်၌ ကလေးနှစ်ဦး မီးဆော့ကစားရာမှ မီးလောင်သေဆုံး

**မြင်းမူ ဇန်နဝါရီ ၄**

မြင်းမူမြို့နယ် ဆပ်ပျာကျင်းကျေးရွာ၌ ယမန်နေ့ မွန်းလွဲ ၂ နာရီ ၃၅ မိနစ်ခန့်က မီးလောင်မှုဖြစ်ပွားရာ ကလေးနှစ်ဦး မီးလောင်သေဆုံးခဲ့ကြောင်း သိရသည်။

အဆိုပါမီးလောင်မှုကို မြင်းမူမြို့နယ် မီးသတ်ဦးစီးဌာနမှ မြို့နယ်မီးသတ်ဦးစီးမှူး ချစ်ငြိမ်းအောင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက မွန်းလွဲ ၂ နာရီ မိနစ် ၅၀ တွင် ငြိမ်းသတ်နိုင်ခဲ့ကြောင်း၊ မြင်းမူမြို့နယ် ဆပ်ပျာကျင်းကျေးရွာနေ မောင်ညဏ်လင်းအောင် (၅ နှစ်)နှင့် မောင်တေဇာပို (၄ နှစ်)တို့ နှစ်ဦးသည် မီးဖြင့် ဆော့ကစားကာ ဝါးကြမ်းခင်း၊ ထရံကာထန်းရွက်မိုး တစ်ထပ်အိမ်အတွင်း ဝင်ရောက်ပုန်းနေစဉ် နေအိမ်သို့ မီးကူးစက်လောင်ကျွမ်းခဲ့ရာမှ ကလေးနှစ်ဦးမှာ မီးလောင်သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မီးလောင်မှုဖြစ်စဉ်နှင့် ပတ်သက်၍ မြင်းမူမြို့မရဲစခန်းက သေမှုသေခင်းဖွင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကိုကိုနိုင်(မြင်းမူ)**

# ကျိုင်းတုံမြို့နယ်၌ ဘိန်းခင်းများ ဖျက်ဆီး

**ကျိုင်းတုံ ဇန်နဝါရီ ၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် မိုင်းပန်(လယ်)ကျေးရွာအုပ်စုအတွင်းရှိ သီးပွင့်ဆဲဘိန်းခင်း ခုနစ်ဧကအား ဇန်နဝါရီ ၂ ရက်က ကျိုင်းတုံမြို့နယ် ရဲတပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ဖျက်ဆီးခဲ့ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး ဌေးမောင်နှင့်တပ်ဖွဲ့ဝင်များ၊ နယ်မြေခံတပ်ရင်းမှ ဗိုလ်ကြီးဟိန်းလွင်ဦးနှင့် တပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၂ ရက် နံနက် ၈ နာရီခွဲမှ မွန်းလွဲ ၂ နာရီခွဲအထိ ကျိုင်းတုံမြို့နယ် မိုင်းပန်(လယ်)အုပ်စု ဝမ်မိုင်ဆန်းရွာ အရှေ့ဘက် လေးဖာလုံခန့်အကွာတွင် အမြင့် သုံးပေခန့်ရှိသီးပွင့်ဆဲ ဘိန်းခင်း သုံးဧက၊ ဝမ်မိုင်ဆန်းရွာ၏ အရှေ့ဘက်တွင် အမြင့် လေးပေခန့်ရှိ သီးပွင့်ဆဲ ဘိန်းခင်း နှစ်ဧက၊ ဝမ်မိုင်ဆန်းရွာ အရှေ့ဘက် ခြောက်ဖာလုံအကွာတွင် အမြင့် သုံးပေခန့်ရှိ သီးပွင့်ဆဲ ဘိန်းခင်း နှစ်ဧကတို့ကို ဖျက်ဆီးခဲ့သည်။

ကျိုင်းတုံမြို့နယ်တွင် ဇန်နဝါရီ ၂ ရက်က သီးပွင့်ဆဲ ဘိန်းခင်းဧက စုစုပေါင်း ခုနစ်ဧက ဖျက်ဆီးခဲ့ပြီး ဘိန်းခင်းဖျက်ဆီးခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဘိန်းအစားထိုး ဈေးကွက်ဝင် သီးနှံစိုက်ပျိုးရန် စီမံချက်များရေးဆွဲ၍ ဘိန်းစိုက်ပျိုးခြင်းရပ်တန့်ကာ အခြားစီးပွားဖြစ် သီးနှံများ စိုက်ပျိုးနိုင်ရန် သက်ဆိုင်ရာဌာနများနှင့်ပူးပေါင်း၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကျိုင်းတုံမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဌေးမောင်ထံမှ သိရသည်။ **အောင်ဇင်မြင့်(ပြန်/ဆက်)**

# သာကေတနှင့် လောက်ကိုင်မြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၄**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ဇန်နဝါရီ ၃ ရက် ညနေ ၆ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် အမှတ်(၁၀) ရပ်ကွက်(တောင်) အမှတ်(၁၆၃၂)နေ အာကာပိုင်စိုး၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၂၀၀ နှင့် အိုက်စ် သုည ဒသမ ၇၈ ကီလိုတို့ကို လည်းကောင်း၊ ထို့အတူ ယင်းနေ့ နံနက် ၁၁ နာရီခွဲတွင် ရှမ်းပြည်နယ် လောက်ကိုင်မြို့ အမှတ်(၂) ရပ်ကွက် ပယ်စိမ်းလမ်းရှိ လီလောက်ကျင်း၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၂၀၀ နှင့် အိုက်စ် သုည ဒသမ ၀၈ ကီလိုတို့ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**




**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကျွာ လွှန်ချမ်းသာ**

# ၂၀၂၀ ပြည့်နှစ်အတွင်း လူကုန်ကူးမှု ၁၁၁ မှု ဖြစ်ပွားပြီး လူကုန်ကူးခံရသူ ၁၆၇ ဦးရှိသည့်အနက် မိန်းကလေးငယ် ၃၉ ဦးပါဝင်

**နေပြည်တော် ဇန်နဝါရီ ၄**

၂၀၂၀ ပြည့်နှစ်အတွင်း လူကုန်ကူးမှု ၁၁၁ မှုဖြစ်ပွားပြီး လူကုန်ကူးခံရသူ ၁၆၇ ဦး ရှိသည့်အနက် မိန်းကလေးငယ် ၃၉ ဦးပါဝင်ကြောင်း လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ သိရသည်။

အဆိုပါ လူကုန်ကူးမှုများမှာ ဇန်နဝါရီလတွင် ၁၅ မှု၊ ဖေဖော်ဝါရီလတွင် ခုနစ်မှု၊ မတ်လတွင် ကိုးမှု၊ ဧပြီလတွင် ခြောက်မှု၊ မေလတွင် ခြောက်မှု၊ ဇွန်လတွင် ၁၅ မှု၊ ဇူလိုင်လတွင် ၁၄ မှု၊ ဩဂုတ်လတွင် ၁၆ မှု၊ စက်တင်ဘာလတွင် ခြောက်မှု၊ အောက်တိုဘာလတွင် လေးမှု၊ နိုဝင်ဘာလတွင် ရှစ်မှုနှင့် ဒီဇင်ဘာလတွင် ငါးမှု ဖြစ်ပွားခဲ့သည်။

ယင်းအမှုများမှ လူကုန်ကူးမှု တရားခံပေါင်း ၃၃၉ ဦး ဖမ်းဆီးရမိပြီး လူကုန်ကူးခံရသူပေါင်း ၁၆၇ ဦး ရှိခဲ့သည်။

အဆိုပါ လူကုန်ကူးမှုများတွင် အဓမ္မလက်ထပ်မှု၊ အဓမ္မပြည့်တန်ဆာပြုမှုနှင့် အဓမ္မလုပ်အားစေခိုင်းမှုတို့ဖြစ်ပြီး အိမ်နီးချင်းနိုင်ငံဖြစ်သည့် တရုတ်၊ ထိုင်း၊ မလေးရှားနှင့် ပြည်တွင်း၌ပင် လူကုန်ကူးခံရခြင်းဖြစ်ကာ အများစုမှာ တရုတ်နိုင်ငံသို့ အဓမ္မလက်ထပ်မှုဖြစ်ကြောင်း လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ သိရသည်။

၂၀၂၀ ပြည့်နှစ်အတွင်း လူကုန်ကူးမှု ၁၁၁ မှုအနက် တရုတ်နိုင်ငံတွင် အဓမ္မလက်ထပ်မှု ၈၃ မှု၊ ပြည်တွင်းတွင် အဓမ္မလက်ထပ်မှု သုံးမှု၊ ထိုင်းတွင် အဓမ္မလက်ထပ်မှု တစ်မှု၊ ပြည်တွင်းတွင် အဓမ္မပြည့်တန်ဆာပြုမှု ၁၂ မှု၊ ထိုင်းတွင် အဓမ္မပြည့်တန်ဆာပြုမှု တစ်မှု၊ ပြည်တွင်းတွင် အဓမ္မလုပ်အားစေခိုင်းမှု ခုနစ်မှု၊ မလေးရှားတွင် အဓမ္မလုပ်အားစေခိုင်းမှု နှစ်မှု၊ တရုတ်တွင် အဓမ္မလုပ်အားစေခိုင်းမှု တစ်မှုနှင့် တရုတ်တွင် အဓမ္မအငှားကိုယ်ဝန်ဆောင်မှု တစ်မှုတို့ဖြစ်သည်။

ထို့ပြင် ၂၀၂၀ ပြည့်နှစ်အတွင်း လူကုန်ကူးခံရသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှာ ရှမ်းပြည်နယ်တွင် ၃၇ မှုဖြင့် အများဆုံးဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးတွင် ၃၀ မှုဖြင့် ဒုတိယအများဆုံးဖြစ်ကာ မန္တလေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တွင် ၁၀ မှုစီဖြင့် တတိယအများဆုံးဖြစ်ကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးတွင် ခုနစ်မှု၊ ပဲခူးတိုင်းဒေသကြီးတွင် ခြောက်မှု၊ တနင်္သာရီတိုင်းဒေသကြီးတွင် သုံးမှု၊ မကွေးတိုင်းဒေသကြီးနှင့် နေပြည်တော်တို့တွင် နှစ်မှုစီ၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် တစ်မှုစီဖြစ်ကြောင်း သိရသည်။ **ငြိမ်းငြိမ်း**

(၇၃) နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုဆောင်းပါး

# ပြည်တွင်းတည်ငြိမ်အေးချမ်းမှုကို ကြိုးပမ်းဆောင်ရွက်သွားရမည့် အချိန်တန်ပြီ

သံအမတ်ကြီးဒေါက်တာလှမောင်(ဘောဂ)

မိမိတို့မြန်မာနိုင်ငံသည် နှစ်ပေါင်း (၁၀၀) ခန့် သူ့ကျွန်ဘဝတွင် နေထိုင်ခဲ့ရာမှ ၁၉၄၈ ခုနှစ်တွင် လွတ်လပ်သောပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပေါ်ထွန်းလာခဲ့ပြီး ကမ္ဘာ့အလယ်တွင် လွတ်လပ်သောနိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်နေထိုင်လာနိုင်ခဲ့ရသည့် အကြောင်းရင်းခံများ များစွာရှိသည့်အနက် အရေးကြီးပြီး အဓိကကျသည့် အကြောင်းရင်းခံတစ်ရပ်မှာ (၂၀) ရာစုနှစ် ပထမပင်လုံညီလာခံကို အောင်မြင်စွာကျင်းပနိုင်ခဲ့ခြင်းကြောင့်ဖြစ်ပါသည်။

**အမျိုးသားရေးဦးတည်ချက် (၅) ရပ်**

၂၀၂၀ ခုနှစ် (၇၃) ကြိမ်မြောက် လွတ်လပ်ရေးနေ့အတွက် အမျိုးသားရေးဦးတည်ချက် (၅) ရပ် ချမှတ်ထားသည်ကို တွေ့ရပါသည်။ ဖော်ပြပါ အမျိုးသားရေးဦးတည်ချက် (၅) ရပ်ကို ခြုံငုံကြည့်မည်ဆိုပါက **"တိုင်းရင်းသားစည်းလုံးညီညွတ်မှုမှတစ်ဆင့် လူမှုဆက်ဆံရေးတရားမျှတမှု၊ စီးပွားရေးတရားမျှတမှု၊ နိုင်ငံရေးတရားမျှတမှု၊ အဆင့်အတန်းညီမျှမှု၊ အခွင့်အလမ်းညီမျှမှု၊ တရားဥပဒေရေးရာညီမျှမှုတို့ကို နိုင်ငံသားအားလုံး တန်းတူရည်တူ ရရှိခံစားနိုင်ပြီး စစ်မှန်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်လျက် နိုင်ငံ၏ လူမှု၊ စီးပွားရေးကို အရှိန်အဟုန်ဖြင့် တိုးတက်ဖွံ့ဖြိုးလာစေရန် ကြိုးပမ်းဆောင်ရွက်၍ လက်ရှိပြည်သူတစ်ရပ်လုံး ကြုံတွေ့နေရသည့် စိန်ခေါ်မှုများကို ဝိုင်းဝန်းပူးပေါင်းပါဝင်ပြီး စုပေါင်းအားဖြင့် ရင်ဆိုင်ကျော်လွှားသွားကြမည်"** ဟူ၍ အဓိပ္ပာယ်ဖော်ဆောင်လျက်ရှိပါသည်။

အထက်တွင် ဖော်ပြထားသည့်အတိုင်း ပြည်မနှင့် တောင်တန်းဒေသရှိ တိုင်းရင်းသားများရရှိကြမည့် အခွင့်အလမ်းများကို တရားမျှတမှုရှိပြီး အဆင့်အတန်းခွဲခြားမှုမရှိဘဲ နိုင်ငံသားအားလုံးတန်းတူရည်တူ ရရှိခံစားပိုင်ခွင့်ရှိသည်ဆိုသည့်အချက်များသည် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလတွင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် တိုင်းရင်းသားတောင်တန်းကိုယ်စားလှယ်များ ပါဝင်ကျင်းပပြုလုပ်ခဲ့သော ပင်လုံညီလာခံတွင်လည်း ဆွေးနွေးညှိနှိုင်းချမှတ်ထားရှိခဲ့ပြီးဖြစ်ကြောင်း တွေ့ရှိရပါသည်။ အလားတူပင် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ရရှိခဲ့သည့် မြန်မာ့လွတ်လပ်ရေးအထိမ်းအမှတ်အဖြစ် မော်ကွန်းကျောက်တိုင်တွင်လည်း လွတ်လပ်ရေးသစ္စာဓိဋ္ဌာန် (၉) ချက်ကို ရေးသားဖော်ပြထားရှိခဲ့သည်ကို တွေ့ရှိကြရမည် ဖြစ်ပါသည်။

(၁) **ငါတို့သည် ဤနေ့ ဤအချိန်မှစ၍** ငါတို့အား လွတ်လပ်သောလမ်းသို့ ပို့ဆောင်ခဲ့သော ငါတို့ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ချမှတ်ခဲ့သည့်လမ်းစဉ်အတိုင်း တစ်သဝေမတိမ်း ချီတက်မည်။

(၂) **ငါတို့သည် ဤနေ့ ဤအချိန်မှစ၍** ငါတို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး၏ သစ္စာကို မသွေမဖည် စောင့်ထိန်းမည်။

(၃) **ငါတို့သည် ဤနေ့ ဤအချိန်မှစ၍** လွတ်လပ်သော နိုင်ငံတော်သားတို့၏ မွန်မြတ်သော အခွင့်အရေးကို ခံယူသည့်နည်းတူ လွတ်လပ်သော နိုင်ငံတော်သားတို့၏တာဝန်ဝတ္တရားများကိုလည်း မတိမ်းမယိမ်း ထမ်းဆောင်မည်။

(၄) **ငါတို့သည် ဤနေ့ ဤအချိန်မှစ၍** ငါတို့ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ လုံ့လဥဿာဟဖြင့် ရရှိပြီးဖြစ်သော အမျိုးသားညီညွတ်ရေးကို ကျောက်စိုင်ကျောက်ခဲကဲ့သို့မြဲအောင်ထိန်းသိမ်းမည်။

(၅) **ငါတို့သည် ဤနေ့ ဤအချိန်မှစ၍** ငါတို့နိုင်ငံတော်သားဟူသရွေ့ကို ကြီးငယ်နီးဝေးမခြား တသွေးတသားတည်းပြု၍ နည်းများနိမ့်မြင့်မရှိစေရ ညီတူညီမျှ ပြုမည်။

(၆) **ငါတို့သည် ဤနေ့ ဤအချိန်မှစ၍** သူတပါးကိုလည်းမတရားမပြု ငါတို့အားလည်း မတရားပြုသည်ကိုလည်းမခံ အသက်နှင့်လဲ၍ ကာကွယ်မည်။

(၇) **ငါတို့သည် ဤနေ့ ဤအချိန်မှစ၍** ငါတို့နိုင်ငံတော်ကြီး၏တရားဥပဒေများကို ရိုသေစွာလိုက်နာကျင့်သုံးမည်။

(၈) **ငါတို့သည် ဤနေ့ ဤအချိန်မှစ၍** ငါတို့နိုင်ငံနှင့် ငါတို့လွတ်လပ်ရေးကို အသက်နှင့်လဲ၍ ကာကွယ်စောင့်ရှောက်မည်။

(၉) လုံးဝလွတ်လပ်သော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး ကမ္ဘာ့အရှည်တည်မြဲရေးတာဝန်သည် ငါတို့နှင့်တကွ ငါတို့ သားမြေးနောင်လာအဆက်ဆက်တို့အပေါ်၌ တည်စေမည်။ **ဤငါတို့သစ္စာအဓိဋ္ဌာန်မှန်သည့်အတိုင်း ငါတို့ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီးသည် ကမ္ဘာအရှည်တည်စေသတည်း။**



ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံအတွင်းရှိ လွတ်လပ်ရေးကျောက်တိုင်အား တွေ့ရစဉ်။

**အောင်မြင်စွာ အကောင်အထည်ဖော်**

အထက်ဖော်ပြပါ ၁၉၄၈ ခုနှစ် လွတ်လပ်ရေး သစ္စာဓိဋ္ဌာန် (၉) ချက်တွင် ဖော်ပြထားသည့်အတိုင်း **"နိုင်ငံသားတို့၏ တာဝန်ဝတ္တရားများကို မတိမ်းမယိမ်းထမ်းဆောင်မည်။ အမျိုးသားညီညွတ်ရေးကို ကျောက်စိုင် ကျောက်ခဲကဲ့သို့ မြဲအောင်ထိန်းသိမ်းမည်။ ကြီးငယ်နီးဝေးမခြား တသွေးတသားတည်းပြု၍ နည်းများနိမ့်မြင့်မရှိစေဘဲ ညီတူညီမျှ ပြုမည်။ နိုင်ငံတော်၏ တရားဥပဒေများကို ရိုသေစွာလိုက်နာကျင့်သုံးမည်"** ဟူသောအဓိပ္ပာယ်ကို ဖော်ဆောင်လျက် ရှိနေပါသည်။ ၂၀၂၀ ခုနှစ် (၇၃) နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် အမျိုးသားရေးဦးတည်ချက်များ ချမှတ်ထားသည်မှာ လက်ရှိမြန်မာ့နိုင်ငံရေးအခြေအနေအရ များစွာလျော်ကန်သင့်မြတ်သည့် ဦးတည်ချက်များဖြစ်သည်ကို တွေ့ရှိရပါသည်။ သို့သော် အထက်ဖော်ပြပါ ဦးတည်ချက်များ အကောင်အထည် ဖော်ဆောင်နိုင်စေရန် ဆိုလျှင် လက်ရှိမိမိတို့နိုင်ငံအတွင်း၌ ဖြစ်ပေါ်နေသည့် လက်နက်ကိုင်ပဋိပက္ခများကို ချုပ်ငြိမ်းနိုင်မှသာလျှင် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်မည်ဟု ထင်မြင်ရပါသည်။

မိမိအနေဖြင့် ဘာကြောင့် ပြည်တွင်းတည်ငြိမ်အေးချမ်းမှုရရှိစေရန် ကြိုးပမ်းဆောင်ရွက်သွားသင့်သည် ဆိုသည့်အချက်ကို အနည်းငယ်ရှင်းပြလိုပါသည်။ မိမိတို့မြန်မာနိုင်ငံသည် ဒုတိယကမ္ဘာစစ်မတိုင်မီနှင့် စစ်ပြီးအစောပိုင်းအချိန်ကာလများတွင် မိမိတို့၏လူမှုစီးပွားရေးအခြေအနေမှာ အိမ်နီးချင်းအာရှနိုင်ငံများနှင့် နှိုင်းယှဉ်မည်ဆိုပါက မတိမ်းမယိမ်းရှိနေခဲ့သည့်အပြင် မိမိတို့၏ ပညာရေးနှင့် ကျန်းမာရေးအခြေအနေတို့မှာ ၎င်းတို့ထက်ပင် သာလွန်ကောင်းမွန်သည့်အနေအထားတွင် ရှိနေခဲ့သည်ကို တွေ့ရှိကြရမည်ဖြစ်ပါသည်။ လက်ရှိမိမိတို့ မြန်မာနိုင်ငံ၏ လူမှုစီးပွားရေးအခြေအနေကို ပြန်လည်သုံးသပ်ကြည့်မည်ဆိုပါက ယခင်မိမိတို့၏ နှိုင်းယှဉ်ဘက်နိုင်ငံများထက် အဆပေါင်းများစွာ ကွာဟလျက်ရှိနေပြီး ၎င်းတို့ထက် နှစ်ပေါင်း ၂၀ ခန့် နောက်ကျကျန်ရစ်လျက်ရှိသည်ကို တွေ့ရှိကြရမည် ဖြစ်ပါသည်။

**များစွာနောက်ကျကျန်ရစ်နေခဲ့ရခြင်း**

ဥပမာအားဖြင့်တင်ပြရမည်ဆိုလျှင် လက်ရှိလူတစ်ဦး ပျမ်းမျှဝင်ငွေအခြေအနေမှာ စင်ကာပူနိုင်ငံအနေဖြင့် ဒေါ်လာ ၆၅၂၃၃ ခန့်၊ မလေးရှားနိုင်ငံအနေဖြင့် ဒေါ်လာ ၁၁၄၁၅ ခန့်၊ ထိုင်းနိုင်ငံအနေဖြင့် ဒေါ်လာ ၇၈၀၈ ခန့်၊ မြန်မာနိုင်ငံအနေဖြင့် ဒေါ်လာ ၁၄၀၈ ခန့်သာ ရှိကြောင်း တွေ့ရှိရပါတယ်။ အလားတူ လက်ရှိပြည်ပပို့ကုန်အခြေအနေကို ကြည့်မည်ဆိုပါကလည်း မိမိတို့၏နှိုင်းယှဉ်ဘက်နိုင်ငံများ၏ တစ်နှစ်ပျမ်းမျှ ပြည်ပပို့ကုန်တန်ဖိုးမှာ ဒေါ်လာ ၂၀၀ ဘီလီယံကျော်မှ ၄၀၀ ဘီလီယံခန့်အထိရှိပြီး မိမိတို့မြန်မာနိုင်ငံ၏ တစ်နှစ်ပျမ်းမျှ ပြည်ပပို့ကုန်တန်ဖိုးမှာ ဒေါ်လာ ၁၇ ဒသမ ၄ ဘီလီယံခန့်သာရှိကြောင်း တွေ့ရှိရပါသည်။ ထို့ကြောင့် မိမိတို့ မြန်မာနိုင်ငံအနေဖြင့် ယခုကဲ့သို့ လူမှုစီးပွားရေးအခြေအနေများ နောက်ကျကျန်နေခဲ့ရသည့် အဓိကအကြောင်းရင်းခံများ များစွာရှိသည့်အနက် အရေးကြီးပြီး အဓိကကျသည့် အကြောင်းရင်းခံတစ်ရပ်မှာ ပြည်တွင်းတည်ငြိမ်အေးချမ်းမှုရရှိအောင် ဆောင်ကြဉ်းမပေးနိုင်ခဲ့သောကြောင့် ဖြစ်ပါသည်။ ပြည်တွင်းတည်ငြိမ်အေးချမ်းမှုသည် မိမိတို့နိုင်ငံအတွက် ထိပ်တန်းဦးစားပေးလုပ်ငန်းစဉ် တစ်ရပ်အနေဖြင့် ချမှတ်ဆောင်ရွက်သွားရန် အဘယ်ကြောင့် အရေးကြီးလျက်ရှိသည်ကို အနည်းငယ်ရှင်းလင်းတင်ပြလိုပါသည်။ မိမိတို့နိုင်ငံသည် ၁၉၄၈ ခုနှစ်တွင် လွတ်လပ်ရေးရရှိခဲ့ပြီး လွတ်လပ်ရေးမရမီ ၁၉၄၇ ခုနှစ်မှ အစပြု၍ပင် နိုင်ငံရေးပါတီအချို့ စတင်တောခိုခဲ့ပါသည်။ နောက်ပိုင်းမှာလည်း တစ်ဖွဲ့နှင့်တစ်ဖွဲ့ ယုံကြည်မှုတည်ဆောက်နိုင်ခဲ့ခြင်း မရှိသည့်အတွက် တိုင်းရင်းသားအဖွဲ့အစည်းပေါင်း တစ်ဒါဇင်ကျော်ခန့် လက်နက်ကိုင်တောခိုပြီး တိုက်ပွဲဝင်ခဲ့ကြပါသည်။ မိမိတို့၏ အမိမြန်မာနိုင်ငံသည် လွန်ခဲ့သည့် အနှစ် ၇၀ ကျော်ကာလမှ အစပြု၍ သေနတ်သံ၊ ဗုံးသံတညံညံဖြင့် ပြည်တွင်း တည်ငြိမ်အေးချမ်းမှု မရှိခဲ့သည့်အတွက် မြန်မာနိုင်ငံ၏လူမှုစီးပွားရေးအခြေအနေမှာ အထက်တွင် ရှင်းလင်းတင်ပြထားသည့်အတိုင်း အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက ယခုကဲ့သို့ များစွာ နောက်ကျကျန်ရစ်နေခဲ့ရခြင်း ဖြစ်ပါသည်။

**ပင်လုံစိတ်ဓာတ်**

ထို့ကြောင့် မိမိတို့နိုင်ငံအနေဖြင့် လက်ရှိအချိန်တွင် အဓိက ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းစဉ်တစ်ရပ်မှာ မိမိတို့တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး ပင်လုံစိတ်ဓာတ်ကို အခြေခံလျက် စည်းလုံးညီညွတ်စွာဖြင့် ပြည်တွင်းတည်ငြိမ်အေးချမ်းမှုကို မဖြစ်မနေရရှိလာစေရန် ကြိုးပမ်းဆောင်ရွက်သွားရမည့် အချိန်တန်ပြီ ဖြစ်ပါသည်။

ထို့ကြောင့် မိမိအထက်တွင် တင်ပြခဲ့သည့်အတိုင်း ယနေ့ မိမိတို့ ကမ္ဘာ့အလယ်တွင် လွတ်လပ်သောနိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်နိုင်ခဲ့ကြသည်မှာ (၂၀) ရာစု ပထမပင်လုံညီလာခံကို အောင်မြင်စွာကျင်းပနိုင်ခဲ့ခြင်းကြောင့် ဖြစ်ပါသည်။ ထိုနည်းတူစွာပင် ယခုအစိုးရသစ်တက်ရောက်လာခဲ့ပြီးနောက်ပိုင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်၍ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁) ရာစုပင်လုံ ဒုတိယ၊ တတိယနှင့် စတုတ္ထအကြိမ် အစည်းအဝေးများကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီး ထိုအစည်းအဝေးများမှ ဘုံသဘောတူချမှတ်အတည်ပြုထားသော ဆုံးဖြတ်ချက်များကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဆိုပါက မိမိတို့နိုင်ငံတွင် အရေးတကြီးလိုအပ်နေသော "ပြည်တွင်း တည်ငြိမ်အေးချမ်းမှု" ကို မကြာမီရရှိလာနိုင်တော့မည်ဟု မျှော်မှန်းရပါသည်။ ထိုသို့အားဖြင့် မိမိတို့တိုင်းရင်းသားညီအစ်ကိုမောင်နှမများအနေဖြင့် ယခုကဲ့သို့ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမှတစ်ဆင့် ပြည်တွင်း တည်ငြိမ်အေးချမ်းမှုရရှိလာပြီးနောက်ပိုင်းများမကြာမီအချိန်ကာလတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်နိုင်တော့မည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ပါသည်။ ။

**ထို့ကြောင့် မိမိတို့နိုင်ငံအနေဖြင့် လက်ရှိအချိန်တွင် အဓိကဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းစဉ်တစ်ရပ်မှာ မိမိတို့တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး ပင်လုံစိတ်ဓာတ်ကို အခြေခံလျက် စည်းလုံးညီညွတ်စွာဖြင့် ပြည်တွင်းတည်ငြိမ်အေးချမ်းမှုကို မဖြစ်မနေရရှိလာစေရန် ကြိုးပမ်းဆောင်ရွက်သွားရမည့်အချိန်တန်ပြီ ဖြစ်ပါသည်။ ထို့ကြောင့် မိမိအထက်တွင် တင်ပြခဲ့သည့်အတိုင်း ယနေ့ မိမိတို့ကမ္ဘာ့အလယ်တွင် လွတ်လပ်သောနိုင်ငံတစ်နိုင်ငံ အဖြစ် ရပ်တည်နိုင်ခဲ့ကြသည်မှာ (၂၀) ရာစု ပထမပင်လုံညီလာခံကို အောင်မြင်စွာကျင်းပနိုင်ခဲ့ခြင်းကြောင့်ဖြစ်။**

# သတိရှိပါ၊ သည်းခံကြပါ၊ အနာဂတ်ကို ရှေးရှုပြီး အားတင်းထားကြပါ



ပြည်သူအများ ယခုအချိန်မှာ အသိချင်ဆုံးကိစ္စကတော့ COVID ကာကွယ်ဆေး ထိုးပေးမယ့်အစီအစဉ် ဘယ်တော့စတင်နိုင်မလဲဆိုတာ ဖြစ်ပါလိမ့်မယ်။ ပထမဆုံး ကာကွယ်ဆေးတစ်သုတ် အိန္ဒိယနိုင်ငံမှရရှိရေး အတွက် အရောင်းအဝယ်စာချုပ်ကို ချုပ်ဆိုထားပြီးပါပြီ။ ကာကွယ်ဆေးသုံးစွဲခွင့်ကို အိန္ဒိယရှိ သက်ဆိုင်ရာဌာနက ထုတ်ပြန်ပြီးတာနဲ့ မြန်မာပြည်တွင်းကို သွင်းနိုင်ဖို့လည်း စီစဉ်ထားပါတယ်။ ဒီအစီအစဉ်အရ ဖေဖော်ဝါရီလမှာ ကာကွယ်ဆေးတွေကို ဦးစားပေးရမယ့် အစုအဖွဲ့ဖြစ်တဲ့ ကျန်းမာရေးဝန်ထမ်းများကို ပထမဆုံး စတင်ထိုးပေးမှာ ဖြစ်ပါတယ်။ ကာကွယ်ဆေးရရှိရေး ကမ္ဘာ့နိုင်ငံအားလုံးက ဆောင်ရွက်နေတာကြောင့် ယှဉ်ပြိုင်မှုများပါတယ်။ ဒါပေမယ့်လည်း ၂၀၂၁ ခုနှစ် တစ်လျှောက် ကာကွယ်ဆေးထိုးပေးရေးလုပ်ငန်းများ နိုင်ငံတစ်ဝန်း တစ်ဆင့်ပြီး တစ်ဆင့် အကောင်အထည်ဖော်နိုင်မယ်လို့ ယူဆရပါတယ်။ ကာကွယ်ဆေးမထိုးရသေးမီကာလအတွင်း ကျန်းမာရေး စည်းမျဉ်းစည်းကမ်းများကို လိုက်နာပြီး COVID အောင်နိုင်ရေးကို ပံ့ပိုးပေးဖို့ ပြည်သူတွေကို မေတ္တာရပ်ခံပါတယ်။ သတိရှိပါ၊ သည်းခံကြပါ၊ အနာဂတ်ကို ရှေးရှုပြီး အားတင်းထားကြပါ။ အားလုံး အတူရှိနေကြပါတယ်။

( အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၊ ဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁-၁-၂၀၂၁ ရက်နေ့ နိုင်ငံတကာနှစ်သစ်ကူး အထိမ်းအမှတ် အခါသမယတွင် ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

# ဇန်နဝါရီ ၄ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၅၉၀ ဦး တွေ့ရှိ

## COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၄-၁-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၃-၁-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၄-၁-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ အတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁၆,၉၉၀) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၅၉၀) ဦး တွေ့ရှိရပါသည်။

ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ
(၄-၁-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) | (၈၇၃) ခု | (၄၇) ဦး |
| ဆေးသုတေသနဦးစီးဌာန (ရန်ကုန်) | (၇၆၀) ခု | (၁၇) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) | (၅၆၂) ခု | (၄၈) ဦး |
| ဆေးတက္ကသိုလ် (၁) (ရန်ကုန်) | (၁၁၆) ခု | (၂၂) ဦး |
| ရန်ကုန်မြို့ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၇၅) ခု | (၇) ဦး |
| စစ်တွေမြို့ အမှတ် (၁၇) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၁၁) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၄၂) ခု | (၂) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၂) ဦး | (၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၈၀၂) ခု | (၉၃) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၃,၅၅၇) ခု | (၃၅၃) ဦး |
| စုစုပေါင်း | (၁၆,၉၉၀) ခု | (၅၉၀) ဦး |

COVID-19 နေ့စဉ် စမ်းသပ်တွေ့ရှိရမှုနှုန်း (test positivity rate) မှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| | ၂၆-၁၂-၂၀ | ၂၇-၁၂-၂၀ | ၂၈-၁၂-၂၀ | ၂၉-၁၂-၂၀ | ၃၀-၁၂-၂၀ | ၃၁-၁၂-၂၀ | ၁-၁-၂၁ | ၂-၁-၂၁ | ၃-၁-၂၁ | ၄-၁-၂၁ |
|---|---|---|---|---|---|---|---|---|---|---|
| ပိုးတွေ့ရှိမှု ရာခိုင်နှုန်း | ၃.၆ | ၃.၇ | ၃.၄ | ၃.၄ | ၃.၅ | ၃.၇ | ၂.၆ | ၃.၆ | ၄.၁ | ၃.၅ |

မှတ်ချက်။ COVID-19 စမ်းသပ်တွေ့ရှိရမှုနှုန်းမှာ ဓာတ်ခွဲစစ်ဆေးသည့်အရေအတွက်ပေါ်၌လည်း မူတည်နေပါသည်။ (၂၆-၁၂-၂၀၂၀) ရက်နေ့မှ (၄-၁-၂၀၂၁) ရက်နေ့အထိ နေ့စဉ်စစ်ဆေးသော ဓာတ်ခွဲနမူနာအရေအတွက်မှာ အနည်းဆုံး (၁၅,၇၃၅)ခုမှ အများဆုံး(၂၄,၀၀၇)ခု အထိ ဖြစ်ပြီး ပျမ်းမျှအရေအတွက်မှာ (၁၈,၁၃၃) ခု ဖြစ်ပါသည်။

* ပြည်သူလူထုအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ တစ်ပြည်လုံးအတိုင်းအတာဖြင့် ဆောင်ရွက်နေသည့် ပါးစပ်နှင့် နှာခေါင်းစည်းမဖြစ်မနေ တပ်ဆင်ရေး လူထုလှုပ်ရှားစီမံချက် (mask and face shield campaign) ၌ ပါဝင်သော ဆောင်ရွက်ရမည့် အချက်များကို တက်ကြွစွာ ပူးပေါင်း ပါဝင်ဆောင်ရွက်မှသာလျှင် ရောဂါကူးစက်ပြန့်ပွားမှုကို အမြန်ဆုံး ထိန်းချုပ်နိုင်မည်ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် COVID-19 လူနာ ဖြစ်ပွား၊ သေဆုံးမှု အခြေအနေ
(၄-၁-၂၀၂၁)ရက်နေ့၊ ည(၈:၀၀)နာရီ

| | အသစ် (လွန်ခဲ့သော ၂၄ နာရီအတွင်း) | ယခုအထိ စုစုပေါင်း |
|---|---|---|
| စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၁၆,၉၉၀) ဦး | (၁,၈၈၄,၆၁၉) ဦး |
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | (၅၉၀) ဦး | (၁၂၆,၄၃၅) ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | (၆၅၂) ဦး | (၁၁၀,၂၀၀) ဦး |
| သေဆုံးလူနာ | (၁၆) ဦး | (၂,၇၄၄) ဦး |

- ယနေ့ သေဆုံးသူ (၁၆) ဦးအနက် ရောဂါအခံရှိသူ (၁၄) ဦး ပါဝင်ပါသည်။
- တိုင်းဒေသကြီး/ ပြည်နယ်များရှိ ဆေးရုံများနှင့် ရန်ကုန်မြို့ရှိ COVID-19 ရောဂါကုသရေးဌာနများ၊ တပ်မတော် ဆေးရုံများမှ ဆေးရုံဆင်းခွင့်ရရှိသူ စုစုပေါင်း (၆၅၂) ဦးတွင် -
  - ဆေးရုံများ - (၄၂၆) ဦး
  - COVID-19 ရောဂါကုသရေးဌာနများ (ရန်ကုန်မြို့) - (၂၂၆) ဦး ပါဝင်ပါသည်။
- ရန်ကုန်တိုင်းဒေသကြီးအတွင်း ဓာတ်ခွဲအတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့ခဲ့သူများအနက်မှ ဓာတ်ခွဲအဖြေ Negative ထွက်ရှိခဲ့သဖြင့် အသွားအလာကန့်သတ်ထားရှိရာ နေရာများမှ ဆင်းခွင့်ပေးခဲ့ကာ နေအိမ်များတွင် ဆက်လက်၍ အသွားအလာကန့်သတ်ထားရှိသူ စုစုပေါင်း (၄၃၇) ဦးရှိပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

# (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနား နိုင်ငံတစ်ဝန်း၌ ကျင်းပ

နေပြည်တော်   ဇန်နဝါရီ   ၄

(၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နိုင်ငံတစ်ဝန်း၌ ကျင်းပလျက်ရှိရာ အဆိုပါအခမ်းအနားသို့ တက်ရောက်လာကြသူများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံအား လွှင့်တင်ပြီး အလေးပြုကြခြင်း၊ နိုင်ငံတော်သမ္မတထံမှ ပေးပို့သော (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာအား ဖတ်ကြားခြင်းနှင့် ညပိုင်းတွင် နေပြည်တော်၌ မီးရှူးမီးပန်းများ ပစ်ဖောက်ခြင်းတို့ ဆောင်ရွက်ခဲ့ကြသည်။



မင်းဘူးမြို့၌ ကျင်းပစဉ်။ ဓာတ်ပုံ-မောင်မောင်(မင်းဘူး)



နေပြည်တော်၌ မီးရှူးမီးပန်းများ ပစ်ဖောက်စဉ်။ ဓာတ်ပုံ-သတင်းစဉ်



မြဝတီမြို့၌ ကျင်းပစဉ်။ ဓာတ်ပုံ-ထိန်လင်းအောင်(ပြန်/ဆက်)



ပုသိမ်မြို့၌ ကျင်းပစဉ်။ ဓာတ်ပုံ-ပုသိမ်လှကြည်



ပူတာအိုမြို့၌ ကျင်းပစဉ်။ ဓာတ်ပုံ-ဖုန်ကန်(ပူတာအို)



ဘားအံမြို့၌ ကျင်းပစဉ်။ ဓာတ်ပုံ-စောမျိုးမင်းသိန်း(ပြန်/ဆက်)



ညောင်တုန်းမြို့၌ ကျင်းပစဉ်။ ဓာတ်ပုံ-မြို့နယ်(ပြန်/ဆက်)



တပ်ကုန်းမြို့၌ ကျင်းပစဉ်။ ဓာတ်ပုံ-တင်စိုးလွင်(ပြန်/ဆက်)



ပြင်ဦးလွင်မြို့၌ ကျင်းပစဉ်။ ဓာတ်ပုံ-မြတ်ဆုမွန်(ပြန်/ဆက်)



# ၂၀၂၁ နှစ်သစ်ကို ကြိုဆိုပါတယ်

**ဦးမောင်မောင်စိုးတင့်**
**(အငြိမ်းစားသံအမတ်ကြီး)**

ကျွန်တော် နေ့စွဲတပ်ရာတွင် ၂၀၂၀ ပြည့်နှစ်လို့ ရေးမိတယ်။ မှားသွားပါတယ်။ တစ်နှစ်တာမျှ ရင်းရင်းနှီးနှီးနေခဲ့တာမို့ အကျင့်ပါပြီး ဆက်လက် ရေးမိတာပါ။ သူ ကျွန်တော်တို့ကို စွန့်ခွာသွားခဲ့ပါပြီ။ သေချာတာကတော့ ဝေးခဲ့ကြပြီ။ နောင်ပြန်လည် မတွေ့နိုင်တော့မယ့် ဝေးခြင်းပါပဲ။ သတိရတမ်းတ လွမ်းဆွတ်ဖွယ်ရာပဲ ကျန်ရစ်ခဲ့ပါတယ်။ တချို့အဖို့ တော့ ဝမ်းနည်းကြေကွဲဖွယ်ရာပဲ ကျန်ခဲ့ပါတယ်။ ဒီလိုပဲ တစ်ဦးနဲ့တစ်ဦး တွေ့ကြုံခံစားချက်ချင်း တူမယ်မဟုတ်ပါ။ တစ်ပြည်နဲ့ တစ်ပြည်ချင်းလည်း တူကြမယ်မထင်ပါ။

အချိန်ကာလကို အများသဘောကျ သတ်မှတ်ထားတဲ့ နှစ်တွေ၊ ခေတ်တွေဟာ လူတွေရဲ့ အသိအမှတ်ပြုထားတဲ့ ပညတ်ချက်တွေပါ။ ကောင်းတယ်၊ မကောင်းတယ်မရှိပါဘူး။ သူတို့က ဘာမှမလုပ်နိုင်ရှာပါဘူး။ ကောင်း၊ မကောင်းလုပ်နေတာက လူတွေပါ။ ကုသိုလ်၊ အကုသိုလ်တွေလုပ်နေတာက လူသားတွေပါ။ ဒါတောင် သူတို့က ဒီနှစ်ကောင်းတယ်၊ မကောင်းဘူး၊ ဒီခေတ်ကောင်းတယ်၊ မကောင်းဘူး စသည်ဖြင့် သုံးသပ်ဝေဖန်ကြသေးတယ်။ ကိုယ်နဲ့ ဘာမှမဆိုင်သလိုပဲ။

ပျောက်ကွယ်သွားပြီဖြစ်တဲ့ ၂၀၂၀ ပြည့်နှစ်ကို ဘယ်လိုဝေဖန်တိုင်းတာကြမှာလဲ။ တစ်ဦးချင်းကတော့ တွေ့ကြုံခံစားချက်များအပေါ်မူတည်ပြီး တိုင်းတာကြပါလိမ့်မယ်။ သမိုင်းသုတေသီများကတော့ ကမ္ဘာကြီးမှာဖြစ်ပျက်ခဲ့တဲ့ ဖြစ်ရပ်များကို သုံးသပ်လေ့လာပြီး တိုင်းတာကြပါလိမ့်မယ်။ အမှန်ကတော့ ကမ္မနိယာမတရား၊ ကမ္ဘာ့နိယာမတရားအတိုင်း ဖြစ်ပျက်နေတဲ့ ဖြစ်ရိုးဖြစ်စဉ်တွေပဲ တွေ့ရမှာပါပဲ။ ဒါကလွဲ၍လည်း ဖြစ်နိုင်ဖို့ အကြောင်းမရှိပါ။

ဒါပေမဲ့ လူသားသဘာဝအတိုင်း ဒီနှစ် ၂၀၂၁ ခုနှစ်မှာ ကောင်းလိမ့်နိုးနိုး မျှော်ကိုးကြမှာပါပဲ။ လူတွေဟာ မျှော်လင့်ချက်နဲ့ အသက်ရှင်နေကြတာပါ။ မျှော်လင့်ချက်မရှိရင်လည်း ဘယ်နေပျော်ပါ့မလဲ။ မျှော်လင့်ဆုတောင်းနေရုံနဲ့တော့ လိုလားတာတွေ ဖြစ်လာမှာ မဟုတ်ပါ။ ကံ၊ ဉာဏ်၊ ဝီရိယနဲ့ ကြိုးစားမှ အောင်မြင်နိုင်ပါလိမ့်မယ်။ ဒါကြောင့် ဒီတရားတွေနဲ့ ၂၀၂၁ ခုနှစ်ကို ကြိုဆိုကြဖို့ လိုပါတယ်။

ဒီလို စိတ်နေသဘောထားမှန် တရားမှန်နဲ့ ဒီနှစ်ဦး ၂၀၂၁ ခုနှစ်ကို ကြိုဆိုကြပါလို့ ကျွန်တော် တိုက်တွန်းနှိုးဆော်ပါတယ်။

တစ်နှစ်ပြီးတစ်နှစ် အသက်ရှင်နေထိုင်ရတာကို ဝမ်းသာရမှာပါ။ တစ်နှစ်ပြီးတစ်နှစ် မိမိတို့ကို ခွဲခွာကျန်ရစ်ခဲ့ရှာတဲ့ ဆွေမျိုးသားချင်းများနဲ့စာရင် မိမိတို့ ကံကောင်းနေပါတယ်။ မိမိတို့ ရှင်သန်နေစဉ် နေ့ရက်၊ လ၊ နှစ်၊ အချိန်များကို မိမိနဲ့ အများအကျိုး အတွက်တန်ဖိုးရှိအောင် နေထိုင်လုပ်ဆောင်သွားဖို့လိုပါတယ်။ ဒါမှသာ မိမိဘဝဟာ တန်ဖိုးရှိပါမယ်။ ဒီ ၂၀၂၁ ခုနှစ်ဟာလည်း ကောင်းသောနှစ် ဖြစ်ပါမယ်။

အခု ကျွန်တော်စားပွဲပေါ်မှာ ထောင်ထားတဲ့ ၂၀၂၀ ပြည့်နှစ် စားပွဲတင်ပြက္ခဒိန်နဲ့ နေ့စဉ်ရေးနေတဲ့ ဒိုင်ယာရီစာအုပ်ကို သိမ်းလိုက်ပါပြီ။ မြတ်မြတ်နိုးနိုး သိမ်းဆည်းထားပါတယ်။ အတိတ်ဟာ ပြီးခဲ့ပေမယ့် ကျွန်တော်တို့တစ်တွေ အတိတ်နဲ့မကင်းပါ။ ယခု ပစ္စုပ္ပန်သည်ပင် အတိတ်ရဲ့ အကျိုးဖြစ်ပါတယ်။ နောက်တစ်နှစ်ကြာရင် ၂၀၂၂ ခုနှစ်ရဲ့ အကြောင်း ဖြစ်လာပါလိမ့်မယ်။ ဒါကြောင့် အတိတ်နဲ့ အနာဂတ် ဆုံစည်းရာမှာ ကျွန်တော်တို့ ရောက်နေသလို ခံစားမိပါတယ်။ အတိတ်မှာ ကြုံတွေ့ရတဲ့ အဖြစ်အပျက်များမှ သင်ခန်းစာများယူပြီး အနာဂတ်ကို ရဲရဲရင့်ရင့် ရင်ဆိုင်ကြဖို့ပါပဲ။ ရဲရင့်ဖို့၊ ယုံကြည်မှုရှိဖို့အတွက် လေ့လာ၊ လေ့ကျင့်ပြီး ကြိုတင်ပြင်ဆင်ထားဖို့ လိုအပ်ပါတယ်။ ဒီလိုပြင်ဆင်မထားရင်တော့ လိုရာ ခရီးရောက်ဖို့ မလွယ်ပါ။

မိတ်ဆွေကြီး ၂၀၂၀ ပြည့်နှစ် ခင်ဗျား၊ သင့်ကို ကျွန်ုပ်နှုတ်ဆက်လိုက်ပါတယ်။ တစ်နှစ်တာ ရင်းရင်းနှီးနှီး အတူပေါင်းသင်းဆက်ဆံခဲ့ကြတာမို့ သင့်ကို ကျွန်ုပ် ခင်မင်သံယောဇဉ် တွယ်တာမိပါတယ်။ သင့်ကို သတိရအောက်မေ့ပြီး သင့်အကြောင်း မကြာခဏ ပြောဆိုရေးသားနေမှာပါ။ ကျွန်ုပ် ခရီးဆက်ပါဦးမယ်။

မိတ်ဆွေကြီး ၂၀၂၁ ခုနှစ် ခင်ဗျား၊ သင့်ကို ကျွန်ုပ် နွေးထွေးစွာ ကြိုဆိုပါတယ်။ ကျွန်ုပ်နဲ့အတူ ပူးပေါင်းပြီး လောကအကျိုးအတွက် အကောင်းဆုံး ကြိုးစားဆောင်ရွက်ကြရအောင်ပါ။ သင်က ကျွန်ုပ်တို့အတွက် ဘာလက်ဆောင်များယူလာမည် မသိပါ။ ကျွန်ုပ်က သင့်ကို ချစ်ခြင်းမေတ္တာအပြည့်နဲ့ကြိုဆိုဧည့်ခံဖို့ ပြင်ဆင်ထားပါတယ်။

**မိမိတို့ ရှင်သန်နေစဉ် နေ့ရက်၊ လ၊ နှစ်၊ အချိန်များကို မိမိနဲ့ အများအကျိုး အတွက်တန်ဖိုးရှိအောင် နေထိုင်လုပ်ဆောင်သွားဖို့လိုပါတယ်။ ဒါမှသာ မိမိဘဝဟာ တန်ဖိုးရှိပါမယ်။ ဒီ ၂၀၂၁ ခုနှစ်ဟာလည်း ကောင်းသောနှစ် ဖြစ်ပါမယ်**



ဇန်နဝါရီ ၄ ရက် နံနက်က ရွှေတိဂုံဘုရားမြောက်ဘက်မုခ်အရှေ့ ဗဟန်းမြို့နယ် သွေးဆေးကန်အနောက်ဘက်ရှိ ကြီးငါးကြီးဆုတောင်းပြည့်ဘုရားနှင့် မူလ ကမ္ဘာအေးလေးစေတီတော် ဘက်စုံပြုပြင်မွမ်းမံရန်အတွက် ဗဟန်းမြို့နယ်နေ မိခင်ကြီး ဒေါ်ဆက်ကိုးက ငွေကျပ် သိန်း ၁၀၀၊ အဂ္ဂမဟာသီရိသုဓမ္မဓဇ ဇောတရေ ဦးစိုးသန်းထွန်း(လူမှုထူးချွန်တတိယဆင့်)- ဇနီးဒေါ်ခင်မေသန်း (ပွင့်သစ်စမ်း)မိသားစုက မြေး မောင်စည်သူထွန်း နှစ်နှစ်ပြည့်မွေးနေ့အလှူအဖြစ် ငွေကျပ် သိန်း ၂၀၀ (စုစုပေါင်းငွေကျပ် သိန်း၃၀၀)ကို ပေးအပ်လှူဒါန်းရာ ရန်ကုန်တိုင်းဒေသကြီး သာသနာရေးမှူးရုံး ညွှန်ကြားရေးမှူး ဦးထွန်းမြင့်ဦးက လက်ခံ ရယူစဉ်။

တင်ဝင်းတင်

## STOP COVID –19 ပညာပေးဆိုင်းဘုတ်ဖွင့်ပွဲ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၄**

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ရန်ကုန်တိုင်း ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနတို့ ဦးဆောင်သော "STOP COVID –19 Yellow Campaign" တွင် ဝိတိုရိယဆေးရုံမှတက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိရာ ဝိတိုရိယဆေးရုံ၏ STOP COVID–19 ပညာပေးဆိုင်းဘုတ်ဖွင့်ပွဲကို မရမ်းကုန်းမြို့နယ် ကိုးမိုင် တော်ဝင်လမ်းမရှိ ဝိတိုရိယဆေးရုံရှေ့၌ ယနေ့ညနေ ၄ နာရီက ကျင်းပကြောင်း သိရသည်။



"အားလုံးဟာ ကိုဗစ်နဲ့ပတ်သက်တဲ့ အသိတွေရှိပေမယ့်လည်း ရန်ကုန်မှာ New Normal နဲ့ နေထိုင်နိုင်ဖို့ကို သတိနဲ့ လိုက်နာဆောင်ရွက်ရာမှာ အားနည်း နေသေးတယ်ဆိုတာကို သိရှိဖို့အတွက် လူထုကြားမှာ ကျယ်ပြန့်စွာသိရှိစေဖို့ "STOP COVID –19 Yellow Campaign" ကို ကြိုးပမ်းဆောင်ရွက်ခြင်း ဖြစ်ပါတယ်'' ဟု ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း တက်ရောက်အမှာစကားပြောကြားပြီး ဆေးရုံ၏ STOP COVID – 19 ပညာပေးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။ အခမ်းအနားသို့ လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်း၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေး ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းမြင့်၊ ဝိတိုရိယဆေးရုံ၏ စီအီးအို ဒေါက်တာ အေးအေးစန်းနှင့် ဧည့်သည်တော်များ တက်ရောက်ကြကာ အဝါရောင် Campaign အစီအစဉ်တွင် Mask တပ်ပါ၊ ခပ်ခွာခွာနေပါ၊ တစ်ဦးကို တစ်ဦး သတိပေးပါ စသည့်အချက်များကို ပြည်သူများ အလေ့အထ တစ်ခုအဖြစ် စွဲမြဲသတိပြုနေထိုင်ရေး အတွက် အသိပညာပေးသော အစီအစဉ်တစ်ခုဖြစ်ကြောင်း သိရသည်။ **စိုးမြင့်အောင်**

## နိုင်ငံတော်ဩဝါဒါစရိယ ကရင်ပြည်နယ်၊ ဘားအံမြို့၊ အမှတ် (၅)ရပ်ကွက်၊ ဓမ္မဝါသီကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တ အာဒိစ္စ၏ ထေရုပ္ပတ္တိအကျဉ်း



**ဖွားမြင်တော်မူခြင်း**

ဆရာတော်လောင်းလျာသည် ကရင်ပြည်နယ် ဘားအံမြို့နယ် ထောင်ကလပ်ကျေးရွာအုပ်စု ပေါင်စိန်ရွာ ခမည်းတော် ဦးကျော်စံ၊ မယ်တော် ဒေါ်မူးသော့တို့မှ ၁၂၉၆ ခုနှစ် ဝါခေါင်လဆန်း ၃ ရက် (တနင်္ဂနွေနေ့)တွင် ဖွားမြင်တော်မူသောသားရတနာ ဖြစ်ပါသည်။

**ရှင်ရဟန်းပြုတော်မူခြင်း**

ဆရာတော်လောင်းလျာသည် ကရင်ပြည်နယ် ဘားအံမြို့နယ် ထောင်ကလပ်ကျေးရွာအုပ်စု ထောင်ကလပ်ကျောင်းဆရာတော် (နဲပေါက်လှ)ကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော်၊ မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူလျက် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။ ၁၃၁၈ ပြည့်နှစ်၊ တန်ခူးလဆန်း ၁၅ ရက်နေ့တွင် ကရင်ပြည်နယ် ဘားအံမြို့နယ် ထောင်ကလပ်ကျေးရွာအုပ်စု နောင်တုပ်ရွာ နောင်သက်ကျောင်း ဥဒကုက္ခေပသိမ်၌ ဆရာတော် ဘဒ္ဒန္တ သောဘိတကို ဥပဇ္ဈာယ်ပြုလျက် ခမည်းတော်၊ မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

**ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း**

ဆရာတော်သည် ဘားအံမြို့နယ် ထောင်ကလပ်ကျေးရွာအုပ်စု နောင်တုပ်ရွာ နောင်သက်ကျောင်းဆရာတော် ဘဒ္ဒန္တ သောဘိတ၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ပညာရာမကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ပညာသိဒ္ဓိ၊ မော်လမြိုင်မြို့၊ ဓမ္မပဋိပတ္တိရိပ်သာကျောင်း ဆရာတော် ဘဒ္ဒန္တ စက္ကပါလ စသော ဆရာတော်တို့ထံတွင် ပရိယတ္တိစာပေများ သင်ယူဆည်းပူးတော်မူခဲ့ပါသည်။

**သာသနာရေး အားပေးဆောင်ရွက်တော်မူခြင်း**

ဆရာတော်သည် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် မြို့နယ်သံဃနာယကအဖွဲ့တွင် အဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်တော်မူခဲ့ခြင်း၊ ရဟန်း(၉)ဝါအရွယ်မှစတင်ကာ ငယ်ဆရာ နောင်သက်ကျောင်းဆရာတော်၏ တာဝန်ပေးချက်အရ နောင်သက်ကျောင်းကို လက်ခံတော်မူ၍ ဓမ္မဝါသီကျောင်းအဖြစ် ထူထောင်တော်မူခဲ့ပြီး ကျောင်းသား ကျောင်းသူများကို ဗုဒ္ဓဘာသာယဉ်ကျေးမှုစာပေများ သင်ကြားပို့ချပေးခြင်း၊ ဝါတွင်း၊ ဝါပမခွဲခြားဘဲ တရားရှုမှတ်နည်းများကို အစဉ်တစိုက် ဟောကြားပြသတော်မူခဲ့ခြင်း၊ ဇာတိချက်ကြွေမွေးရပ်မြေတွင် ပေါင်စိန်ဘုန်းတော်ကြီးကျောင်းကို တည်ထောင်ပေးခဲ့ခြင်း၊ တူနွဲကျေးရွာတွင် ဘုန်းတော်ကြီးကျောင်း တည်ထောင်ပေးခဲ့ခြင်း၊ သာသနိကအဆောက်အအုံများ တည်ဆောက်ပြုပြင်မွမ်းမံခြင်း၊ လမ်းမကြီးများခင်းခြင်း၊ မူလတန်းကျောင်းဆောက်ပေးခြင်း၊ ဆရာ၊ ဆရာမများရှာဖွေပေးခြင်း၊ ထောက်ပံ့ပေးခြင်း၊ ကျောင်းသား၊ ကျောင်းသူများအတွက် စာအုပ်စာတမ်းများလှူဒါန်းခြင်းစသော ပရဟိတလုပ်ငန်းများကို ဆောင်ရွက်ခဲ့ခြင်း၊ ဘားအံမြို့နယ် ပသုံးလုံး ပရိယတ္တိစာတော်ပြန်ပွဲတွင် နာယကဆရာတော်အဖြစ်လည်းကောင်း၊ အခြား ဆွမ်းလောင်းအသင်းတို့တွင် နာယကဆရာတော်အဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့ခြင်းနှင့် နိုင်ငံတော်ဩဝါဒါစရိယတာဝန်များကို ထမ်းဆောင်တော်မူခဲ့ပါသည်။

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

ဆရာတော်ကြီးသည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် ၈၇ နှစ်၊ သိက္ခာတော် ၆၇ ဝါအရ ၁၃၈၂ ခုနှစ် နတ်တော်လပြည့်ကျော် ၆ ရက် (၄-၁-၂၀၂၁) ရက်နေ့ နံနက်(၀၁:၅၀) နာရီအချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်းနှင့် အန္တိမအဂ္ဂိဈာပနသာဓုကီဠနအခမ်းအနားကို (၄-၂-၂၀၂၁)တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိပါသည်။

## ဆရာတော် ဘဒ္ဒန္တ အာဒိစ္စ ဘဝနတ်ထံ ပျံလွန်တော်မူ

**နေပြည်တော် ဇန်နဝါရီ ၄**

ကရင်ပြည်နယ် ဘားအံမြို့ အမှတ် (၅)ရပ်ကွက် ဓမ္မဝါသီကျောင်းတိုက် ဦးစီးပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တ အာဒိစ္စ မဟာထေရ်မြတ်ကြီးသည် သက်တော် ၈၇ နှစ်၊ သိက္ခာတော် ၆၇ ဝါအရ ၁၃၈၂ ခုနှစ် နတ်တော်လပြည့်ကျော် ၆ ရက်၊ ဇန်နဝါရီ ၄ ရက် (တနင်္လာနေ့) နံနက် ၁ နာရီ မိနစ် ၅၀ တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်းနှင့် အန္တိမအဂ္ဂိဈာပနသာဓုကီဠနအခမ်းအနားကို ဖေဖော်ဝါရီ ၄ ရက်တွင် ကျင်းပသွားမည် ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **သတင်းစဉ်**

# ဝမ်းမြောက်ဂုဏ်ပြုပူဇော်ခြင်း

၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ (၄)ရက်၊ (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် နိုင်ငံတော်မှ ကပ်လှူပူဇော်သည့် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား သာသနာအကျိုးဆတက်တိုး၍ သယ်ပိုးဆောင်ရွက်နိုင်ပါစေခြင်းအကျိုးငှာ ဝမ်းမြောက်ဂုဏ်ပြုပူဇော်အပ်ပါသည်။

၁။ **ဒေါက်တာဘဒ္ဒန္တစိန္တိတာလင်္ကာရ၊** နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် မဇ္ဈိမာရုံစာသင်တိုက်၊ မော်လမြိုင်ကျွန်း **(မဟာဓမ္မကထိက ဗဟုဇနဟိတဓရ)**

၂။ **ဒေါက်တာ ဘဒ္ဒန္တ ပညာတေဇ၊** နယ်လှည့်သစ္စာဓိဋ္ဌာန် စတုဒိသာနတ်စင်တစ်ရာကျောင်း၊ သန်လျင်မြို့။ **(အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ)**

၃။ **ဒေါက်တာ ဘဒ္ဒန္တ နန္ဒာလင်္ကာရ၊** နိုင်ငံတော်ဗဟိုသံဃဝန်ဆောင်၊ မြို့မရေလည်ကျောင်း၊ သုံးခွမြို့။ **(အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ)**

**ဦးမောင်မောင်လေး မိသားစု**
**သီဟသုဓမ္မမဏိဇောတဓရ**
**မောင်မောင်လေးနှင့်ညီများအိမ်ဆောက်ပစ္စည်းအရောင်းဆိုင်လုပ်ငန်း**
**နေပြည်တော်၊ သာကေတ၊ တောင်ဒဂုံ။**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရမှ ချီးမြှင့်သော

## "သီဟသုဓမ္မမဏိဇောတဓရ"

ဘွဲ့ တံဆိပ်တော်ကို

## "ဦးအောင်မျိုးထွန်း"

မှ ထိုက်ထိုက်တန်တန် ရရှိသည့်အတွက်
အထူးဝမ်းမြောက် ဂုဏ်ပြုပါသည်။

ကိုဇော် + မမြူ၊ သား - မောင်ကျော်ဆင့်
လှိုင်မိသားစု (သစ်သီးပွဲရုံ)

### ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ညောင်နှစ်ပင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၅၁၁-ခ)နှင့် (၅၁၉-က)၊ လှည်းကူးမြို့နယ်၊ ကြာအင်းအုပ်စု၊ ကွင်းအမှတ် (၉၈၇)၊ ကလီထော်အနောက်ကျေးရွာအုပ်စု၊ ကွင်းအမှတ် (၉၇၇)တို့တွင်တည်ရှိသော ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ ငါးမွေးမြူရေးအထူးဇုန်တွင် မြေကွက်ကြီးအမှတ်(ဒ)၊ ဧရိယာ (၅.၇၄) ဧကရှိ မြေကွက်မှာ ဦးအောင်ကျော်ဘို [၉/မထလ(နိုင်)၁၆၅၀၈၇] အမည်ဖြင့် စိုက်ပျိုး/မွေးမြူရန်လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိထားသောမြေဖြစ်ပါသည်။ ၎င်းအမည်ပေါက် ထံမှ (၄.၃၇)ဧကအား ယခုရောင်းချသူ ဦးစိုးမြင့် [၁၃/နခန(ဧည့်)၀၀၀၁၃၈]မှ အရပ်ကတိစာချုပ်ဖြင့် မိမိတစ်ဦးတည်း ဝယ်ယူလက်ရောက် ပိုင်ဆိုင်ထားပြီး ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်းကြောင်းနှင့် ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ပိုင်းကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် ယနေ့ကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက် အောင်ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဥမ္မာဖြိုး LL.B**
**အထက်တန်းရှေ့နေ (စဉ်-၄၀၇၁၄)**
**အမှတ်(၁၈)၊ အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၉-၈၆၀၇၇၃၈၃၃၊ ၀၉-၂၅၀၅၁၆၉၈၀**

### ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၀)၊ နန်းရင်လမ်း၊ မြေကွက်အမှတ်(၈၇၄)၊ အကျယ်အဝန်း(၄၀ပေx၆၀ပေ)ဂရန်မှ မခွဲစိတ်ရသေးသော (၂၀ပေx၆၀ပေ)ဂရန်မူရင်းခြမ်း၊ (ခေါင်းရင်းခြမ်း)ရှိ မြေကွက်၊ ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ဝယ်ယူပိုင်ဆိုင်ထားသော ဦးဇော်မင်းဦး [၁၂/ဒလန(နိုင်)၀၃၀၆၉၅]၊ ဒေါ်နိုင်နိုင်ဦး[၆/ထဝန(နိုင်)၀၂၃၈၈၆]ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်မိတ်ဆွေမှ စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆိုခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ကုမုဒြာ**
**LL.B, D.B.L, D.I.L, IDCS**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၈၉၉)**
**ဖုန်း-၀၉-၄၂၀၀၉၉၆၅၆**

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၆/၃)၊ လူနေရပ်ကွက်အမှတ်(၁၆/၃)၊ မြေကွက်အမှတ် (၂၈၈-ခ)၊ အကျယ်အဝန်း (၂၀ပေx၆၀ပေ)ဧရိယာ(၁၂၀၀)စတုရန်းပေရှိ နှစ်(၆၀)မြေငှားဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်လက်ရှိထားပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ပြေဆိုဝန်ခံကတိပြုသူ ဦးသော်ဇင်[၁၂/ဥကမ(နိုင်) ၀၉၇၀၆၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ဆန်းဝင်း**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၈၉၁)**
**အမှတ်(၅)၊ ပထမထပ်၊ Strand Condominium၊**
**အမှတ်(၃၃/၄၉)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ (ဘားလမ်း)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၄၀၆၈၀၈**

**သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ**

# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၂၂ ခုနှစ် (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သမ္မတရုံးအမိန့်ကြော်ငြာစာအမှတ် ၁/၂၀၂၂ ဖြင့် **သီရိသုဓမ္မဇဏီဇောတရ ဦးဇေယျာသူရမွန်** (Chairman & CEO)(RGK+ZNA)အား **အဂ္ဂမဟာသီရိသုဓမ္မဇဏီဇောတရ** ဘွဲ့တံဆိပ်ကို ထပ်မံ၍ အသိအမှတ်ပြု ချီးမြှင့်ခြင်းခံရသဖြင့် မိသားစု၊ လုပ်ဖော်ကိုင်ဖက်၊ မိတ်ဆွေများနှင့်အတူ အထူးပင်လှိုက်လှိုက်လှဲလှဲ ဝမ်းမြောက်ဂုဏ်ယူမိပါသည်။

ရှေ့အနာဂတ်တွင်လည်း ဆက်လက်၍ ကိုယ်စိတ်နှစ်ဖြာ သက်ရှည်ကျန်းမာ ချမ်းသာစွာဖြင့် ချစ်သောမိသားစု၊ လုပ်ဖော်ကိုင်ဖက်၊ မိတ်ဆွေများနှင့်အတူ နိုင်ငံနှင့်လူမျိုး၊ ဘာသာ၊ သာသနာအကျိုးတို့ကို ဆတက်တိုး၍ သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

**ဦးသီဟသူရမွန်-ဒေါ်မေသူကျော်**
**မယွန်းရွှေရည်သူရမွန်၊ မမေမြင့်မိုရ်သူရမွန်**
**Angel & Fairy Co., Ltd.**

# အထူးလှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ပြုလွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၂)အရ သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်ဖြစ်သည့်

## အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဘွဲ့

တံဆိပ်ကို ထိုက်ထိုက်တန်တန် ချီးမြှင့်အပ်နှင်းခြင်းခံရပါသော

## ဒေါ်ကြည်ခင်

ဥက္ကဋ္ဌ - Original Group of Companies
Managing Director - Mount Pleasant Hotel (Nay Pyi Taw)
Managing Director - Hotel Nwe Tha Ki (Nay Pyi Taw)
Executive Director - G-4 Mining Co., Ltd.

အား အထူးလှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူပါသည်။ နောင်တွင်လည်း သက်ရှည်၊ ကျန်းမာ၊ စိတ်ချမ်းသာစွာဖြင့် မိသားစုနှင့်အတူ နိုင်ငံတော်အကျိုး၊ သာသနာတော်အကျိုးတို့ကို ဆတက်ထမ်းပိုးတိုး၍ ဆက်လက်ကြိုးပမ်းဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

| ချစ်ခင်ပွန်း | ချစ်သား / သမီးများ | ချစ်မြေးများ |
|---|---|---|
| ဝဏ္ဏကျော်ထင်စည်သူ ဦးသာဖွေး | ကိုသက်ဦး(ခ)သွားညို | မရှုစ်မင်းဘုံ၊ မောင်ဟန်သာရိုလင်း၊ |
| | ကိုခိုလင်း - သုဓမ္မသိင်္ဂီ မအိအိခင် | မောင်တည်ကြည်ရိုလင်း၊ မလမင်းဘုံ |
| | သီဟသုဓမ္မသိင်္ဂီ မချိုသာခင် | မောင်ချမ်းသာဖွေး |
| | ကိုရှိန်းသာဖွေး - မနှင်းဇေဇေ | |

မူးယစ်ကို
ပစ်
ပန်းတိုင်သစ်
စိတ်သစ်
လူသစ်
ဘဝသစ်

## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၂)၊ တံတားအထူးအဖွဲ့(၆)၊ နေပြည်တော်မှ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်၊ နေပြည်တော်ကောင်စီ၏ ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ဥတ္တရသီရိမြို့နယ်၊ ဇီးတောရွာနှင့် တံခွန်တိုင်ချောင်းကူးတံတား၊ သရက်တောကျေးရွာ၊ ချောင်းမကြီးချောင်းကူးတံတား၊ တပ်ကုန်းမြို့နယ်၊ လွှတ်ဘုံ-ညောင်ပင်သာလေးတံတား၊ ပုဗ္ဗသီရိမြို့နယ်၊ ဆင်သေချောင်းတံတား(ဇီးကုန်း) တို့အတွက် လိုအပ်နေသော ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ လုပ်ငန်းခွင်အရောက်ဝယ်ယူရန်၊ သယ်ယူရန်နှင့် 0.8mØ Bored Pile တူးခြင်းလုပ်ငန်းဆောင်ရွက်ခြင်းတို့အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါစနစ် (မြန်မာကျပ်ငွေ) ဖြင့် ဆောင်ရွက်လိုပါ၍ တင်ဒါပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

| | | | |
|---|---|---|---|
| ၁။ | တင်ဒါလျှောက်လွှာပုံစံ စတင်ရောင်းချမည့်ရက် | - | ၅-၁-၂၀၂၂ ရက် |
| ၂။ | တင်ဒါပိတ်မည့် ရက်/အချိန် | - | ၄-၂-၂၀၂၂ ရက် ညနေ(၁၆:၃၀)နာရီ |
| ၃။ | တင်ဒါဖွင့်မည့် ရက်/အချိန် | - | ၆-၂-၂၀၂၂ ရက်နေ့ နံနက်(၁၀:၀၀)နာရီ |
| ၄။ | တင်ဒါ/တင်သွင်းစိစစ်ရွေးချယ်မည့်နေရာ | - | ခရိုင်အုပ်ချုပ်ရေးမှူးရုံး၊ ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ ဒက္ခိဏခရိုင် |

တင်ဒါလျှောက်လွှာပုံစံ၊ တင်ဒါစည်းကမ်းချက်နှင့် အသေးစိတ်အချက်အလက်များကို တံတား အထူးအဖွဲ့(၆)နေပြည်တော်၊ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံးတွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။ (ဆက်သွယ်ရမည့် ဖုန်းနံပါတ်များ ၀၆၇-၂၅၅၄၈၊ ၀၉-၄၃၀၅၄၁၈၉၊ ၀၉-၂၅၀၉၀၉၄၇၂၊ ၀၉-၂၅၄၅၇၀၇၄၅)

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ပန်းစံပယ်လမ်းထောင့်၊ အမှတ်(၂၈၇)၊ မြေတိုင်းရပ်ကွက်အမှတ်(တာကြီး)၊ မြေကွက်အမှတ်(၂၈၇)၊ ဧရိယာ(၀.၀၅၅)ဧက အကျယ်ရှိ ဒေါ်အေးယိန်း အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်၍ လက်ဝယ်ထားပိုင်ဆိုင်ပြီး အပြီးအပိုင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်အေးယိန်း [၁၃/ကခန(နိုင်)၀၁၈၂၂၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက အကျိုးခံစားခွင့်ရှိသူမည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား(မူရင်းများ)ဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စန္ဒာလွင် (LL.B)**
**(စဉ်-၉၅၅၉)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၉/၁၁)၊ အခန်း(၁၀၁-A)၊ ၃၆လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၄၈၃၀၅၆၇**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၄)၊ မြေကွက်အမှတ်(၆၉၃)၊ (၄၀x၆၀)ပေရှိ ပါမစ်မြေအမျိုးအစား၊ ဦးလှထွန်း(WRGN-၀၀၁၉၀၆)အမည်ပေါက်နှင့် မြေတိုင်းရပ်ကွက်(၁၃၄)၊ မြေကွက်အမှတ်(၆၉၄)၊ (၄၀'x၆၀') ရှိ ပါမစ်မြေအမျိုးအစား၊ ဦးမြလှိုင်[၁၂/အလန(နိုင်)၀၁၁၃၀၃]အမည်ပေါက် မြေနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဦးငွေတိုး[၈/မလန(နိုင်)၀၀၆၄၆၉]က တရားဝင်ပိုင်ဆိုင်လျက်ရှိပြီး ကျွန်ုပ်၏မိတ်ဆွေအား တရားဝင် ပြန်လည်ရောင်းချလိုကြောင်း ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှလည်း ဝယ်ယူရန် သဘောတူညီခဲ့ပြီး စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ပါမြေကွက်(၂)ကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်တို့နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့် တစ်စုံတစ်ရာရှိပါကြောင်း ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်းများကို ယူဆောင်၍ ဤကြော်ငြာပါသည့်နေ့မှ(၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တရားဝင်မှတ်ပုံတင် စာချုပ်ချုပ်ဆိုခြင်း ကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မေသန္တာဦး(LL.B,D.B.L)**
**(စဉ်-၃၃၅၃၄)**
**အထက်တန်းရှေ့နေ**
**အမှတ်(၁၁၉၉)၊ ကြိုးကြာလမ်း၊ (၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊**
**ဖုန်း-၀၉-၄၂၈၁၄၄၅၇၅၊ ၀၉-၇၈၄၄၄၃၂၀၀**

**သစ်ပင်စိုက်မှ အရိပ်ရ၏ ရိပ်ခိုနားနေ အပန်းဖြေ၏**



ဦးဇော်ဝင်းထွန်း (ဥက္ကဋ္ဌ)

Hitachi Soe Electric & Machinery Co., Ltd.

# သီရိသုဓမ္မ မဟာဇောတိကဓဇဘွဲ့တံဆိပ်

ချီးမြှင့်ခြင်းခံရသည့် အတွက်

# ဂုဏ်ယူဝမ်းမြောက်ခြင်း

**Hitachi Soe Electric & Machinery Co., Ltd.** (ဥက္ကဋ္ဌ)
စိုးလျှပ်စစ်ဖောင်ဒေးရှင်း (ဥက္ကဋ္ဌ)
တောင်ဒဂုံစက်မှုဇုန်အဆင့်မြှင့်တင်ရေးကြီးကြပ်မှုကော်မတီ (ဥက္ကဋ္ဌ)
မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း(နေပြည်တော်ဇုန်) (ဥက္ကဋ္ဌ)
နေပြည်တော် Covid 19 ကာကွယ်စောင့်ရှောက်ရေးစေတနာ့ဝန်ထမ်းများအသင်း (NCVT) (ဥက္ကဋ္ဌ)
Green & Grow Group Myanmar (3G – Myanmar) (ဥက္ကဋ္ဌ)
ပျဉ်းမနားမြို့ သံဃဘောဂသစ္စာနုဝိဟာရသံဃာ့ဆေးရုံ (ဥက္ကဋ္ဌ)
အရှေ့တောင်အာရှခြင်းလုံးအဖွဲ့ချုပ် (ဥက္ကဋ္ဌ)၊ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် (ဥက္ကဋ္ဌ)
ပျဉ်းမနားဘောလုံးအဖွဲ့ချုပ် (ဥက္ကဋ္ဌ)၊ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ် (နာယက)
မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ် (နာယက)
သမိုင်းဝင်ဗိုလ်ချုပ်အောင်ဆန်းမြင်းစီးကြေးရုပ် (သပြေကုန်းအဝိုင်း)ထိန်းသိမ်းပြုပြင်ရေး (ကော်မတီဝင်)
အစရှိသော စီးပွားရေးလုပ်ငန်းများ နှင့် အသင်းအဖွဲ့တို့ကို တာဝန်ယူဆောင်ရွက်လျက်ရှိသော
**ဦးဇော်ဝင်းထွန်း** သည်
(၀၄.၀၁.၂၀၂၁) တနင်္လာနေ့ တွင် ထုတ်ပြန်သော အမိန့်ကြော်ငြာစာအမှတ်
( ၁ / ၂၀၂၁ ) ဖြင့် နိုင်ငံတော်မှ ပေးအပ် ချီးမြှင့်အပ်သော သာသနာတော်ဆိုင်ရာ
**သီရိသုဓမ္မ မဟာဇောတိကဓဇဘွဲ့တံဆိပ်** ကို
ချီးမြှင့်ခြင်းခံရသည့် အတွက်
မိသားစုနှင့်အတူ ဝမ်းမြောက်ဂုဏ်ယူပါကြောင်း နှင့် နောင်တွင်လည်းယခုကဲ့သို့
လူမျိုး ၊ ဘာသာ ၊ သာသနာ အကျိုးကို ပိုမိုထမ်းရွက်နိုင်ပါစေကြောင်း
ဆုမွန်ကောင်း တောင်းအပ်ပါသည်။

**Board of Directors နှင့် ဝန်ထမ်းများ**
**Hitachi Soe Electric & Machinery Co.,Ltd.**

# ဦးကျော်မင်းထွန်း (ဥက္ကဋ္ဌ)

## သီရိသုဓမ္မ မဏိဇောတဓရ ဘွဲ့တံဆိပ် ချီးမြှင့်ခြင်းခံရသည့် အတွက် ဂုဏ်ယူဝမ်းမြောက်ခြင်း

**Hitachi Soe Electric & Machinery Co., Ltd.** (ဥက္ကဋ္ဌ)
စိုးလျှပ်စစ်ဖောင်ဒေးရှင်း (ဥက္ကဋ္ဌ)
တောင်ဒဂုံစက်မှုဇုန်အဆင့်မြှင့်တင်ရေးကြီးကြပ်မှုကော်မတီ (ဥက္ကဋ္ဌ)
မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း(နေပြည်တော်ဇုန်) (ဥက္ကဋ္ဌ)
နေပြည်တော် Covid 19 ကာကွယ်စောင့်ရှောက်ရေးစေတနာ့ဝန်ထမ်းများအသင်း (NCVT) (ဥက္ကဋ္ဌ)
Green & Grow Group Myanmar (3G – Myanmar) (ဥက္ကဋ္ဌ)၊ ပျဉ်းမနားမြို့ သံဃဘောသဇ္ဇဒ္ဒါနဝိဟာရသံဃာ့ဆေးရုံ (ဥက္ကဋ္ဌ)
အရှေ့တောင်အာရှခြင်းလုံးအဖွဲ့ချုပ် (ဥက္ကဋ္ဌ)၊ မြန်မာနိုင်ငံစကိတ်အဖွဲ့ချုပ် (ဥက္ကဋ္ဌ)
ပျဉ်းမနားဘောလုံးအဖွဲ့ချုပ် (ဥက္ကဋ္ဌ)၊ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ် (နာယက)၊ မြန်မာနိုင်ငံဘီလီယက်နှင့် စနူကာအဖွဲ့ချုပ် (နာယက)
သမိုင်းဝင်ဗိုလ်ချုပ်အောင်ဆန်းခြင်းစီးကြေးရုပ် (သနပြင်ကုန်းအပိုင်း)ထိန်းသိမ်းပြုပြင်ရေး (ကော်မတီဝင်)
အစရှိသော စီးပွားရေးလုပ်ငန်းများ နှင့် အသင်းအဖွဲ့တို့ကို တာဝန်ယူဆောင်ရွက်လျက်ရှိသော
**ဦးကျော်မင်းထွန်း** သည်
(၀၄.၀၁.၂၀၂၁) တနင်္လာနေ့ တွင် ထုတ်ပြန်သော အမိန့်ကြော်ငြာစာအမှတ် ( ၁ / ၂၀၂၁ ) ဖြင့် နိုင်ငံတော်မှ ပေးအပ် ချီးမြှင့်အပ်သော
သာသနာတော်ဆိုင်ရာ **သီရိသုဓမ္မ မဏိဇောတဓရ ဘွဲ့တံဆိပ်** ကို ချီးမြှင့်ခြင်းခံရသည့် အတွက်
မိသားစုနှင့်အတူ ဝမ်းမြောက်ဂုဏ်ယူပါကြောင်း နှင့် နောင်တွင်လည်းယခုကဲ့သို့
လူမျိုး ၊ ဘာသာ ၊ သာသနာ အကျိုးကို ပိုမိုထမ်းရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

**Soe Electric & Machinery Co., Ltd**

# ဦးကျော်မင်းထွန်း (ဥက္ကဋ္ဌ)

## သီရိသုဓမ္မ မဏိဇောတဓရ ဘွဲ့တံဆိပ် ချီးမြှင့်ခြင်းခံရသည့် အတွက် ဂုဏ်ယူဝမ်းမြောက်ခြင်း

**Hitachi Soe Electric & Machinery Co., Ltd.** (ဥက္ကဋ္ဌ)
စိုးလျှပ်စစ်ဖောင်ဒေးရှင်း (ဥက္ကဋ္ဌ)
တောင်ဒဂုံစက်မှုဇုန်အဆင့်မြှင့်တင်ရေးကြီးကြပ်မှုကော်မတီ (ဥက္ကဋ္ဌ)
မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း(နေပြည်တော်ဇုန်) (ဥက္ကဋ္ဌ)
နေပြည်တော် Covid 19 ကာကွယ်စောင့်ရှောက်ရေးစေတနာ့ဝန်ထမ်းများအသင်း (NCVT) (ဥက္ကဋ္ဌ)
Green & Grow Group Myanmar (3G – Myanmar) (ဥက္ကဋ္ဌ)၊ ပျဉ်းမနားမြို့ သံဃဘောသဇ္ဇဒ္ဒါနဝိဟာရသံဃာ့ဆေးရုံ (ဥက္ကဋ္ဌ)
အရှေ့တောင်အာရှခြင်းလုံးအဖွဲ့ချုပ် (ဥက္ကဋ္ဌ)၊ မြန်မာနိုင်ငံစကိတ်အဖွဲ့ချုပ် (ဥက္ကဋ္ဌ)
ပျဉ်းမနားဘောလုံးအဖွဲ့ချုပ် (ဥက္ကဋ္ဌ)၊ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ် (နာယက)၊ မြန်မာနိုင်ငံဘီလီယက်နှင့် စနူကာအဖွဲ့ချုပ် (နာယက)
သမိုင်းဝင်ဗိုလ်ချုပ်အောင်ဆန်းခြင်းစီးကြေးရုပ် (သနပြင်ကုန်းအပိုင်း)ထိန်းသိမ်းပြုပြင်ရေး (ကော်မတီဝင်)
အစရှိသော စီးပွားရေးလုပ်ငန်းများ နှင့် အသင်းအဖွဲ့တို့ကို တာဝန်ယူဆောင်ရွက်လျက်ရှိသော
**ဦးကျော်မင်းထွန်း** သည်
(၀၄.၀၁.၂၀၂၁) တနင်္လာနေ့ တွင် ထုတ်ပြန်သော အမိန့်ကြော်ငြာစာအမှတ် ( ၁ / ၂၀၂၁ ) ဖြင့် နိုင်ငံတော်မှ ပေးအပ် ချီးမြှင့်အပ်သော
သာသနာတော်ဆိုင်ရာ **သီရိသုဓမ္မ မဏိဇောတဓရ ဘွဲ့တံဆိပ်** ကို ချီးမြှင့်ခြင်းခံရသည့် အတွက်
မိသားစုနှင့်အတူ ဝမ်းမြောက်ဂုဏ်ယူပါကြောင်း နှင့် နောင်တွင်လည်းယခုကဲ့သို့
လူမျိုး ၊ ဘာသာ ၊ သာသနာ အကျိုးကို ပိုမိုထမ်းရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

**စိုး လျှပ်စစ်ဖောင်ဒေးရှင်း** ပျဉ်းမနားမြို့၊ နေပြည်တော်



# အထူးဝမ်းမြောက်ဂုဏ်ယူပူဇော်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊နိုင်ငံတော်သမ္မတမှ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက် (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် အမိန့်ကြော်ငြာစာအမှတ် (၁/ ၂၀၁၂) ဖြင့် ဗောဓိရိပ်ငြိမ်တောရ ကျောင်းတိုက်၏ ပဓာန နာယကဆရာတော်ဖြစ်တော်မူသော ဘဒ္ဒန္တကုဏ္ဍလာဘိဝံသ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာကမ္မဋ္ဌာနာစရိယ (ဗုဒ္ဓါရုံ) အရှင်သူမြတ်အား အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်အား ဆက်ကပ်ချီးမြှင့်ပူဇော်ခံရသည့်အတွက် တပည့်သာဝကများမှ အတိုင်းမသိ ဝမ်းမြောက်ဂုဏ်ယူဖြစ်ရပါကြောင်း ထပ်ဆင့်ပူဇော်အပ်ပါသည်။

ဦးခေမာစာရ (လက်လုပ်တောင်တောရ)
တပည့်များနှင့်ဒါယကာ၊ ဒါယိကာမများ
သာသနဟိတကာရီအဖွဲ့ (လက်လုပ်တောင်)
ဗောဓိဟိတကာရီသာသနာပြုအဖွဲ့ (နေပြည်တော်)
ဆုလာဘ်ပိုင်ဖောင်ဒေးရှင်း
ဗောဓိရိပ်ငြိမ်တောရကျောင်းမယ်တော်ကြီး ဒေါ်ခင်လှတင့်နှင့်
ဆုလာဘ်ပိုင်ကုမ္ပဏီ
ဆုလာဘ်ပိုင် + ထီမင်းထီးမင်း ထီဆိုင်မိသားစု

## အထူးဝမ်းမြောက်ဂုဏ်ယူခြင်း

နိုင်ငံတော်မှ လူပုဂ္ဂိုလ်များအတွက် သာသနာတော်ဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ်-၂/၂၀၁၂ ဖြင့် **မဟာသဒ္ဓမ္မဇောတိကဓဇ** ဘွဲ့တံဆိပ်တော် ချီးမြှင့်အပ်နှင်းခြင်းခံရတဲ့ **ဆရာဦးမောင်မောင် (ပျဉ်းမနား)**အတွက် အထူးဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် ဓမ္မစကြာတရားတော်များကိုဆက်လက်ဟောကြားရင်း သာသနာ၊ ဘာသာအကျိုးကို အသက်ထက်ဆုံး ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဂုဏ်ထူးဦးအောင်ခိုင်-ဒေါ်ခင်ပြုံးသွင်

## ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

"ချစ်ရိပ်ဝေ" မိသားစု founder ဖြစ်သူ အစ်မ **သုဓမ္မသိင်္ဂီ** ဒေါ်ညိုညိုဝေလွင် အား နိုင်ငံတော်မှ ၂၀၁၂ခုနှစ်၊ ဇန်နဝါရီလ(၄)ရက်တွင် **"သီဟသုဓမ္မသိင်္ဂီ"** ဘွဲ့အား အပ်နှင်းချီးမြှင့်လိုက်သည့်အတွက် လေးစားဂုဏ်ယူ ဝမ်းမြောက်မိပါသည်။

**ဦးစည်သူလှိုင်-ဗိုလ်မှူးဝါဝါထိန်ဝင်း**
**ဝါဝါထိန်ဝင်းကုမ္ပဏီ**


ကြိုတိုင်းအောင်ပြီး၊ ဆောင်တိုင်းမြောက်ဖို့အတွက် အကြံကောင်းတွေပေးမည့် အိတ်ဆောင်ဗေဒင်စာအုပ်-

၂၀၁၂-ခုနှစ်
ဝံ-ဏဏိဘို
၁၂ - ရာသီဟောကိန်း

City Mart, Ocean, Capital, Orange, ABC Convenience Store ဆိုင်များတွင်လည်း ဝယ်ယူရရှိနိုင်ပါသည်။

[illegible]

ထွက်ပြီ


## ဂီတအစည်းအရုံးဝင်များ၊ ဂီတလောကသားများနှင့် အများပြည်သူသိရှိစေရန် ကြေညာခြင်း

မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)သည် ၂၀၁၂ ခုနှစ်ကို အမှုဆောင်အသစ် ပြန်လည်ရွေးကောက်ပွဲ အကြိုကာလအဖြစ် သတ်မှတ်ပြီး ရှေ့ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို စနစ်တကျ ဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ၂၀၁၂ ခုနှစ်၊ ၂၀၁၁ ခုနှစ်အတွက် နှစ်စဉ်ကြေးပေးသွင်းမည့်သူများ၊ အဖွဲ့ဝင်အသစ် လျှောက်ထားလိုသူများ အနေဖြင့် ငွေပေးသွင်းခြင်း၊ အသစ်လျှောက်ထားခြင်းများကို ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ(၅)ရက်နေ့မှစတင်၍ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)သို့လည်းကောင်း၊ မိမိသက်ဆိုင်ရာ မြို့နယ်ဂီတအစည်းအရုံးများမှလည်းကောင်း ကိုယ်တိုင် ရုံးချိန်အတွင်း လာရောက်၍ ဆောင်ရွက်နိုင်ကြပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)

## ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်း-၂၉၊ အမှတ်(၂) ရပ်ကွက်၊ မြို့သစ်လမ်းသွယ်(၂)လမ်း၊ မြေကွက်အမှတ်-၃၅၁ ဟုခေါ်တွင်သော အကျယ်ပေ(၆၀x၆၀)ရှိ ဗိုလ်မှူးကြီးမောင်ချို (ငြိမ်း)အမည်ပေါက် နှစ်(၆၀)ဂရန်ထွက်ရှိထားသော မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

အထက်ဖော်ပြပါ မြေကွက်အား အမည်ပေါက်ပိုင်ရှင် ဗိုလ်မှူးကြီး မောင်ချို (ငြိမ်း)ထံမှ ဝယ်ယူရန်အတွက် ပိုင်ရှင်ကိုယ်စား ဦးအေးကျော်[၁၂/မဂဒ(နိုင်)၀၁၉၇၁၆]ထံသို့ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးညီညီဇော်မှ စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်သောကြောင့် အထက်ပါမြေကွက်၏ ပိုင်ဆိုင်မှုနှင့် ပတ်သက်ပြီး ကန့်ကွက်လိုပါက ယနေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက် အထားမူရင်းနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးညီညီဇော်**
**[၁၂/အစန(နိုင်)၀၆၉၉၅၃]**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်မာလွင်(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၆၅၂)**
**အမှတ်-၁၉၂၊ ဗိုလ်ချုပ်လမ်း၊**
**(၂)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။**
**ဖုန်း-၀၉-၅၁၈၉၆၈၉**

## ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်း-၃၆၊ အမှတ်(၁) ရပ်ကွက်၊ မြေကွက်အမှတ်-၃၆/၁၀၅ဟုခေါ်တွင်သော အကျယ်ပေ(၆၀x၆၀)ရှိ ဒေါ်ဝေဝေလှိုင် အမည်ပေါက် နှစ်(၆၀) ဂရန်ထွက်ရှိထားသော မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

အထက်ဖော်ပြပါ မြေကွက်အား အမည်ပေါက်ပိုင်ရှင် ဒေါ်ဝေဝေလှိုင်[၇/ကတခ(နိုင်)၀၀၄၁၉၄]ကိုင်ဆောင်သူထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးဝေယံမင်းဇော်မှ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီး ဖြစ်သောကြောင့် အထက်ပါမြေကွက်၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်ပြီး ကန့်ကွက်လိုပါက ယနေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးဝေယံမင်းဇော်**
**[၁၂/အစန(နိုင်)၂၃၉၃၁၀]**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်မာလွင်(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၆၅၂)**
**အမှတ်-၁၉၂၊ ဗိုလ်ချုပ်လမ်း၊**
**(၂)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။**
**ဖုန်း-၀၉-၅၁၈၉၆၈၉**

## မီးဘေးရှောင် မလောင်ခင်တား

## တန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

[illegible]

လွှဲအပ်ညွှန်ကြားချက်အရ -
[illegible] (LL.B) ၊ ([illegible])
[illegible]

## ကိုရီးယား - မြန်မာစက်မှုဇုန်နှင့်အတူ

ကိုရီးယား - မြန်မာစက်မှုဇုန် (KMIC)နှင့် မျက်နှာချင်းဆိုင်၊ မြေကေ(၃၀)ရောင်းမည်။

**ဆက်သွယ်ရန်**
**ဖုန်း-၀၉-၅၀၀၄၅၃၂**

## အများသိစေရန်ကြေငြာခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံ(မြောက်/အနောက်)ရပ်ကွက်၊ ဆရာစံလမ်းသွယ်၊ အမှတ်(၈၂-ခအေ)တွင် တည်ရှိသည့် Treasure Residence၊ အခန်းအမှတ်-(၃၀၂)အား ဝယ်ယူရန် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူမှ စရံငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုသူများသည် ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းများဖြင့် (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းအသိပေးကြေငြာအပ်ပါသည်။

ရုံး/အိမ် (နံနက်(၉)နာရီမှ ညနေ(၅)နာရီအတွင်း)
အမှတ် (၂)၊ ရွှေနှင်းဆီလမ်း၊ (၃၆)ရပ်ကွက်၊
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။
ဖုန်း- (၀၉)- ၇၈- ၀၆၇- ၃၀၆၇

လွှဲအပ်ညွှန်ကြားချက်အရ
ဦးတင်ထွန်းလှိုင် (ဥပဒေဘွဲ့)
အထက်တန်းရှေ့နေ
စဉ်- ၂၄၉၂

ကြီး မြန် သစ် ပင် စိုက် ပျိုး လျှင် စွမ်း အင် လည်း ရ ပြည် လည်း လှ

# အထူးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း

၂၀၂၁ ခုနှစ်၊ (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၏ အမိန့်ကြော်ငြာစာ အမှတ်(၁/၂၀၂၁)ဖြင့် **သီဟသုဓမ္မမဏိဇောတရဘွဲ့** ထိုက်တန်စွာချီးမြှင့်ပေးအပ်ခြင်းခံရသော **ဦးမောင်မောင်လေး အမှတ်-၅၃၊ ရေကျော်လမ်းမကြီး၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်၊ မောင်မောင်လေးနှင့် ညီများ** အိမ်ဆောက်ပစ္စည်းမျိုးစုံ ရောင်းဝယ်ရေးလုပ်ငန်းစု (နေပြည်တော်/သာကေတ/တောင်ဒဂုံ)အတွက် အထူးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ဆတက်ထမ်းပိုးတိုး၍ လှူနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဝန်ထမ်းမိသားစု

မောင်မောင်လေးနှင့် ညီများ

နေပြည်တော်

**စမ်းချောင်းမြို့နယ်၊ နေရာကောင်း (ရောင်းမည်)**

၁။ ဗဟိုလမ်းမ၊ ပေ (၁၅ x ၅၀)၊ 5.F၊ ပါကေး၊ ကြွေပြား၊ သံပန်းဆန်းရိုက်၊ ဘိုထိုင်အိမ်သာ၊ အိပ်ခန်း(1)၊ လေဝင်/ထွက်ကောင်း ပြင်ဆင်ပြီးအသင့်နေ(တိုက်သန့်)။ **သိန်း (540)**

၂။ ဦးဖိုးလမ်း၊ ပေ (၁၂ ½ x၅၅)၊ မြေညီထပ်(ထပ်ခိုးပါ)၊ ကျွန်းပါကေး၊ ကြွေပြား ပြည့်ခင်း/ကပ်၊ သံပန်းဆန်းရိုက်၊ ဘိုထိုင်အိမ်သာ၊ ပြင်ဆင်ပြီး အသင့်နေ(တိုက်သန့်)။ **သိန်း (850)**

**(ပွဲစားမလိုပါ) ဖုန်း-09-5185350, 09-5661127**

**ရာဇာဇော်ဝင်း**

(LL.B.)(WIPO,DL-101 Switzerland)

01-399426,01 394727,09-73009994,09-5152521

**ပျောက်ဆုံးကြောင်း**


ID No.10836(24-08-2016) ချလန် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိသူများ ဆက်သွယ်ပေးပါရန်။

**ထွန်းလင်းကျော်**
**Ph:09-250790943**

**ကျော်ငွေအောင်(M.D)**
**Forever Steel CO.,LTD**
**Ph:09-5156004**

## "ဂုဏ်ယူဝမ်းမြောက်ခြင်း"

မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူ ဖောင်ဒေးရှင်းဗဟို၏ ဥက္ကဋ္ဌ၊ စိန်မြင့်မိုရ် သံထည်ပစ္စည်းရောင်းဝယ်ရေး ဥက္ကဋ္ဌဖြစ်သူ **ဦးသိန်းလွင်**သည် နိုင်ငံတော်မှချီးမြှင့်သည့် **သီဟသုဓမ္မမဏိဇောတရ** ဘွဲ့တံဆိပ် အား ချီးမြှင့်ခံရသည့်အတွက် Sky Net နှင့် ရွှေဘဏ်တို့မှ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။



ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ချင်း၊ နနွင်း၊ ငရုတ်သီး၊ ငရုတ်ကောင်း၊ ခရမ်းချဉ်သီး၊ မန်ကျည်းသီး၊ အာလူး၊ ကြက်ဟင်းခါးသီး၊ ဂေါ်ဖီထုပ်၊ ဂေါ်ဖီပွင့်၊ ပဲပုပ်၊ ပဲမျိုးစုံ၊ ရွှေဖရုံသီး၊ ကြက်ဥ၊ ဒန့်သလွန်၊ မုန်လာဥနီ၊ နာနတ်ပွင့်၊ တညင်းသီး၊ အချိုမှုန့် စသည်တို့ကို ကျန်းမာရေး ရှုထောင့်မှ စုံလင်စွာရေးသားဖော်ပြထားသည့်

**မီးဖိုချောင်သုံးအစားအစာများနှင့် ကျန်းမာရေး**

(ဒုတိယအကြိမ်)

ဒေါက်တာခင်မောင်လွင် (FAME)

ကျန်းမာသုတစာအုပ်များ အားလုံးကို ရန်ကုန်မြို့တွင်း **အိမ်အရောက်** ပို့ပေးနေပါပြီ။

09-75 272 1908 09-75 273 1908 09-95 426 1908 09-95 427 1908

**မြေကွက်များ ဈေးကောင်းပေးဝယ်လိုသည်**

ဒဂုံမြို့သစ် (အရှေ့ပိုင်း၊ မြောက်ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်း) တို့တွင်

မြေကွက်များဝယ်လိုသည်။

ဖုန်း 01-7339310,01-7339355,
Ph:01-7578044 ,01-7570721

**မျက်စိကျန်းမာရေး အတွက်**




တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် -
TMR 008234 (1121)

**မျက်စီဆေး**

**သဘာဝ-ဆေး**

**FAME**

ရန်ကုန်မြို့တွင်း
**အိမ်အရောက်** ပို့ပေးနေပါပြီ။

09-75 272 1908, 09-75 273 1908
09-95 426 1908, 09-95 427 1908




တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် -
TMR 009439 (1020)

**ကွာရှင်းပြီးကြောင်း အများသိစေရန်ကြေညာခြင်း**

[illegible]

မှ ယင်းချုပ်အရ -
**ဦး[illegible]** (B.Sc.H.G.P.C.B.L)
Higher Grade Pleader
(Lawyer Lc No.10147/1991)
**Al-Mezan (Law Firm)**
[illegible]
09 766 798 055

သစ် တော နဲ့ သစ် ပင် ချစ် ခင် တဲ့ လူ မျိုး သစ် ပင် ကို နှစ် စဉ် စိုက် ရှေ့ တိုက် ကို စိုး

# (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနား ကျင်းပ



နေပြည်တော် ဇန်နဝါရီ ၄

၂၀၂၂ ခုနှစ် (၇၃) နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် မြို့တော်ခန်းမရှေ့ ရင်ပြင်၌ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတို့က ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များနှင့်အညီ ကျင်းပသည်။

**အနှစ်သာရ ပြည့်ဝစွာ ကျင်းပ**

အခမ်းအနားကို ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး "စုပေါင်းအင်အား" ဖြင့် ကာကွယ်စောင့်ရှောက်ရေး၊ လူမှုဆက်ဆံရေး တရားမျှတမှု၊ စီးပွားရေးတရားမျှတမှု၊ နိုင်ငံရေးတရားမျှတမှု၊ အဆင့်အတန်းညီမျှမှု၊ အခွင့်အလမ်းညီမျှမှု၊ တရားဥပဒေရေးရာညီမျှမှုတို့ကို နိုင်ငံသားအားလုံး တန်းတူရည်တူ ရရှိခံစားရေး၊ စစ်မှန်သော ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုဖြစ်စေရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ရေး၊ ပြည်ထောင်စုကြီး ထာဝရတည်တံ့ရေးအတွက် ပြည်ထောင်စုစိတ်ဓာတ်မွေးမြူ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး၊ နိုင်ငံဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်၍ ပြည်သူတစ်ရပ်လုံး ကြုံတွေ့နေရသည့် စိန်ခေါ်မှုများကို အစိုးရ၊ ပြည်သူလူထုအားလုံးပါဝင်ပြီး စုပေါင်းအားဖြင့် ရင်ဆိုင်ကျော်လွှားရေးဟူသည့် (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များနှင့်အညီ အနှစ်သာရပြည့်ဝစွာ ကျင်းပခြင်းဖြစ်သည်။

**နိုင်ငံတော်အလံ လွှင့်တင်**

ရှေးဦးစွာ နံနက် ၄ နာရီ မိနစ် ၂၀ တွင် ၂၀၂၂ ခုနှစ် (၇၃) နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနားကို ကျင်းပရာ အလံတင်တပ်စုက တိုင်းရင်းသား၊ တိုင်းရင်းသူများခြံရံ၍ နိုင်ငံတော်အလံကို လွှင့်တင်သည်။ **စာမျက်နှာ ၆ ကော်လံ ၁ သို့ ❍**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှ (၇၃) နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားသို့ ပေးပို့သောသဝဏ်လွှာကို ဒုတိယသမ္မတ ဦးမြင့်ဆွေ ဖတ်ကြားစဉ်။




## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏ ၂၀၂၂ခုနှစ်၊ ဇန်နဝါရီလ (၄)ရက်နေ့တွင် အမိန့်ကြော်ငြာစာ အမှတ်(၁/၂၀၂၂)ဖြင့် "မုံရွာဆရာမိုးတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး ကုမ္ပဏီလီမိတက် KS DIAMOND (Diamonds & Jewellery)နှင့် ရွှေသု By KS DIAMOND ရတနာရွှေဆိုင်" တို့၏ Managing Director ဒေါ်မိုးပြည့်ပြည့်ဖြိုး အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ဖြစ်သည့် သီရိသုဓမ္မသိင်္ဂီဘွဲ့ကို ထိုက်ထိုက်တန်တန် ချီးမြှင့်အပ်နှင်းခံရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် မိသားစုနှင့်အတူတကွ အသက်ရှည်ကျန်းမာ ချမ်းသာစွာဖြင့် အမျိုးဘာသာ သာသနာအကျိုးကို ယခုထက်မက ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဖခင်ကြီး သီရိသုဓမ္မဇောတိကဓဇ မုံရွာဆရာမိုး
ချစ်ခင်ပွန်း ဗိုလ်မှူးကျော်ကိုကိုရှိန်း နှင့်
ချစ်သားများ- မောင်ကျော်ကိုကိုဆက်နိုင်၊ မောင်သုဝေယံရှိန်း၊ မောင်မိုးပြည့်စုံဟိန်း
Monywa Sayar Moe Co.,Ltd ၊ KS DIAMOND (Diamonds & Jewellery)
Shwe Thu By KS DIAMOND ရတနာရွှေဆိုင် ဝန်ထမ်းများ